# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၇ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၂၁ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၃၁)


# ဖလမ်းနှင့် ဟားခါး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှု



**နေပြည်တော် မေ ၂၀**

ချင်းပြည်နယ် ဖလမ်းမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ဒုတိယ ဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မေလ ၁၉ ရက်တွင် ဖလမ်းနှင့် ဟားခါးမြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

နံနက်ပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဖလမ်းမြို့ရှိ ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးဝါးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံဝန်ထမ်းအိမ်ရာ တည်ဆောက်မည့်နေရာ၊ သူနာပြုသင်တန်းကျောင်းခန်းမ တည်ဆောက်နေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား နိုင်ငံတော်မှ ထိရောက်ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ယခုကဲ့သို့ ဆေးရုံများအဆင့်မြှင့်တင်ပေးခြင်းနှင့် သူနာပြုသင်တန်းကျောင်းများဖွင့်လှစ်ခြင်းကို ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကို လေလွင့်မှုမရှိအောင် စနစ်တကျစီမံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဖလမ်းမြို့နယ် တလန်းဇာရ်ကျေးရွာအနီးရှိ လိုင်ဗားတမံ (အောက်တမံ) တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ ချင်းပြည်နယ် ဖလမ်းမြို့နယ် တလန်းဇာရ်ကျေးရွာအနီးရှိ လိုင်ဗားတမံ (အောက်တမံ) တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။**

သတင်းစဉ်

**“ဇိန်မှုတောင်ကလပ်တွင် သဘာဝအလျောက် တည်ရှိနေသော နတ်ရေကန်ဟု တင်စားခေါ်ဝေါ်သည့် ဒေသအခေါ်လိုင်သီလီ ရေကန်တည်ရှိသည်။ ဇိန်မှုတောင်ပေါ်ရှိ လိုင်သီလီရေကန်ကို ရာသီမပြတ် ရေသိုလှောင်နိုင်ရန်အတွက် မြေသားတမံနှင့် ရေပိုလွှဲများ တည်ဆောက်သွားမည့်အပြင် သဘာဝ ခရီးသွားနေရာများနှင့် အပန်းဖြေအနားယူဥယျာဉ်များကို မူလသဘာဝပတ်ဝန်းကျင် မပျက်စေဘဲ ထည့်သွင်းတည်ဆောက်သွားမည် ဖြစ်သည်။ ရေလှောင်တမံတည်ဆောက်ပြီးပါက ချင်းပြည်နယ် သာမက မြန်မာနိုင်ငံတွင် အမြင့်ပေ ၇၆၀၀ အထက်၌ တည်ရှိသော ပထမဆုံးသောရေကန်အဖြစ် မှတ်တမ်းတင်နိုင်မည်”**






# တောင်သူလယ်လုပ်တို့အတွက် အားအင်များ

၂၀၁၈ ခုနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတန်ဖိုးသည် ယမန်နှစ် ကာလတူထက် ပိုမိုခဲ့ကြောင်း ယာယီစာရင်းဇယားတစ်ရပ်ကို ထုတ်ပြန်လိုက်ရာ ဝမ်းမြောက်အားတက်ဖွယ်ဖြစ်ရသည်။ စာရင်းအရ ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၆၆ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၁၄ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၂၈၀ သန်းဖြစ်ပြီး ယမန်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ပိုခဲ့ခြင်းဖြစ်သည်။

ပြည်ပပို့ကုန်များအနေဖြင့် လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်း၊ အခြားပစ္စည်းများ ဟူ၍ အုပ်စုလိုက်ခွဲခြားထားရာ ပို့ကုန်တန်ဖိုးပမာဏ အများဆုံးသည် စက်မှုကုန်ချောပစ္စည်းဖြစ်ပြီး ဒုတိယအများဆုံးမှာ လယ်ယာထွက်ပစ္စည်းဖြစ်သည်ကို တွေ့ရသည်။ လယ်ယာထွက်ပစ္စည်းတင်ပို့မှု တန်ဖိုးသည် ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၃၀၈၀ ဒသမ ၅၃ သန်းရှိသည့်အနက် ဆန်တင်ပို့မှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း ၁၁၄၀ ရှိကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆန်တန်ချိန် ၃ ဒသမ ၅၈ သန်းကျော် ပြည်ပသို့ တင်ပို့နိုင်ခဲ့၍ နှစ်ပေါင်း ၇၃ နှစ်အတွင်း အများဆုံးစံချိန်တင် တင်ပို့နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း သတင်းများတွင် တွေ့ရှိခဲ့ရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ပြည်ပသို့ဆန်တင်ပို့မှုသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ထက် နှစ်ဆခန့်တိုးမြှင့် တင်ပို့ကာ စံချိန်တင်နိုင်ခဲ့သည့်တိုင်အောင် နွေစပါး၊ မိုးစပါး စိုက်ဧကအနေဖြင့်လည်းကောင်း၊ စပါးအထွက်တင်းပေါင်းအနေဖြင့်လည်းကောင်း ယခင်နှစ်ထက် အနည်းငယ်လျော့နည်းနေခဲ့သည်ကိုလည်း သတိပြုမိသည်။ မည်သို့ပင်ဆိုစေ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအဖြစ် တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲသို့ တိုးမြှင့်ထုတ်ပေးခြင်း၊ ယခုနှစ်တွင် စိုက်ပျိုးစရိတ်ထုတ်ချေးရာ၌ ဝိုင်းကြီးချုပ်စနစ်မဟုတ်တော့ဘဲ တောင်သူတစ်ဦးချင်းအလိုက် ထုတ်ချေးပေးသွားမည်ဖြစ်ခြင်း၊ စပါးပေါ်ချိန်တွင်လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တာဝန်ပေးချက်ဖြင့် ဆန်စပါးအသင်းချုပ်၏ ထိန်းချုပ်မှုနှင့် တောင်သူလယ်သမားများ၏ ဆန်စပါးအတွက် အခြေခံဈေးနှုန်း ညှိနှိုင်းသတ်မှတ်ပေးနိုင်ခြင်းစသည်တို့က လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသည့် တောင်သူလယ်သမားတို့အတွက် အလုပ်လုပ်ရန်အားများ၊ မျှော်လင့်ချက်ရောင်ခြည်များပင် ဖြစ်သည်။

တစ်ခေတ်တစ်ခါက မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ မစို့မပို့၊ စိုက်ပျိုးချိန်မမီ၊ စိုက်ပျိုးစရိတ်နှင့် စပါးပေါ်ချိန်မှာ ဖြစ်ပေါ်လာသည့် ပေါက်ဈေးတို့က ကွာဟ၊ အတိုးနှင့်ချေးယူထားရသည့်အကြွေးများအတွက် ရသည့်ဈေးနှုန်းဖြင့် စပါးရောင်းချကာ ပြန်ဆပ်၊ စိုက်ပျိုးရမည့်ရာသီသို့ ရောက်ပြန်သော် တစ်ဖန်ပြန်၍ ကြွေးယူကြရပြန်သည့် သံသရာကြောင့် လယ်ယာမြေလုပ်ငန်းကို စိတ်ကုန်ကာ လူငယ်မျိုးဆက်သစ်တို့ ကျေးလက်ကို စွန့်ခွာ၍ အိမ်နီးချင်းနိုင်ငံများဆီ ရရာအလုပ် လုပ်ရန် ထွက်သွားခဲ့ကြသည်။ လယ်မှလွဲ၍ ဘာမှမလုပ်တတ်သူတို့သာ လယ်ယာကို ဖက်တွယ်ရင်း ကျန်ရစ်ခဲ့ရသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ ထုတ်လုပ်လိုက်သည့် စပါးအပါအဝင် လယ်ယာထုတ်ကုန်ပစ္စည်းများ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ရောက်ရှိကာ မြေကြီးကရွှေသီးသည် ဆိုသည်မှာ အပြောသက်သက်သာမဟုတ်ဘဲ ကေန်စင်စစ် အမှန်ဖြစ်လာပါလျှင် တောင်သူလယ်လုပ်တို့ လယ်ယာကို တိုး၍ပင် ချစ်ခင်ကြလိမ့်မည်ဟု ရှုမြင်မိသည်။

ယခုအခါ ဒေသအနှံ့အပြားတွင် ထုတ်ချေးနေပြီဖြစ်သော မိုးရာသီစိုက်ပျိုးစရိတ်များသာမက တောင်သူတို့ မျှော်လင့်လေ့ရှိကြသည့် မဖောက်မပြန် ကောင်းမွန်သော ရာသီဥတု၊ စိုက်ချိန်အမီ ဆောင်ရွက်ပေးကာ ဈေးနှုန်းချိုသာသည့် လယ်ယာလုပ်သားများနှင့် လယ်ယာသုံး စက်ကိရိယာများ၊ မျိုးကောင်းမျိုးသန့်စပါး၊ အရည်အသွေးမှန်ကန်သည့် မြေဆီနှင့် လယ်ယာစိုက်ပျိုးရေးသုံး ဆေးဝါးများ စသည့်အကြောင်းအရာတို့ ကောင်းစွာ ပေါင်းဆုံစုစည်းကာ စိုက်ပျိုးရာသီအဆုံး၌ ရလဒ်ကောင်းများ ပေါ်ထွက်နိုင်ကြပါစေကြောင်း။ ။

## စာပေဗိမာန်ဆုရ အုပ်ချုပ်မှုနှင့် နိုင်ငံသားဖြစ်မှုစာအုပ်ဖြန့်ချိ ရောင်းချ

**ရန်ကုန် မေ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဘာသာပြန်စာပေ ပထမဆုရရှိသည့် တင်မောင်သန်း(ရွာမ)၏ "အုပ်ချုပ်မှုနှင့် နိုင်ငံသားဖြစ်မှု" စာအုပ်ကို ဖြန့်ချိ ရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကောင်းမွန်သောအုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရနှင့် နိုင်ငံသားတို့တာဝန်သည် ဒီမိုကရေစီဖွံ့ဖြိုးစနိုင်ငံများ၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေပုံကို ပြည့်စုံရှင်းလင်းစွာ ဘာသာပြန်ဆိုထားသည့်အပြင် နိုင်ငံတစ်နိုင်ငံတွင် အုပ်ချုပ်ရေးနှင့် ပြည်သူလူထု၊ ကောင်းမွန်သောအုပ်ချုပ်ရေးတို့၏ ခံယူချက်နှင့် နိုင်ငံသူနိုင်ငံသားတို့၏ တာဝန်ဝတ္တရားများကို အပိုင်းလေးပိုင်းဖြင့် ဘာသာပြန်ဆိုရေးထားသည့်အတွက် ဘာသာပြန်စာပေကို နှစ်သက်မြတ်နိုးသူများနှင့် ဒီမိုကရေစီ၏သဘောသဘာဝကို စိတ်ဝင်စားသည့်စာဖတ်ပရိသတ်များ ဖတ်ရှုသင့်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။

အဆိုပါ စာအုပ်ကို ငွေကျပ် ၁၀၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၃၄၁၄၆၈၀၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြားမန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း -၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။




**သတင်းစဉ်**

## ကုန်ကြမ်းဈေးတစ်ပိဿာလျှင် ကျပ် ၄၀၀၀ မြင့်တက်၍ မြိတ်ဒေသကဏန်းပျော့ မွေးမြူသူများ အခက်တွေ့

**မြိတ် မေ ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကဏန်းဈေးကွက်အတွင်းသို့ တရုတ်ဝယ်လက်များ မြိတ်ဒေသထွက်ကဏန်းများကို ဈေးနှုန်းပိုပေးပြီး ဝယ်ယူနေသောကြောင့် ဒေသခံကဏန်းအရေပျော့မွေးမြူသူများ ကဏန်းကုန်ကြမ်းဈေးနှုန်း အဆမတန်ကြီးမြင့်လာပြီး တွက်ခြေမကိုက်ဘဲဖြစ်လာ၍ လုပ်ငန်းရေရှည်ရပ်တည်ရန် အခက်အခဲတွေ့လာနေကြောင်း ကဏန်းပျော့မွေးမြူရေးလုပ်ကိုင်နေသူထံမှ သိရသည်။

ယခင်က ကဏန်းကုန်ကြမ်းဈေးတစ်ပိဿာကို ငွေကျပ် ၆၀၀၀ နှင့် ၇၀၀၀ ကြားသာရှိပြီး ဒေသတွင်းအဝယ်ဒိုင်များနှင့် လာရောက်ရောင်းချသူများ ဈေးညှိနှိုင်းဝယ်ယူ၍ အဆင်ပြေနေသော်လည်း တရုတ်ဝယ်လက်များက ကဏန်းဆိုက်စုံကို ဈေးအဆမတန်ပေးဝယ်နေသောကြောင့် ၂၀၁၇ ခုနှစ် ဧပြီလခန့်ကစပြီး ကဏန်းကုန်ကြမ်းဈေး တစ်ပိဿာ ငွေကျပ် ၁၁၀၀၀ မှ ၁၂၀၀၀ ကျော်အထိ ဈေးပေးဝယ်ယူရကြောင်း၊ အရေလဲပြီး ကဏန်းပျော့များကို ပြည်တွင်း၊ ပြည်ပသို့ ရောင်းချလျက်ရှိပြီး မြိတ်ကျွန်းစုအတွင်းရှိ စားသောက်ဆိုင်များနှင့်ဒေသခံများကို တစ်ကီလိုလျှင် ငွေကျပ် ၁၅၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိကာ အလုပ်သမားခ၊ အစာစရိတ်နှုတ်လိုက်ပါက အမြတ်နည်းလာသောကြောင့် ကဏန်းပျော့မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသူများအနေဖြင့် ရေရှည်ရပ်တည်ရန် အခက်အခဲများရှိနေကြောင်း သိရသည်။

ကျွန်းစုမြို့နယ် ပထက်ကျွန်းပေါ်တွင် ပြည့်ဖြိုးထွန်းကုမ္ပဏီမှ ကဏန်း



ပျော့မွေးမြူရေးလုပ်ငန်း မန်နေဂျာ ဦးမြတ်နိုးက "ကဏန်းမွေးမြူရေးကို ၂၀၀၄ ခုနှစ်က စတင်ပြီး လုပ်ကိုင်လာတာ အခုဆိုရင် ၁၄ နှစ်ရှိပြီဖြစ်တယ်၊ စမွေးတဲ့အချိန်က ကဏန်းကန် ငါးကန်နဲ့စပြီး မွေးလာတယ်၊ နှစ်အလိုက်တိုးချဲ့မွေးမြူလာတာ ၂၀၁၇ ခုနှစ် အထိ ကန် ၁၈ ကန်အထိ မွေးမြူလာနိုင်တယ်၊ ၂၀၁၇ ခုနှစ် ဧပြီလနောက်ပိုင်းမှာ ကဏန်းကုန်ကြမ်းဈေးနှုန်း တအားမြင့်တက်လာတာကြောင့် ကန်ကိုပြန်လျှော့လိုက်ရတယ်၊ အခုဆိုရင် ၁၁ ကန်ပဲမွေးမြူတော့တယ်၊ နောက်တစ်ချက်က ကျွန်တော်တို့ မွေးမြူ တဲ့သူအများစုမှာ ဂရမ် ၈၀ နဲ့ ၁၅၀ ကြား ဆိုက်ကိုပဲ ဝယ်ယူမွေးမြူကြတဲ့အတွက် ရောင်းသူတွေကလည်း ဈေးပိုပေးပြီး ဆိုက်စုံဝယ်ယူတဲ့သူတွေဆီပဲ ရောင်းချင်ကြတယ်၊ ဒါကတော့ ဘယ်သူမဆို ဈေးပိုပေးတဲ့သူဆီပဲ ရောင်းမှာပဲလေ၊ ဒါပေမယ့် ကျွန်တော်တို့ကတော့ အတတ်နိုင်ဆုံး ထိန်းပြီး မွေးမြူနေတယ်၊ ကျွန်တော်တို့ မွေးမြူထားတဲ့ ကန်တွေမှာဆိုရင် တစ်ကန်မှာ ၇၂ဖောင်ရှိတယ်၊ တစ်ဖောင် မှာကဏန်းကောင်ရေ ၆၃၀ ရှိပြီး ကန်အနေအထားပေါ်မူတည်၍တစ်ကန်မှာကဏန်းကောင်ရေ ၄၅၀၀၀ မှ ၅၀၀၀၀ အထိမွေးမြူထားတယ်၊ ကဏန်းမွေးတာ စရိတ်စကများတာကြောင့် အခုလို ဈေးနှုန်းမြင့်တက်နေဦးမယ်ဆိုရင် ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းပြောင်းလုပ်ဖို့ စီစဉ် ထားတာရှိပါတယ်၊ ယခုလက်ရှိမှာလည်း ပုစွန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ဖို့ စမ်းသပ်ထားတာရှိပါတယ်"ဟု ပြောသည်။

အဆိုပါကဏန်းမွေးမြူရေးလုပ်ငန်းများကို မြိတ်ခရိုင်အတွင်း၌ လုပ်ကိုင်နေသော ကုမ္ပဏီသုံးခုရှိပြီး ကျွန်းစုမြို့နယ် မအိုင်ကျေးရွာ ပထက်ကျွန်း၌ တစ်ခု၊ မြိတ်တောင်ကျေးရွာအုပ်စုတွင် တစ်ခုနှင့် စန္ဒဝတ်ကျေးရွာအုပ်စု ကွဲကူးကျေးရွာတွင် တစ်ခုတို့ဖြစ်ပြီး ကဏန်းပျော့မွေးမြူရေးလုပ်ငန်းများသည် ဒေသတွင်းဝန်ထမ်းလုပ်သားများအတွက် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ နိုင်ငံခြားငွေကြေးများလည်း ရရှိသော လုပ်ငန်းဖြစ်ပြီး ယခုထက်ကဏန်းကုန်ကြမ်း ဈေးနှုန်းများ ဆက်လက်မြင့်တက်နေဦးမည်ဆိုပါက ကဏန်းပျော့မွေးမြူရေးလုပ်ငန်းရှင်များ လုပ်ငန်းရေရှည်ရပ်တည်နိုင်ရန် အခက်အခဲတွေ့လာနေကြောင်း သိရသည်။

**စန်းထူး(မြိတ်ကိုယ်ပွား)**

## သတင်းမီဒီယာဆင့်ပွားသင်တန်းဖွင့်

**မန္တလေး မေ ၂၀**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၌ သတင်းမီဒီယာဆင့်ပွားသင်တန်းအမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၉ ရက်က ပြုလုပ်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ ပါ ဦးစားပေးအဆင့်နှင့် ရည်မှန်းချက်များကို သိရှိနားလည်ပြီး သတင်းမီဒီယာသမားများနှင့် ဆက်ဆံရာတွင်လည်းကောင်း၊ ပြည်သူများသို့ တရားရုံးနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ ဖြန့်ဝေရာတွင်လည်းကောင်း ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ၊ ရှောင်ကြဉ်ရမည့်အချက်များကို သိရှိနားလည်ကာ အများပြည်သူသို့ တရားရုံးမှ တိကျမှန်ကန်သောသတင်းအချက်အလက်များ ထုတ်ပြန်နိုင်ရေး၊ တရားစီရင်ရေးကဏ္ဍနှင့် သတင်းမီဒီယာဆက်ဆံရေးကျွမ်းကျင်မှု တိုးတက်လာစေရန်အတွက် ဆောင်ရွက်သွားကြရန် သင်တန်းအတွေ့အကြုံများကို လက်တွေ့နယ်ပယ်တွင်ပါ ကောင်းမွန်စွာ ထိထိရောက်ရောက် ဆောင်ရွက်သွားရန် မှာကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ခင်ခင်ချိုနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်တရားရေးအရာရှိများ တက်ရောက်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သတင်းမီဒီယာကျွမ်းကျင်နည်းပြအဆင့် သင်တန်း တက်ရောက်ခဲ့သော တရားရေးအရာရှိ သုံးဦးက ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော တရားရေးအရာရှိနှင့် တရားသူကြီးများ စုစုပေါင်း ၁၇၂ ဦးကို သင်တန်း ဖွင့်လှစ်ပို့ချနိုင်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် တံခွန်တိုင် ထိမ်ထိုရွာဘုန်းကြီးကျောင်း၌ တံခွန်တိုင်စခန်းမှူး ရဲအုပ်အောင်ဝင်းထိုက် မေ ၁၉ ရက်က ဒေသခံများအား မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ သက်ငယ်မုဒိမ်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလုပ်ငန်းများကို ပြည်သူတိုင်းသိရှိနားလည်စေရန်အတွက် အသိပညာ ပေးဟောပြောစဉ်။ ၁၃၈

## ဓနုဖြူ၌ မြေဆီလွှာ ဓာတ်ခွဲစမ်းသပ်သည့် မှတ်တမ်းများပေးအပ်

**ဓနုဖြူ မေ ၂၀**

ဓနုဖြူမြို့နယ်အတွင်းမှ တောင်သူများ၏ လယ်ယာမြေများတွင် မြေဆီလွှာအာဟာရဓာတ်ခွဲစမ်းသပ်ခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပြီးနောက် စမ်းသပ်ချက်မှတ်တမ်းများ ပေးအပ်ပွဲကို နန်းတော်ကုန်းကျေးရွာရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြစိုက်ခင်း စိုက်ပျိုးရေးပညာပေးစခန်း၌ မေ ၁၅ ရက်က ကျင်းပခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးချစ်ဝင်းနိုင်က မြေဆီလွှာ ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် တောင်သူများအနေဖြင့် မိမိတို့လယ်ယာမြေ၏ လိုအပ်သည့် အာဟာရဓာတ်များကို သိရှိနိုင်ပြီး လိုအပ်သည့်ပမာဏကိုသာ ဖြည့်သွင်းခြင်းဖြင့် ဓာတ်မြေသြဇာကို လျှော့ချအသုံးပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး တောင်သူများထံသို့ မြေဆီလွှာအာဟာရဓာတ် ဓာတ်ခွဲစမ်းသပ်သည့် မှတ်တမ်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဗထူး**

# နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

ကျွန်တော်တို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလယ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

ကျွန်မတို့အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖလမ်းမြို့ ခုတင် ၂၀၀ ဆံ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသူ ဒေသခံတစ်ဦးအား အားပေးစကားပြောကြားစဉ်။ သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လိုင်ဗားရေလှောင်တမံ ရှင်းလင်းဆောင်သို့ရောက်ရှိရာ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးခင်ဇော်က ဖလမ်းမြို့ ရေပေးဝေနိုင်ရေးအတွက် လိုင်ဗားတမံ (အောက်တမံ) စီမံကိန်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက စီမံကိန်းလုပ်ငန်းများကို စနစ်တကျ သေချာတိုင်းတာစစ်ဆေးသွားရန် လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်၏ ဘဏ္ဍာငွေကို လေလွင့်မှု မရှိဘဲ ဒေသခံပြည်သူများအား တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရေသိုလှောင်နိုင်မည့်နေရာ တွေ့ရှိ**

ဖလမ်းမြို့ ရေပေးဝေနိုင်ရေးအတွက် လိုင်ဗားတမံ (အောက်တမံ) တည်ဆောက်ရေးအတွက် စူးစမ်းလေ့လာခဲ့ရာ လက်ရှိ လိုင်ဗားရေလှောင်တမံ၏အောက်ဘက် ၁ ဒသမ ၅ မိုင်အကွာနေရာ၌ ရေဆင်းဧရိယာ ၂ ဒသမ ၅ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ၄၈၂၀ ဧကပေ စီးဝင်နိုင်ပြီး ရေဂါလန် ၁၆၂ သန်းမှ ၂၁၆ သန်းအထိ သိုလှောင်နိုင်မည့်နေရာကို ရှာဖွေတွေ့ရှိခဲ့သည်။

**အလုပ်အကိုင်အခွင့်အလမ်းသစ်များပေါ်ထွန်း**

ယင်းသိုလှောင်ပမာဏသည် ဖလမ်းမြို့နယ်အတွင်းရှိ ပြည်သူနှစ်သောင်းခွဲကျော် နေ့စဉ်လိုအပ်လျက်ရှိသည့် ရေဂါလန် ၃ သိန်းမှ ၈ သိန်း လိုအပ်ချက်ကို လုံလောက်စွာ ဖြန့်ဝေပေးနိုင်မည့်အပြင် တမံအနီးတွင် ချင်းပြည်နယ်၏ အထင်ကရ ဇိန်မူတောင် တည်ရှိသဖြင့် သဘာဝပတ်ဝန်းကျင် အခြေပြု ခရီးသွားလာမှု တိုးတက်လာနိုင်ခြင်း၊ အပန်းဖြေစခန်းများ၊ အရောင်းဆိုင်များ တည်ဆောက်၍ ဒေသထွက်ရိုးရာပစ္စည်းများနှင့် အစားအစာများ ထုတ်လုပ်ရောင်းချနိုင်သည့်အတွက် ဒေသနေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ဇိန်မူတောင်အမျိုးသားဥယျာဉ် ဖွဲ့စည်းသတ်မှတ်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဇိန်မူတောင်ပေါ်သို့ရောက်ရှိလေ့လာပြီး သဘာဝခရီးသွားလုပ်ငန်းနှင့် အပန်းဖြေဥယျာဉ် တည်ဆောက်သွားနိုင်ရေးနှင့် ဇိန်မူတောင်ပေါ်ရှိ လိုင်သီလီရေကန်အား ရာသီမပြတ်ရေသိုလှောင်နိုင်ရန် မြေသားတမံနှင့် ရေပိုလွှဲများ တည်ဆောက်နိုင်ရေးတို့အတွက် ကွင်းဆင်းစစ်ဆေး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မှာကြားသည်။

**ပထမဆုံးသောရေကန်အဖြစ်မှတ်တမ်းဝင်**

ဇိန်မူတောင် အမျိုးသားဥယျာဉ်သည် ချင်းပြည်နယ် ဟားခါးခရိုင် ဟားခါးမြို့နယ်၊ ထန်တလန်မြို့နယ်နှင့် ဖလမ်းခရိုင် ဖလမ်းမြို့နယ်တို့ဆုံရာ ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၈၆၀၀ ခန့်တွင် တည်ရှိသည်။ ချင်းပြည်နယ်၏ တတိယအမြင့်ဆုံးတောင်ဖြစ်၍ ရာသီဥတုသာယာချိန်တွင် ချင်းပြည်နယ်မြောက်ပိုင်းတစ်ခွင်ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ကိုလည်းကောင်း မြင်တွေ့နိုင်ကြောင်း သိရသည်။ ဇိန်မူတောင်ကလပ်တွင် သဘာဝအလျောက်တည်ရှိနေသော နတ်ရေကန်ဟု တင်စားခေါ်ဝေါ်သည့် ဒေသအခေါ် လိုင်သီလီရေကန်တည်ရှိသည်။ ဇိန်မူတောင်ပေါ်ရှိ လိုင်သီလီရေကန်ကို ရာသီမပြတ်ရေသိုလှောင်နိုင်ရန်အတွက် မြေသားတမံနှင့် ရေပိုလွှဲများ တည်ဆောက်သွားမည့်အပြင် သဘာဝခရီးသွားနေရာများနှင့် အပန်းဖြေအနားယူဥယျာဉ်များကို မူလသဘာဝပတ်ဝန်းကျင်မပျက်စေဘဲ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည်။ ရေလှောင်တမံတည်ဆောက်ပြီးပါက ချင်းပြည်နယ်သာမက မြန်မာနိုင်ငံတွင် အမြင့်ပေ ၇၆၀၀ အထက်၌တည်ရှိသော ပထမဆုံးသော ရေကန်အဖြစ် မှတ်တမ်းတင်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**သဘာဝထိန်းသိမ်းရေးနယ်မြေများ**

ချင်းပြည်နယ်အတွင်း သစ်တောဦးစီးဌာနအနေဖြင့် ဟားခါးခရိုင် ထန်တလန်မြို့နယ်၌ ကျီရီးယန်းတောင် အမျိုးသားဥယျာဉ် ဧရိယာစတုရန်းမိုင် ၁၃ ဒသမ ၁၀ ကေနှင့် ဗွေပါးတောင် အမျိုးသားဥယျာဉ် ဧရိယာစတုရန်းမိုင် ၆၈ ဒသမ ၀၂ ကေ၊ ဟားခါးမြို့နယ်ရှိ ဇိန်မူတောင်အမျိုးသားဥယျာဉ် ဧရိယာစတုရန်းမိုင် ၃၁ ဒသမ ၁၅ ကေ၊ ထန်တလန်မြို့နယ်ရှိ မီအေပီတောင် အမျိုးသားဥယျာဉ် ဧရိယာစတုရန်းမိုင် ၁၉ ဒသမ ၃၀ ကေ၊ ဟားခါးမြို့နယ်ရှိ မူန်တောင် သဘာဝထိန်းသိမ်းရေးနယ်မြေ ဧရိယာစတုရန်းမိုင် ၂ ဒသမ ၂၀ ကေ၊ ထန်တလန်မြို့နယ်ရှိ စာမွှန်းတောင် အမျိုးသားဥယျာဉ် ဧရိယာစတုရန်းမိုင် ၄၄ ဒသမ ၃၀ ကေနှင့် ဖလမ်းခရိုင် တီးတိန်မြို့နယ်ရှိ လေသာတောင် အမျိုးသားဥယျာဉ် ဧရိယာစတုရန်းမိုင် ၃၆ ဒသမ ၆၆ ကေ တို့ကို သဘာဝထိန်းသိမ်းရေး နယ်မြေများအဖြစ် ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဟားခါးမြို့ ဟားခါးပညာရေးကောလိပ် တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၉)မှ အင်ဂျင်နီယာချုပ် ဦးခင်မောင်ဆွေနှင့် တာဝန်ရှိသူများက ကျောင်းဆောင်များ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများ၊ သင်တန်းများ ဖွင့်လှစ်နေမှုနှင့် သင်ကြားရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ဟားခါးမြို့သားဖွားသင်တန်းကျောင်းဆောက်လုပ်မည့်အဆောက်အအုံပုံစံကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

တင်ပြချက်များအပေါ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပေါင်းစပ်ညှိနှိုင်းပေးပြီး ဟားခါးပညာရေးကောလိပ် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်နှင့် ဟားခါးမြို့ သားဖွားသင်တန်းကျောင်းတည်ဆောက်မည့်နေရာတို့ကို လှည့်လည်ကြည့်ရှုသည်။

ထို့မှတစ်ဆင့် ဟားခါးမြို့ ဟားခါးထာရ်အပိုင်း(၁)တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ရန်ပုံငွေဖြင့် လူဦးရေ ၆၅၀ ကျော် ခိုလှုံနိုင်မည့် သဘာဝဘေးဒဏ်ခံ ဘက်စုံသုံးအဆောက်အအုံ တည်ဆောက်နေမှုနှင့် ပြည်သူ့ကျန်းမာရေး ခရိုင်ဦးစီးမှူးရုံး RC လေးထပ် တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

**အလေးထားဆောင်ရွက်**

ထိုသို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ဒုတိယသမ္မတက ယခုကဲ့သို့ နိုင်ငံတော်မှ ဘဏ္ဍာငွေအကုန်အကျခံ၍ ဒေသခံပြည်သူများအတွက် ဆောင်ရွက်ပေးနေခြင်းကို ထိထိရောက်ရောက်နှင့် အကျိုးရှိအောင် စနစ်တကျအသုံးပြုသွားရမည်ဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စီမံကိန်းနယ်မြေအတွင်း၌ မူလရှိသည့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိအောင် အလေးထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း မှာကြားသည်။

ထို့နောက် ဟားခါးမြို့သစ်ရပ်ကွက်၌ မြေထိန်းနံရံများအား ဗတီဘာမြက်မျိုး စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

မွန်းလွဲပိုင်းတွင် ဟားခါးမြို့မြို့သစ်ရပ်ကွက်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ဟားခါး) တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ အားကစားနှင့် ကာယပညာသိပ္ပံ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက မြေနေရာရရှိမှု၊ ကျောင်းအဆောက်အအုံများနှင့် လေ့ကျင့်ရေးဆိုင်ရာ အားကစားကွင်း/အားကစားရုံများ၊ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်သွားမည့် အစီအစဉ်၊ သင်ကြားပေးမည့် အားကစားနည်းများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက စီမံကိန်းလုပ်ငန်းများကို သတ်မှတ်အချိန်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် သင်တန်းကျောင်းသို့ ဆက်သွယ်သည့်လမ်းအား ကောင်းမွန်အောင်ဆောင်ရွက်ရန် ပြောကြားသည်။

အားကစားနှင့် ကာယပညာသိပ္ပံများကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ လွိုင်ကော်နှင့် မုံရွာတို့တွင် ဖွင့်လှစ်ခဲ့ပြီး ယခုအခါချင်းပြည်နယ်အတွင်းမှ အလားအလာရှိသော အားကစားသမားများကို ဖော်ထုတ်ရွေးချယ်၍ ခေတ်မီအားကစားနည်းစနစ်များကို သင်ကြားလေ့ကျင့်ပေးပြီး မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်နိုင်ရန်အတွက် ဟားခါးမြို့ အားကစားနှင့် ကာယပညာသိပ္ပံ(ဟားခါး)ကို တည်ဆောက်ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဆက်လက်၍ ဟားခါးမြို့ မြို့ဟောင်းနှင့် ဈေးဟောင်းရပ်ကွက်အကြား သဘာဝဘေးကာကွယ်ရေးအတွက် နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေဖြင့် ဟောက်ဆန်းဗားချောင်းအားကွန်ကရစ်မြေထိန်းရေမြောင်း သွယ်တန်းဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ယင်းနောက် ဒုတိယသမ္မတသည် ဟားခါးမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးဝါးကုသမှု ခံယူနေသည့် ဒေသခံပြည်သူများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆက်လက်၍ ဆေးရုံကြီးအတွင်း၌ ခုတင် ၅၀၀ ဆံ့ ဆေးရုံအဖြစ်ရည်မှန်းပြီး တည်ဆောက်နေသည့် လူနာဆောင်များနှင့် ဝန်ထမ်းအိမ်ရာ လျာထားနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်မည့်လုပ်ငန်းများအတွက် မြေနေရာလုံလောက်မှု ရှိ၊ မရှိကိုလည်း စိစစ်ဆောင်ရွက်သွားရန် မှာကြားသည်။ ထို့နောက် ချင်းပြည်နယ်လွှတ်တော်ရုံး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**၉၀ ရာခိုင်နှုန်းခန့် ပြီးစီး**

ချင်းပြည်နယ် လွှတ်တော်ရုံးကို နိုင်ငံတော်မှ ခွဲဝေရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်**

ယင်းနောက် ဟားခါးမြို့ မြို့သစ်ရပ်ကွက်ရှိ ဟားခါးကောလိပ်သို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၉)မှ အင်ဂျင်နီယာချုပ် ဦးခင်မောင်ဆွေနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာအေးအေးငွန်တို့က ကျောင်းဆောင်သစ်များ တိုးချဲ့တည်ဆောက်နေမှု၊ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စာသင်နှစ်အလိုက် သင်ကြားပို့ချနေမှု၊ နည်းပညာတက္ကသိုလ်တည်ဆောက်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**




**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ချင်းပြည်နယ် လွှတ်တော်ရုံး တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။** သတင်းစဉ်

## နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးမြင့်ဝင်းနှင့်အဖွဲ့ ရုရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၂၀**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးမြင့်ဝင်းနှင့် အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ မေ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာ ဥပဒေဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့မှ ရန်ကုန်မြို့သို့ ယနေ့ ညနေ ၅ နာရီ ၂၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လယ်ယာသုံးစက်ကိရိယာများ ကျွမ်းကျင်စွာမောင်းနှင်နိုင်ရေး ဆောင်ရွက်

**သဲကုန်း မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် အင်းမမြို့ ချမ်းမြေ့ငါးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းလီမိတက် အစည်းအဝေးခန်းမ၌ ကျင်းပသော လယ်ယာသုံးစက်ကိရိယာများ ကျွမ်းကျင်စွာမောင်းနှင်နိုင်ရေးနှင့် စက်ပြုပြင်နိုင်ရေးသင်တန်းကို မေ ၁၇ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ မြို့နယ် ၁၄ မြို့နယ်မှ သင်တန်းသား ၅၃ ဦး တက်ရောက်ခဲ့ပြီး လယ်ယာသုံးစက်ကိရိယာမောင်းနှင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့စက်နှင့် သက်ဆိုင်သော စက်ပိုင်းဆိုင်ရာများကို တတ်မြောက်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က အမှာစကားပြောကြားကာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်ချစ်ဆွေက ရှင်းလင်းပြီး သင်တန်းကာလမှာ မေ ၁၅ ရက်မှ ၂၀ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် မေ ၂၀**

မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ H.E. Mr. Wang Zhengwei ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၅ နာရီ မိနစ် ၂၀ တွင် နေပြည်တော်သို့ ရောက်ရှိရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။ **(အပေါ်ပုံ)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ H.E. Mr. Wang Zhengwei နှင့် အဖွဲ့အား အမျိုးသားလွှတ်တော် မြန်မာ-တရုတ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းက ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

**နေပြည်တော် မေ ၂၀**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

# ဘက်စုံထူးချွန်မောင်မယ်များ စဉ်ဆက်မပြတ်မွေးထုတ်နိုင်ရေးကို အမျိုးသားရေးကဏ္ဍတစ်ရပ်အဖြစ် ဦးစားပေးတည်ဆောက်နေ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၂၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**လက်ဆင့်ကမ်းအမွေပေးသွားမည်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးသည် လူငယ်လူရွယ်များကို ပြုစုပျိုးထောင်ပေးရာတွင် အနာဂတ် နိုင်ငံတော်အတွက် တွေ့ကြုံလာနိုင်သည့် စိန်ခေါ်မှုအရပ်အရပ်ကို ဖြေရှင်းအောင်မြင်မည့် လူသားစွမ်းရည်ထက်မြက်ပြည့်ဝသူများအဖြစ် ပြုစုပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့်လည်း မောင်မယ်တို့ကဲ့သို့ အမျိုးသားရေးစိတ်ဓာတ် အခြေခံကောင်းများရှိသည့် ဘက်စုံထူးချွန်မောင်မယ်များ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေးကို အမျိုးသားရေးကဏ္ဍတစ်ရပ်အဖြစ် ဦးစားပေးတည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ယနေ့အချိန်တွင် မောင်မယ်တို့ကဲ့သို့ အနာဂတ်တွင် တိုင်းပြည်တာဝန်ယူကြရမည့် လူငယ်များ၏ လက်ထဲသို့ နိုင်ငံ့တာဝန်များ လွှဲပြောင်းပေးကြရသည့်အခါ အနာဂတ်နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် အမျိုးသားရေးသွေးစည်းညီညွတ်မှု ခိုင်ခိုင်မာမာရှိသည့် လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးနေသည့် လူ့အဖွဲ့အစည်းတစ်ရပ်အား ထုဆစ်ပုံဖော်ပေးနိုင်ရမည်ဆိုသည့် အသိတရားကို လူငယ်လူရွယ်များ၏ နှလုံးသားထဲထိ ရောက်အောင် လက်ဆင့်ကမ်းအမွေပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကျေးဇူးတင်စကားပြောကြား**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး လူငယ်မောင်မယ်များက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂါရဝပြုလက်ဆောင်ပစ္စည်းများပြန်လည်ပေးအပ်သည်။ ထို့နောက် ရေကြောင်းလူငယ်သင်တန်းမှ မခင်စံပယ်အောင်နှင့် လေကြောင်းလူငယ်သင်တန်းမှ မပြည့်ပြည့်ဖြိုးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**လှည့်လည်ကြည့်ရှုလေ့လာ**

ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များသည် ဂုဏ်ပြုတွေ့ဆုံပွဲ အခမ်းအနားသို့ မတက်ရောက်မီ ဇေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် လက်နက်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တွင် ဝတ်ဆင်အသုံးပြုနေသည့် ဝတ်စုံအမျိုးမျိုး၊ မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများ၊ တပ်မတော်(ရေ)မှ ထုတ်လုပ်သည့် ရေယာဉ်များ၏ ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုနေသည့် လေယာဉ်နှင့် ရဟတ်ယာဉ်များ၏ပုံစံငယ်များ၊ လေသူရဲများ၏ ဝတ်စုံများနှင့် အသုံးအဆောင်ပစ္စည်းများ၊ Simulator ဖြင့် လေယာဉ်ပျံသန်းမှု သရုပ်ပြကွက်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းပြသခဲ့ကြသည်။

ယင်းနောက် ညနေပိုင်းတွင် ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များသည် နေပြည်တော်ရှိ စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြကွက်များအား ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

**လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ခဲ့**

ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၁၈)နှင့် လေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၁၈)တို့ကို ရေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းဌာနချုပ်များတွင် ၂၀၁၈ ခုနှစ် ဧပြီ ၂၃ ရက်မှ မေ ၁၈ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းကာလ နောက်ဆုံးအပတ်တွင် သင်တန်းစခန်းများပေါင်းဆုံ၍ စခန်းပေါင်းစုံပြိုင်ပွဲများ ပြုလုပ်ခြင်း၊ လေ့လာရေးခရီးသွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းများကို ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အခြေခံသင်တန်းတက်ပြီးသော လူငယ်များအတွက် တန်းမြင့်သင်တန်းများကို ဖွင့်လှစ်ခဲ့ကြောင်း၊ စတင်ဖွင့်လှစ်ချိန်မှ ယနေ့အထိ ရေကြောင်းလူငယ်အခြေခံအဆင့် တက်ရောက်အောင်မြင်ပြီးသူ ၁၄၄၄ ဦးနှင့် တန်းမြင့်အဆင့် တက်ရောက်ပြီးသူ ၅၂၆ ဦး စုစုပေါင်း ၁၉၇၀ ရှိပြီး လေကြောင်းလူငယ်အခြေခံအဆင့် တက်ရောက်အောင်မြင်ပြီးသူ ၂၀၃၆ ဦးနှင့် တန်းမြင့်အဆင့် တက်ရောက်ပြီးသူ ၁၆၀ စုစုပေါင်း ၂၁၉၆ ဦးတို့ကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထားဝယ်ခရိုင် လူထုအခြေပြုဗဟိုဌာန အဆင့်မြှင့်တင်ဆောင်ရွက်ထားမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကြည့်ရှုစစ်ဆေး



**ထားဝယ် မေ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ထားဝယ်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိပြီး ထားဝယ်ခရိုင်နှင့် သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်တို့ကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာန (Community Centre) အဖြစ် အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှုနှင့် ဖွင့်ပွဲအခမ်းအနားကျင်းပရန် ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို မေးမြန်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက စာကြည့်တိုက်သို့ လာရောက်ကြသည့် ကလေးငယ်များအား ပုံပြင်စာအုပ်များနှင့် ကစားစရာအရုပ်များ ပေးအပ်ခဲ့ကြသည်။

**ခိုင်ထူး(ပြန်/ဆက် )**

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်တို့ကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာန (Community Centre) အဖြစ် အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှုနှင့် ဖွင့်ပွဲအခမ်းအနားကျင်းပရန် ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။**

# မော်လမြိုင်ကျွန်းတွင် သွားနှင့်ခံတွင်း စတုတ္ထအကြိမ် အခမဲ့ကွင်းဆင်းကုသ

**မော်လမြိုင်ကျွန်း မေ ၂၀**

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း (ပြည်သူ့သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့)မှ မော်လမြိုင်ကျွန်း မြို့နယ်အတွင်း ကွင်းဆင်းကုသရေး ခရီးစဉ်အဖြစ် သွားနှင့်ခံတွင်း ကျန်းမာရေးအသိပညာပေး ဟောပြောပွဲနှင့် သွားနှင့်ခံတွင်း ကျန်းမာရေးအခမဲ့ ဆေးကုသပွဲကို မေ ၁၉ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံစာသင်တိုက် သုံးထပ်ဆောင်အောက်ထပ်ခန်းမ၌ ကျင်းပသည်။

ယင်းသွားနှင့်ခံတွင်း အသိပညာပေး ဟောပြောပွဲတွင် မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်ဇော်၊ ဒေါက်တာဌေးကွန်း၊ ဒေါက်တာနေဦးနှင့် ဒေါက်တာသီဟဇော်တို့က သွားနှင့်ခံတွင်း ကျန်းမာရေး သိကောင်းစရာများကို အပိုင်းကဏ္ဍအလိုက် သရုပ်ဖော်ပုံများဖြင့် အသိပညာပေးဟောပြောကြရာ မော်လမြိုင်ကျွန်းမြို့နယ် ဒေသခံပြည်သူ ၂၅၀ ကျော်တို့ စိတ်ဝင်စားစွာ တက်ရောက်နားထောင်ကြသည်။

ထို့နောက် မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူများအား သွားနှင့်ခံတွင်း ကျန်းမာရေးအခမဲ့ဆေးကုသမှုကို ပစ္ဆိမာရုံစာသင်တိုက် သုံးထပ်ကျောင်းဆောင်အရှေ့ဘက် ခန်းမ၌ ဆေးကုသဆောင်ရွက်ကြရာ အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်ဇော်၊ ဒေါက်တာဌေးကွန်းနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များ၊ ဆေးသူနာပြုဝန်ထမ်းများ စုစုပေါင်း ၁၈ ဦးတို့က မြို့နယ်အတွင်းရှိ သွားနှင့်ခံတွင်း လူနာ ၂၂၅ ဦးတို့အား သွားနုတ်ခြင်း၊ သွားဖာခြင်း၊ သွားသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် အခြား သွားရောဂါများကို အခမဲ့စမ်းသပ်စစ်ဆေးကုသပေးကြရာ အာရောဂျလူမှုကူညီရေးအသင်းနှင့် သီတဂူ လှဆန်းယဉ် မျက်စိအခမဲ့ကုသရေးအဖွဲ့တို့က သွားနှင့်ခံတွင်း လူနာများ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီစီစဉ်ဆောင်ရွက်ပေးကြသည်။

**မော်ကျွန်း-မြင့်အောင်**



# အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး၏ တရားမျှတမှု တံလျှပ် (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး

**လေဟုန်သစ်**

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) ရဲ့ ရှေ့နေချုပ် ဖာတူဘင်ဆူဒါ (Fatou Bensouda) က အစဉ်အလာ မဟုတ်တဲ့ လုပ်ရပ်တစ်ခုကို လုပ်ခဲ့ပါတယ်။ အဲဒီ အစဉ်အလာ မရှိတဲ့ လုပ်ရပ်ဆိုတာက ရခိုင်ပြည်နယ်အရေးကိစ္စနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးမှာ စစ်ဆေးခွင့်ပြုဖို့ လျှောက်ထားခဲ့လို့ပါ။ ပြောရရင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးရဲ့ ရှေ့နေချုပ်ဆိုတာက လုပ်ပိုင်ခွင့်အာဏာ ကျယ်ကျယ်ပြန့်ပြန့်ရထားတာပါ။ လုပ်ပိုင်ခွင့်အာဏာ ကျယ်ကျယ်ပြန့်ပြန့်ရထားပါလျက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးရဲ့ ရှေ့နေချုပ်က ဒီလိုလျှောက်ထားရတယ်ဆိုတော့ အဖြေက ရှင်းပါတယ်။

**မြန်မာနိုင်ငံအပေါ် စစ်ဆေးပိုင်ခွင့် မရှိ**

မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးမှာ စစ်ဆေးဖို့ဆိုတာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ရှေ့နေချုပ်ရဲ့ လုပ်ပိုင်ခွင့်ဘောင်ထက် ကျော်နေလို့ပါ။ ပိုပြီး တိတိကျကျ ပြောရင် မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးမှာ စစ်ဆေးဖို့ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးမှာ လုပ်ပိုင်ခွင့် မရှိပါဘူး။ မြန်မာနိုင်ငံဟာ ရောမပဋိညာဉ် (Rome Statute) မှာ ပါဝင်လက်မှတ်ရေးထိုးမထားသလို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) ရဲ့အဖွဲ့ဝင်နိုင်ငံလည်း မဟုတ်တဲ့အတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးအနေနဲ့ မြန်မာနိုင်ငံအပေါ် စစ်ဆေးပိုင်ခွင့် မရှိပါဘူး။

ရှေ့နေချုပ် ဖာတူဘင်ဆူဒါက သူ့ရဲ့ လျှောက်လဲချက်မှာ "ရောမပဋိညာဉ်မှာ လက်မှတ်ရေးထိုးမထားတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ပိုင်နက်နယ်မြေထဲက ပြည်သူတွေကို ရောမပဋိညာဉ်မှာ ပါဝင်လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံရဲ့ ပိုက်နက်နယ်မြေထဲကို ပြည်နှင်ဒဏ် (အမှန်ကတော့ စိုးရိမ်စိတ်နဲ့ ထွက်ပြေးလာကြတာပါ) ပေးလိုက်တဲ့အပေါ် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးက တရားစွဲဆိုစစ်ဆေးပိုင်ခွင့် ရှိ/မရှိ အတည်ပြုပေးဖို့ပါ" လို့ ဖော်ပြထားပါတယ်။ ရှေ့နေချုပ် ဖာတူဘင်ဆူဒါရဲ့ လျှောက်လဲချက်ကို အရပ်စကားနဲ့ အလွယ်ပြောရရင် မြန်မာနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးရဲ့ အဖွဲ့ဝင်နိုင်ငံ မဟုတ်ပေမယ့် မြန်မာနိုင်ငံကြောင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးရဲ့အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပေါ် ဆိုးကျိုးသက်ရောက်စေတာမို့လို့ စစ်ဆေးပိုင်ခွင့်ရှိတယ်လို့ ပြောလိုတာပါ။

**ညှိနှိုင်းသဘောတူ လက်မှတ်ရေးထိုးထား**

ထင်မြင်ချက်တွေ ဘေးဖယ်ပြီး ပကတိအချက်အလက်တွေကိုပဲ အခြေခံပြီး ပြောကြရအောင်ပါ။ ရခိုင်ပြည်နယ်က ထွက်ပြေးလာတဲ့သူတွေကို ရခိုင်ပြည်နယ်မှာ ပြန်လည်နေရာချထားဖို့ လုပ်ငန်းအစီအစဉ်အသေးစိတ်ကို မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ညှိနှိုင်းသဘောတူလက်မှတ်ရေးထိုးထားပြီးပါပြီ။

မြန်မာနိုင်ငံကလည်း ထွက်ပြေးသွားတဲ့သူတွေကို ဒီသဘောတူညီချက်နဲ့အညီ ပြန်လည်လက်ခံဖို့ အဆင်သင့်ဖြစ်နေပါပြီ။ အဆင်သင့်ဖြစ်တဲ့အကြောင်းကိုလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အကြောင်းကြားပြီးသွားပါပြီ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကသာ ညှိနှိုင်းသဘောတူညီချက်အတိုင်း ထွက်ပြေးလာတဲ့သူတွေကို ပြန်လည်ပေးပို့မယ်ဆိုရင် မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကြားမှာ ပြဿနာဆိုလို့ မြူမှုန်လောက်တောင် ကျန်စရာမရှိတော့ပါဘူး။ ဒီလိုပြဿနာဆိုလို့ မြူမှုန်လောက်တောင် မကျန်နိုင်တော့တဲ့ အနေအထားမှာ ရှေ့နေချုပ် ဖာတူဘင်ဆူဒါက မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးမှာ တရားစွဲဆိုခွင့်ရအောင် အစဉ်အလာမရှိ ဘာလို့ ကြိုးပမ်းလာရတာလဲ။

အခြေအနေကို ပိုပီသရှင်းလင်းသွားအောင် မြန်မာနိုင်ငံရဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်အပေါ် လေးစားလိုက်နာမှုနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ ချိုးဖောက်မှုတို့ကို နှိုင်းယှဉ်တင်ပြလိုပါတယ်။

မြန်မာနိုင်ငံက ပြန်လည်လက်ခံဖို့ အဆင်သင့်ဖြစ်နေပြီဖြစ်တဲ့ လူပေါင်း ၁၈၆၀ နီးပါးရဲ့ စာရင်းကို နှစ်နိုင်ငံ သဘောတူညီချက်နဲ့အညီ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆီ ပြန်ပို့ထားပေးပါပြီ။ ဒါပေမယ့် ဘင်္ဂလားဒေ့ရှ်နိုင်ငံက တစ်ယောက်ကိုမှ မြန်မာနိုင်ငံဆီ ပြန်မပို့သေးပါဘူး။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက မြန်မာနိုင်ငံဆီ ပေးပို့ထားတဲ့ လူပေါင်း ၈၀၃၂ ဦးရဲ့ ဖြည့်စွက်ပုံစံတွေက နှစ်နိုင်ငံသဘောတူညီချက်နဲ့အညီ ဖြည့်စွက်ပေးခဲ့တာ မဟုတ်ပါဘူး။ နှစ်နိုင်ငံသဘောတူညီချက်ဆိုတာ ပေါ့ပျက်ပျက် မလေးမစားလုပ်ရမယ့် ကိစ္စမဟုတ်ဘူးဆိုတာဟာ မြန်မာနိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံကို သတိပေးရမယ့် ကိစ္စမဟုတ်ပါဘူး။

**သမိုင်းတရားခွင်ပေါ် တက်ရမယ့်ကိစ္စ**

ကော့ဘဇားမှာရှိတဲ့ နေရပ်စွန့်ခွာသူတွေ နေထိုင်တဲ့ စခန်းတွေမှာ နှစ်နိုင်ငံသဘောတူညီချက်နဲ့ အညီ မြန်မာနိုင်ငံက

> **"အလွဲကြီးလွဲနေတာက မြန်မာနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးရဲ့ အဖွဲ့ဝင်နိုင်ငံ မဟုတ်တာပါ။ ဒီလို မလျော်ဩဇာသုံးတဲ့ ရှေ့နေချုပ်ကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး အဖွဲ့ဝင်နိုင်ငံတွေရဲ့ အများစုမဲနဲ့ ဖြုတ်ချနိုင်တာမို့လို့ မြန်မာ့အရေးအပေါ် မှန်မှန်ကန်ကန်ရပ်တည်တဲ့ နိုင်ငံတွေဟာ ဒီလိုဖြုတ်ချနိုင်အောင် ကြိုးပမ်းသင့်"**

ပြန်လည်လက်ခံဖို့ အဆင်သင့်ဖြစ်နေတာကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဘာလို့အသိပေး မပြောကြားခဲ့ရတာလဲ။ နှစ်နိုင်ငံသဘောတူညီချက်နဲ့အညီ နေရပ်စွန့်ခွာသူတွေ ဖြည့်ပေးရမယ့် ဖြည့်စွက်ပုံစံအကြောင်းနဲ့ ပတ်သက်ပြီး ဘာလို့ နေရပ်စွန့်ခွာသူတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ရှင်းမပြခဲ့ရတာလဲ။

ပေါ်လွင်ထင်ရှားပြီးဖြစ်တဲ့ ဒီပကတိအချက်အလက်တွေကိုတော့ လျစ်လျူရှုပြီး သူ့စိတ်ထဲမှာ ထင်ချင်သလိုထင်နေတဲ့ ကိစ္စတွေကို စုံစမ်းစစ်ဆေးဖို့ လိုတယ်လို့ ပြောနေတဲ့ ရှေ့နေချုပ် ဖာတူဘင်ဆူဒါရဲ့ လုပ်ရပ်ကတော့ သမိုင်းတရားခွင်ပေါ် တက်ရမယ့်ကိစ္စပါ။

နိုင်ငံတကာမျက်နှာစာမှာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးရဲ့ ကိုယ်စားပြုနိုင်မှု ဘယ်လောက်ခိုင်မာသလဲ ဆိုတာကို ကြည့်ရအောင်ပါ။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် နှစ်နိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံနဲ့ ရုရှားနိုင်ငံတွေဟာ မူလက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးမှာ ပါဝင်ဖို့ လက်မှတ်ထိုးခဲ့ပေမယ့် နောက်ပိုင်းမှာ အဖွဲ့ဝင်နိုင်ငံအဖြစ် မပါဝင်တော့ဘူးဆိုပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဆီ အကြောင်းကြားနုတ်ထွက်ခဲ့ပါတယ်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံဆိုရင် ရောမပဋိညာဉ်မှာ ပါဝင်လက်မှတ် မရေးထိုးထားတဲ့အတွက် တရုတ်နိုင်ငံက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးရဲ့ အခန်းကဏ္ဍကို လက်ခံ အသိအမှတ် မပြုပါဘူး။

အိန္ဒိယနိုင်ငံအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၄၁ နိုင်ငံက တရုတ်နိုင်ငံနည်းတူ ရပ်တည် ရှုမြင်ကြတာပါ။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးရဲ့ လုပ်ငန်းလည်ပတ်မှုမှာ ရှေ့နေချုပ်က လုပ်ပိုင်ခွင့်အာဏာကျယ်ပြန့်ပါတယ်။ ရှေ့နေချုပ်က စုံစမ်းစစ်ဆေးနိုင်တဲ့ အခြေအနေသုံးမျိုးကို သတ်မှတ်ထားပါတယ်။

**ဖြုတ်ချနိုင်အောင် ကြိုးပမ်းသင့်**

ပထမအခြေအနေက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံရဲ့ တိုင်ကြားမှုပါ။ ဒုတိယအခြေအနေက နိုင်ငံတကာလုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကို ထိပါးတယ်ဆိုပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးကို လွှဲအပ်လိုက်တဲ့ကိစ္စပါ။ အမှန်ကတော့ ဒီကိစ္စကလည်း အတော်တော့ အမြီးအမောက်မတည့်တဲ့ ကိစ္စပါ။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီရဲ့ အာဏာအရှိဆုံး အမြဲတမ်းအဖွဲ့ဝင် သုံးနိုင်ငံက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးအပေါ် အယုံအကြည်မရှိ၊ ပူးပေါင်းပါဝင်မှုမပြုတဲ့ အနေအထားမျိုးမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးကို လွှဲအပ်တဲ့ကိစ္စဆိုတာ တရားမျှတမှုနဲ့ ကျိုးကြောင်းဆီလျော်မှု ရှုထောင့်ကကြည့်ရင် အမှတ်သုညပဲ ပေးရမှာပါ။

တတိယအခြေအနေက အကြိုစုံစမ်းစစ်ဆေးရေးခုံရုံး (Pre – Trial Chamber) က သူတို့ရတဲ့ တိုင်ကြားချက်တွေအပေါ် မူတည်ပြီး ရှေ့နေချုပ်ကို စုံစမ်းစစ်ဆေးခိုင်းတာပါ။ ရှေ့နေချုပ် ဖာတူဘင်ဆူဒါက ဒီလုပ်ပိုင်ခွင့်ကိုသုံးပြီး မြန်မာနိုင်ငံအပေါ် စုံစမ်းစစ်ဆေးခွင့်ရဖို့ ကြိုးပမ်းနေတာပါ။ အလွဲကြီးလွဲနေတာက မြန်မာနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးရဲ့ အဖွဲ့ဝင်နိုင်ငံ မဟုတ်တာပါ။ ဒီလို မလျော်ဩဇာသုံးတဲ့ ရှေ့နေချုပ်ကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး အဖွဲ့ဝင်နိုင်ငံတွေရဲ့ အများစုမဲနဲ့ ဖြုတ်ချနိုင်တာမို့လို့ မြန်မာ့အရေးအပေါ် မှန်မှန်ကန်ကန်ရပ်တည်တဲ့ နိုင်ငံတွေဟာ ဒီလိုဖြုတ်ချနိုင်အောင် ကြိုးပမ်းသင့်ပါတယ်။

**ကိုင်တွယ်ရခက်ခဲ**

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးရဲ့ လုပ်ငန်းလည်ပတ်မှုမှာ ရှေ့နေချုပ်နဲ့ တရားသူကြီးတွေရဲ့ လုပ်ပိုင်ခွင့်အာဏာကို ဟန့်ချက်ညီထိန်းညှိပေးနိုင်တဲ့ လုပ်ငန်းယန္တရားမျိုး မရှိဘူးဆိုတာကို ဟင်နရီ ကစ်ဆင်ဂျာအပါအဝင် နိုင်ငံတကာ မျက်နှာစာမှာ အရေးပါတဲ့ ပုဂ္ဂိုလ်တွေက ထောက်ပြခဲ့တာပါ။ ဒီလိုကိစ္စမျိုးက နိုင်ငံရေးရည်ရွယ်ချက်နဲ့ တမင်အပြစ်ရှာဆောင်ရွက်လာတဲ့အခါ ပိုကိုင်တွယ်ရ ခက်ခဲပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ရပ်တည်ချက်ကိုက နိုင်ငံရေးရည်ရွယ်ချက်အပေါ် အခြေခံပြီး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးမှာ စုံစမ်းစစ်ဆေးဖို့ ကြိုးပမ်းမှုတွေ ပြုလုပ်လာခဲ့ရင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးရဲ့ ရှေ့နေချုပ်နဲ့ တရားသူကြီးတွေရဲ့ လုပ်ပိုင်ခွင့်ကို ဟန့်ချက်ညီ ဘောင်မကျော်စေဖို့ ထိန်းညှိပေးမယ့် လုပ်ငန်းယန္တရားမရှိဘူးလို့ ခံယူထားတာပါ။ အမေရိကန်နိုင်ငံရဲ့ရပ်တည်ချက်မှာ ဒီထက်ပိုပြတ်သားတဲ့ ကိစ္စရှိပါတယ်။ အမေရိကန်နိုင်ငံမှာ သူ့ရဲ့ ဝန်ထမ်းတွေကို အကာအကွယ်ပေးတဲ့ ဥပဒေတစ်ရပ် ရှိပါတယ်။ (The American Service – Member's Protection Act – ASPA ) ပါ။

ဒီဥပဒေအရ အမေရိကန်နိုင်ငံဟာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးရဲ့ လုပ်ပိုင်ခွင့်အာဏာနဲ့ ဖမ်းဆီးထားတဲ့ (ဒါမှမဟုတ်) ထိန်းသိမ်းထားတဲ့ သူ့နိုင်ငံသားတွေနဲ့ မဟာမိတ်နိုင်ငံသားတွေ လွတ်မြောက်ရေးအတွက် စစ်ရေးနည်းလမ်းအပါအဝင် နည်းလမ်းပေါင်းစုံ ကျင့်သုံးဆောင်ရွက်ပိုင်ခွင့် ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုခုံရုံးဟာ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့မှာ ရုံးစိုက်တာမို့လို့ ဒီဥပဒေကို "သည်ဟိတ်ကျူးကျော်ရေးဥပဒေ" လို့တောင် ပြောဆိုတာမျိုးတွေ ရှိပါတယ်။

အာဖရိကသမဂ္ဂမှာဆိုရင် တစ်ဖွဲ့လုံးအဖွဲ့လိုက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးကနေ နုတ်ထွက်ဖို့ ကြိုးပမ်းမှုတွေ ပြုလုပ်ခဲ့ဖူးပါတယ်။ အီသီယိုးပီးယား နိုင်ငံခြားရေးဝန်ကြီး Tedros Adhanom က "နိုင်ငံတကာဆက်ဆံရေးစနစ်ရဲ့ တရားမျှတမှုကို ပုံဖော်တဲ့အခါ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးက လိုရင်တစ်မျိုး၊ မလိုရင်တစ်မျိုး ဆောင်ရွက်တဲ့ မမျှတတဲ့ လုပ်ရပ်ကို ကန့်ကွက်ဆန့်ကျင်ပါတယ်" လို့ ပြောဆိုခဲ့တာပါ။

**ပြန်လည်သုံးသပ်ဖို့ လိုအပ်**

ရခိုင်ပြည်နယ်ရဲ့ အရေးကိစ္စကို ဘူရွန်ဒီနိုင်ငံအရေးနဲ့ ယှဉ်ကြည့်လို့ရပါတယ်။ ဘူရွန်ဒီနိုင်ငံဟာ ၁၉၆၂ ခုနှစ်ကနေ ၁၉၉၃ ခုနှစ်အတွင်း လူမျိုးတုံးသတ်ဖြတ်မှု နှစ်ကြိမ်ကြုံခဲ့ရလို့ အပြစ်မဲ့ပြည်သူ နှစ်သိန်းခွဲလောက် အသက်ဆုံးရှုံးခဲ့ရတာပါ။ အခုအချိန်အထိလည်း ဘူရွန်ဒီနိုင်ငံရဲ့ နိုင်ငံရေးပြဿနာဟာ ပြေလည်မှု မရသေးပါဘူး။ ဘူရွန်ဒီနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးကနေ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့မှာ နုတ်ထွက်ခဲ့ပါတယ်။ ဒီတော့ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးက "ဘူရွန်ဒီ နိုင်ငံအဖွဲ့ဝင်အဖြစ် ရပ်တည်ခဲ့တဲ့ ကာလအတွင်းက ဖြစ်ရပ်တွေအပေါ် သူတို့အနေနဲ့ စစ်ဆေးခွင့်ရှိတယ်" လို့ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့မှာ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

ဒီဖြစ်ရပ်ကိုကြည့်လိုက်ရင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးကိုယ်တိုင်က အဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံတွေအပေါ် စစ်ဆေးခွင့်မရှိဘူးဆိုတာကို ထပ်ပြီးအတည်ပြုလိုက်တာပါ။ ရှေ့နေချုပ် ဖာတူဘင်ဆူဒါကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးကနေ ထုတ်ပယ်ဖို့ လိုအပ်နေပြီဖြစ်သလို နိုင်ငံတကာဆက်ဆံရေးရဲ့ တရားမျှတမှုကို ပုံဖော်ရာမှာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးရဲ့ အခန်းကဏ္ဍကို ပြန်လည်သုံးသပ်ဖို့ လိုအပ်နေပါပြီ။ ။



## ဒုဋ္ဌဝတီမြစ်အတွင်းမှ အလှဆင်ကျောက်များ ရောင်းအားကောင်းလျက်ရှိ

**ပြင်ဦးလွင် မေ ၂၀**

နွေရာသီရေကျချိန်၌ ဒေသခံတို့ ကောက်ယူစုဆောင်းထားသော ဒုဋ္ဌဝတီမြစ်အတွင်းမှ ကျောက်ရောင်စုံတို့ကို နေအိမ်အဆောက်အအုံတိုက်တာများ၊ ပန်းဥယျာဉ်များ၊ အဆင့်မြင့်စားသောက်ဆိုင်များနှင့် ဟိုတယ်၊ မိုတယ် စသည်တို့တွင် အသုံးများလျက် ဝယ်ယူမှုအားကောင်းနေသောကြောင့် ရောင်းအားမြင့်မားလျက်ရှိကြောင်း ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာမှ အလှဆင်ကျောက်ရောင်းချနေသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

"ကျောက်တွေကို ဒုဋ္ဌဝတီမြစ်ရေကျချိန်မှာ မြစ်ထဲကနေ ကောက်ယူစုဆောင်းရပါတယ်၊ ကျောက်တွေက သဘာဝအလျောက်ဖြစ်ပေါ်နေတဲ့ ကျောက်တွေဖြစ်ပြီး အရောင်အသွေးစုံကြတယ်၊ အရောင်တူရာ အရွယ်တူရာကျောက်တွေက မြစ်အတွင်းမှာ အများကြီးမို့ အမျိုးအစားတူရာကျောက်တွေကို သီးခြားစီ တစ်ပုံပြီးတစ်ပုံ စုဆောင်းကြရတယ်၊ ကျောက်တွေကို အမျိုးအစားအလိုက် တစ်ပြည်ကို ငွေကျပ် ၅၀၀ ကနေ ၃၀၀၀ အထိ ရောင်းနေရတယ်၊ အခုလောလောဆယ်မှာတော့ ဒီကျောက်တွေကို အဆောက်အအုံတွေမှာ အလှဆင်ကျောက်အဖြစ်နဲ့ အသုံးပြုနေတာများကြပြီး နောက်ထပ် အလှကုန်ပစ္စည်းတစ်ခုအဖြစ် ကုန်ချောအဆင့်ထိ ဘယ်မှာမှ လုပ်ကိုင်တာ မတွေ့ရသေးပါဘူး" ဟု အဆိုပါ ကျောက်ရောင်းချသူတစ်ဦးထံမှ သိရသည်။

ဒုဋ္ဌဝတီမြစ်အတွင်းရှိ အလှဆင်ကျောက်များကို နွေရာသီရေကျချိန်၌ မိသားစုတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းအဖြစ် ကောက်ယူကြသူများပြားကြပြီး အများစုမှာ တစ်နှစ်ပတ်လုံး တည်ခင်းရောင်းချနေသည့် ဆိုင်ကြီးများသို့ တစ်နေ့တာ ကောက်ယူရသည့် ကျောက်တို့ကို ချက်ချင်းပြန်လည်ရောင်းချလေ့ရှိကြပြီး ဆိုင်ကြီးများမှ စုဆောင်းသိုလှောင်စရိတ်တို့ကို ပိုမိုမြှင့်တင်ကာ ပြန်လည်ရောင်းချလေ့ရှိကြောင်း သိရသည်။

**သက်နိုင် (ပြင်ဦးလွင်)**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ပဲခူးရိုးမဖြတ်လမ်းတစ်လျှောက်သစ်တောများ ပြန်လည်တည်ထောင်ထားမှုစစ်ဆေး

**နေပြည်တော်  မေ ၂၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မေ ၁၉ ရက်က မြို့ချောင်း- စိန်ကန့်လန့်- မင်းလှ ပဲခူးရိုးမဖြတ်လမ်းတစ်လျှောက် ဖြတ်သန်းကာ သစ်တောဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (MRRP) လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ပြည်သူများ အပန်းဖြေနားနေနိုင်ရန်အတွက် မြန်မာ့သစ်လုပ်ငန်းက ဆောင်ရွက်လျက်ရှိသည့် မုက္ခာရေတံခွန်ဆင်စခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ သစ်တောဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း (MRRP) သို့ရောက်ရှိရာ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်အုန်းကျော်က ၂၀၁၇ ခုနှစ် မိုးရာသီ၌ တည်ထောင်စိုက်ပျိုးခဲ့သည့် စိုက်ခင်းကို ပြုစုထိန်းသိမ်းစောင့်ရှောက်မှု၊ ၂၀၁၈ ခုနှစ် မိုးရာသီတွင် တည်ထောင်စိုက်ပျိုးမည့် စိုက်ခင်းအတွက် စိုက်ခင်းအကြိုလုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို တင်ပြသည်။ ဆက်လက်၍ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးကျော်ကျော်လွင်က မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်နှင့် ဆောင်ရွက်မည့်အစီအမံများအား ဖြည့်စွက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းအောင်မြင်စေရေး အတွက် သစ်မျိုးရွေးချယ်မှု၊ စိုက်ပျိုးမည့် နည်းစနစ်၊ ထိန်းသိမ်းစောင့်ရှောက်မှုများအား လုပ်ငန်းစဉ် တစ်ခုချင်းအလိုက် ဆွေးနွေးမှာကြားခဲ့သည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့သစ်လုပ်ငန်းက ဆောင်ရွက်လျက်ရှိသည့် မုက္ခာရေတံခွန် ဆင်စခန်းသို့ ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးထွန်းထွန်းဦးက မုက္ခာရေတံခွန်ဆင်စခန်းနှင့် ပတ်သက်သည့်အချက်အလက်များ၊ အပန်းဖြေနားနေရန် လာရောက်ကြသည့် ပြည်သူများအတွက် ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆင်စခန်း၌ ဆင်ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ဆင်စားကျက်ရေိယာ ဆောင်ရွက်ထားရှိမှု၊ ဧည့်သည်ဝင်ရောက်မှုနှင့် ဝင်ငွေရရှိမှု၊ ထပ်မံတိုးချဲ့ဆောင်ရွက်မည့်ဝန်ဆောင်မှုလုပ်ငန်းများနှင့် တောဆင်ရိုင်းများအား တရားမဝင်သတ်ဖြတ်မှု ဖြစ်စဉ်များအပေါ် အရေးယူဆောင်ရွက်မှုတို့ကို တင်ပြသည်။

မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘက ဆင်စခန်းပတ်ဝန်းကျင် သစ်ပင်စိုက်ပျိုးဆောင်ရွက်မည့်အစီအစဉ်၊ ပြည်သစ်ထုတ်ရေးဒေသ၊ သစ်ထုတ်ပြီးအကွက်များ၌ သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်းဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဆင်ကျန်းမာရေးအထူးဂရုစိုက်ဆောင်ရွက်ရေး၊ ဆင်များအစားအစာကျွေးမွေးရာ၌ အာဟာရပြည့်စုံလုံလောက်မှုရှိစေရန် တွက်ချက်ကျွေးမွေးဆောင်ရွက်ရေး၊ မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ဆင်စခန်းများတစ်ခုနှင့်တစ်ခု အချိတ်အဆက်ရှိစေရေး ကွန်ရက်တစ်ခုတည်ထောင်ဆောင်ရွက်ရေး၊ အပန်းဖြေလာရောက်ကြသည့် ပြည်သူများ ဘေးအန္တရာယ်မရှိစေရေး၊ ပြည်သူများဆင်အကြောင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်၍ ဆင်များအပေါ် ချစ်ခင်မြတ်နိုးလာစေရန် ပညာပေးဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကာ ဆင်စခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောင်းဖွင့်ရာသီကြိုသင်ထောက်ကူပစ္စည်းများနှင့် ကျောင်းဝတ်စုံများအရောင်းပါး

**ရန်ကုန်  မေ ၂၀**

မကြာမီကျောင်းဖွင့်ရာသီသို့ ချင်းနင်းဝင်ရောက်လာပြီဖြစ်ရာ ယမန်နှစ်က ယခုအချိန်အခါတွင် ကျောင်းသုံးစာအုပ်နှင့် သင်ထောက်ကူပစ္စည်းများ၊ ကျောင်းဝတ်စုံများ ရောင်းသူ၊ ဝယ်သူတို့ဖြင့် ရန်ကုန်မြို့သိမ်ကြီးဈေး၌ ရုံးပိတ်ရက်ပါ မကျန်စည်ကားခဲ့ပြီး ယခုနှစ်ကျောင်းဖွင့်ရာသီကြိုကာလတွင် အရောင်းအဝယ်ပါးလျက်ရှိကြောင်း သိရသည်။

"နယ်ဝယ်လက်မဆင်းဘူး၊ ရန်ကုန်ဝယ်လက်နည်းနည်းပဲဆင်းတယ်၊ မနှစ်က ဒီအချိန်ထမင်းစားဖို့ကို အချိန်မရကြဘူး၊ ကျောင်းသုံးပစ္စည်းဈေးနှုန်းကစားတယ်၊ ဒီနှစ်ဈေးနှုန်းလုံးဝငြိမ်တယ်၊ ဧရာဝတီတိုင်းပန်းတနော်၊ ညောင်တုန်းကပဲ ဆင်းတယ်၊ ကျန်ဒေသတွေကို ရန်ကုန်ကကားတွေနဲ့ တိုက်ရိုက်သွားရောင်းတာလည်း ပါမယ်၊ ကျွန်တော်တို့လည်း တိုက်ရိုက်ကားနဲ့ သွားရောင်းရမယ့်အခြေအနေဖြစ်နေပြီ၊ စာအုပ်ကို နိုင်ငံခြားကစက္ကူဝယ်ပြီး ကိုယ်တိုင်ချုပ်တယ်၊ ကွန်ပါဘူးအပါအဝင် ကျောင်းသုံးပစ္စည်းတွေကိုတော့ တရုတ်ပြည်ကမှာတဲ့သူဆီကနေ တစ်ဆင့်ပြန်ယူရတယ်၊ အရောင်းအဝယ်ပါးနေတုန်းပဲ" ဟု သိမ်ကြီးဈေးစီရုံမှ ကျောင်းသုံးပစ္စည်းများရောင်းသော ဦးမောင်မောင်ညွှန့်က ပြောသည်။ ရန်ကုန်မြို့နှင့် မြို့နယ်တို့ရှိ ကျောင်းသား ကျောင်းသူများအသုံးပြုရန် ကျောင်းသုံးပစ္စည်းများကို သိမ်ကြီးဈေး၊ မင်္ဂလာဈေးနှင့် ပလာဇာတို့မှ ရောင်းချလျက်ရှိ၍ ကျောင်းဝတ်စုံများကိုလည်း သိမ်ကြီးဈေးမှ အဓိကရောင်းချလျက်ရှိရာ ယခုနှစ် ကျောင်းဝတ်စုံများမှာလည်း အရောင်းအဝယ်အေး၍ ဈေးအနည်းငယ်မြင့်တက်နေကြောင်း သိရသည်။

"ကျောင်းဝတ်စုံဈေး နည်းနည်းတက်ပေမယ့် အရောင်းအဝယ်မဖြစ်ဘူး၊ ပထမတန်းဝတ်စုံကို မနှစ်က ငွေကျပ် ၁၈၀၀ ကနေ ဒီနှစ် ၂၅၀၀ ရှိတယ်၊ ချုပ်ခဈေးတက်တာမဟုတ်ဘူး၊ ပိတ်စဈေးတက်တာ၊ ပြည်တွင်းဖြစ်ကုန်ကြမ်းတွေဈေးတက်တာလည်းပါတယ်၊ အရင်က ငါးစုံဝယ်တဲ့သူ ဒီနှစ်နှစ်စုံပဲဝယ်နိုင်ကြတယ်၊ ကျောင်းဝတ်စုံကို သိမ်ကြီးဈေးက အဓိကဖြန့်တာလေ၊ ဗိုလ်မ တက်ထရွန်၊ စိန်မိုက်ကယ်၊ ရှမ်းကန်၊ သရီးရိုင်ဖယ်၊ လီမင်အားလုံး ဈေးနည်းနည်းစီတက်တယ်၊ ပစ္စည်းဈေးတက်ပြီး လူတွေက မဝယ်နိုင်ဘူးဖြစ်နေတယ်" ဟု သိမ်ကြီးဈေး ၂၅ လမ်းမှ ကျောင်းဝတ်စုံပင်ရင်းရောင်းသော ဒေါ်သီတာက ပြောသည်။

ရန်ကုန်မြို့သို့ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့မှ ကျောင်းသုံးသင်ထောက်ကူပစ္စည်းများနှင့် ကျောင်းဝတ်စုံတို့ကို တစ်ဆင့်ပြန်လည် ဖြန့်ချိသော ကုန်သည်များလာရောက်ဝယ်ယူမှု နည်းပါးလျက်ရှိပြီး ရန်ကုန်မြို့ရှိ ဆိုင်ကြီးများတွင်လည်း အရောင်းအဝယ် ပါးလျက်ရှိကြောင်း သိရသည်။



ကျောင်းဝတ်စုံများရောင်းချရန်ပြသထားသည့် အရောင်းဆိုင်တစ်ဆိုင်။

**သတင်း-သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**

❒ *ကျောဖုံးမှ*

Dry Port (ကုန်းတွင်းဆိပ်ကမ်း) စီမံကိန်းဆောင်ရွက်မည့် ၂၄၃ ဒသမ ၆၂ ဧကအတွင်းမှ တိုင်းဒေသကြီးအစိုးရမှ ၈၀ ရာခိုင်နှုန်းနှင့်တောင်သူ ၁၁ ဦးကိုလည်း ၂၀ ရာခိုင်နှုန်းဖြစ်သော တောင်သူ ငါးဦး၏ ဥယျာဉ်မြေ ၄၀ ဒသမ ၂၀ ဧက၊ တောင်သူခြောက်ဦး၏ လယ်မြေ ၈ ဒသမ ၅၂ ဧကကို ပြန်လည်၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခွင့်ကို မြို့နယ်အုပ်ချုပ်ရေးပိုင်းဆိုင်ရာမှ ဖေဖော်ဝါရီ ၇ ရက်နေ့ကပင် မြေပြန်လည်ရရှိမည့်သူများကို သိရှိအကြောင်းကြားထားပြီး ဖြစ်ကြောင်းလည်း သိရသည်။

**အကောင်အထည်ဖော်ဆောင်ရွက်နေ**

ရန်ကုန်မြစ်နှင့် တစ်ဆက်တည်းရှိ လှိုင်မြစ်ကမ်းတွင် လှိုင်သာယာငွေပင်လယ်စက်မှုဇုန်အနီးရှိ သဲ၊ ကျောက်ကွင်းနေရာတွင် Dry Port (ကုန်းတွင်းဆိပ်ကမ်း) ကို တည်ဆောက်မည်ဖြစ်ပြီး ရန်ကုန်မြစ်ဝမှ သင်္ဘောဖြင့်ကုန်စည်များကိုတိုက်ရိုက်သယ်ဆောင်ကာ ကုန်းတွင်းဆိပ်ကမ်းတွင်ချ၍ စက်ရုံများသို့ တစ်ဆင့်ပြန်လည်သယ်ဆောင်နိုင်သော ကုန်စည်စီးဆင်းမှုမြန်ဆန်စေသည့် ဆိပ်ကမ်းတစ်ခုအဖြစ် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သဲဖို့ခြင်းလုပ်ငန်း**

အဆိုပါစီမံကိန်းနှင့် ပတ်သက်၍ တာဝန်ယူဆောင်ရွက်နေသော Yangon Metropolitan Development Public Co.,Ltd သို့ မေးမြန်းရာတွင် အသေးစိတ်ဖြေကြားနိုင်ခြင်း ယခုလောလောဆယ် မရှိသေးကြောင်း သိရပြီး Dry Port စီမံကိန်းဧရိယာအတွင်း သဲဖို့ခြင်းလုပ်ငန်းအတွက် ခန့်မှန်းသဲကျင်းပေါင်း ၄၅၀၀၀ လျာထားကြောင်းလည်း သိရသည်။

**ဘဇ**

# ယခင်နှစ်ဧပြီနှင့် နှိုင်းယှဉ်ပါက ယခုနှစ်ဧပြီတွင် ပြည်ပကုန်သွယ်မှု ကန်ဒေါ်လာသန်း ၃၀၀ အထိ တိုးတက်

**နေပြည်တော်  မေ ၂၀**

ယခုနှစ် ဧပြီလ(ယာယီ)အတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်ရေးသည် ယမန်နှစ် ဧပြီလနှင့်နှိုင်းယှဉ်ပါက တိုးတက်လာခဲ့ပြီး ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၂၈၀ အထိ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်နှစ် ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁၉၈၀သန်းရှိခဲ့ခြင်းကြောင်း၊ ဒေါ်လာ သန်း ၃၀၀ခန့် တိုးမြင့်လာခဲ့ကြောင်း ပြည်ပကုန်သွယ်မှု စာရင်းဇယားများအရ သိရှိရသည်။

ကုန်သွယ်မှုများအနက် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများတွင်လည်း ကုန်သွယ်မှုပမာဏမြင့်တက်လာသည်ကို မြင်တွေ့ရပြီး ပြည်ပတင်ပို့မှုတွင် ဧပြီလအတွင်း အမေရိကန်ဒေါ်လာ ၈၆၆ သန်းတန်ဖိုးအထိ တင်ပို့နိုင်ခဲ့ပြီး ပြည်ပမှသွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၄၁၄ သန်းအထိ ရှိလာခဲ့သည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူ ဧပြီလက ပြည်ပပို့ကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၆၃ သန်းအထိ တင်ပို့ထားသည့်အတွက် ယခုနှစ်ဧပြီလ ပို့ကုန်တန်ဖိုးမှာ ယခင်နှစ်ကထက် ဒေါ်လာ သုံးသန်းအထိ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ပြည်ပမှ သွင်းကုန်တန်ဖိုးတွင်လည်း ယမန်နှစ် ဧပြီလက အမေရိကန်ဒေါ်လာ ၁၁၁၇ သန်းသာ တင်ပို့နိုင်ခဲ့ခြင်းကြောင့် ယခုနှစ် ဧပြီလသွင်းကုန်တန်ဖိုးနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ ၂၉၇ သန်းခန့် မြင့်တက်လာခဲ့သည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့ခြင်းတွင် စက်မှုကုန်ချောပစ္စည်းများ တင်ပို့ခြင်းသည် အများဆုံးတင်ပို့နိုင်သည့် ပြည်ပပို့ကုန်အမျိုးအစားဖြစ်ပြီး ၂၀၁၈ ဧပြီတစ်လတာအတွင်း ဒေါ်လာသန်း ၃၆၃ ဒသမ ၇၉၉ အထိ တင်ပို့နိုင်ခဲ့သဖြင့် ယမန်နှစ်ဧပြီလက အမေရိကန်ဒေါ်လာ ၃၃၀ ဒသမ ၄၆၇သန်းသာ တင်ပို့နိုင်ခြင်းနှင့် နှိုင်းယှဉ်ပါက ယခင်နှစ်ကထက် ဒေါ်လာ ၃၃ သန်းကျော် တိုးတက်ခဲ့သည်။ တိရစ္ဆာန်ထွက် ပစ္စည်းများတင်ပို့ရာတွင်လည်း ယမန်နှစ်ဧပြီလက ဒေါ်လာ ၁ ဒသမ ၂၀၉ သန်းတန်ဖိုးသာ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်ဧပြီတွင် ဒေါ်လာသန်းပေါင်း ၁၈ ဒသမ ၉၄၆သန်းအထိ ရှိလာခဲ့သည့်အတွက် ဒေါ်လာ ၁၇ သန်းကျော် တိုးတက်ခဲ့သည်။

ဧပြီလ၏ ပြည်ပကုန်သွယ်မှုစာရင်းဇယားများအရ လယ်ယာထွက်ပစ္စည်းများ တင်ပို့မှုတွင် ဒေါ်လာ ၂၃၃ ဒသမ ၈၂၀ သန်း၊ ရေထွက်ပစ္စည်းများ တင်ပို့မှုတွင် ဒေါ်လာ ၅၇ ဒသမ ၆၄၁ သန်း၊ သတ္တုတွင်းထွက်ပစ္စည်းများ တင်ပို့မှုတွင် ဒေါ်လာ ၇၂ ဒသမ ၇၂၄ သန်း၊ သစ်တောထွက်ပစ္စည်းများ တင်ပို့မှုတွင် ဒေါ်လာ ၁၅ ဒသမ ၃၁၃ သန်းနှင့် အခြားပစ္စည်းများတင်ပို့ရာမှလည်း ဒေါ်လာ ၁၀၃ ဒသမ ၈၇၀ သန်းအထိ ရှိခဲ့ကြောင်း ဖော်ပြထားသည်။

သို့သော် ကာလတူ ယမန်နှစ်ဧပြီလနှင့် နှိုင်းယှဉ်ပါက လယ်ယာထွက်ပစ္စည်းတင်ပို့မှုသည် ဒေါ်လာ ၁၆သန်းကျော်၊ သစ်တောထွက်ပစ္စည်းတင်ပို့နိုင်မှုသည် ဒေါ်လာ ၈ သန်းကျော်နှင့် အခြားပစ္စည်းများ တင်ပို့နိုင်မှုတွင်လည်း ဒေါ်လာ ၄၇ သန်းကျော် ကျဆင်းခဲ့ပြီး အခြားကုန်စည်များအားလုံးသည် ယမန်နှစ်ဧပြီလ ပို့ကုန်တင်ပို့နိုင်မှုထက် ပမာဏတိုးတက်များပြားခဲ့သည်ကို စာရင်းများအရ သိရှိရသည်။

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုလိုက်တင်သွင်းမှုတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများတင်သွင်းမှုသည် ဧပြီလအတွင်း အများဆုံး ပြည်ပတင်သွင်းမှုဖြစ်ခဲ့ပြီး ဒေါ်လာ ၆၇၄ ဒသမ ၈၀၈ သန်းအထိ ရှိလာခဲ့သည့်အတွက် ယမန်နှစ် ကာလတူ ဧပြီလက ၄၅၁ ဒသမ ၃၆၇ သန်းသာ တင်သွင်းထားခြင်းကြောင့် သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပါက ဒေါ်လာ ၂၂၃ သန်းကျော် မြင့်မားလာခဲ့သည်။ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ တင်သွင်းမှုတွင် ယမန်နှစ်ကထက် ဒေါ်လာ ၄၃ ဒသမ ၆၅၅ သန်း ပိုမိုများပြားခဲ့ပြီး ၂၀၁၈ ဧပြီလအတွင်း ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများတင်သွင်းမှုသည် ၄၄၁ ဒသမ ၀၆၂သန်းခန့် ရှိကြောင်း သိရသည်။ လူသုံးကုန်ပစ္စည်းများတင်သွင်းခဲ့မှုတွင်လည်း ဧပြီလအတွင်း ဒေါ်လာ ၂၉၇ ဒသမ ၉၀၀ သန်း တန်ဖိုးရှိ ကုန်စည်များ တင်သွင်းနိုင်ခဲ့သည့်အတွက် ယမန်နှစ် ကာလတူ ဧပြီလက ၂၆၇ ဒသမ ၇၁၁ သန်းသာ တင်သွင်းနိုင်ခဲ့ခြင်းကြောင့် ဒေါ်လာ သန်း ၃၀ ကျော် တိုးတက်တင်သွင်းနိုင်ခဲ့ခြင်းဖြစ်သည်။

**ခင်ရတနာ**

# မတစ်ထောင်တစ်ကောင်ဘွားနှင့် မေတ္တာထားတာ အဟုတ်ကိုပဲ ရုပ်ရှင်ဇာတ်ကားများ မေလ ၂၅ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ပြသသွားမည်

ရန်ကုန် မေ ၂၀

**လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်ကာ ဒါရိုက်တာ ခင်စောမျိုးရိုက်ကူးသည့် “မတစ်ထောင်တစ်ကောင်ဘွား” ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြသပြီး မေ ၂၅ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ပြသသွားမည် ဖြစ်ကြောင်း သိရသည်။**

**“မတစ်ထောင်တစ်ကောင်ဘွား” ရုပ်ရှင်သည် စာရေးဆရာ မင်းသိခ်၏ အောင်မြင်သော ဝတ္ထုကိုပြန်လည်ရိုက်ကူးထားခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားတွင် အကယ်ဒမီ ကျော်ရဲအောင်၊ အောင်ရဲလင်း၊ အကယ်ဒမီခိုင်သင်းကြည်၊ သဥ္ဇာဝင့်ကျော်၊ ထွန်းလွင်အောင်နှင့် ဘေဘီမောင်တို့ ပါဝင်သရုပ်ဆောင်ထားသည်။**



ဒါရိုက်တာ ခင်စောမျိုး



ထွန်းလွင်အောင်



အောင်ရဲလင်း



အကယ်ဒမီခိုင်သင်းကြည်




**တစ်မျိုးတစ်ဖုံ ဆန်းသစ်**

မတစ်ထောင်တစ်ကောင်ဘွား ရုပ်ရှင် ရိုက်ကူးသူ ဒါရိုက်တာ ခင်စောမျိုးက အဆိုပါ ဇာတ်ကားနှင့်ပတ်သက်၍ “ဒီဇာတ်ကားမှာ အောင်ရဲလင်းကို ရွေးချယ်ရတာကတော့ တည်ငြိမ်တဲ့ မင်းသားကို ရှာရတာကြောင့်ပါ၊ ဒီဇာတ်ကားကို ပရိသတ်က အားပေးမယ်လို့ မျှော်လင့်ပါတယ်၊ လာရောက်အားပေးကြပါလို့ပဲ ပြောချင်ပါတယ်၊ အခြားအရာတွေ ဘေးဖယ်ပြီး နည်းနည်းလေး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်အောင် ပြသထားပါတယ်၊ ‘မတစ်ထောင် တစ်ကောင်ဘွား’ကို ဦးညွန့်ဝင်းလည်း ရိုက်ခဲ့ဖူးသလို သီဟတင်စိုးလည်း ရိုက်ခဲ့ဖူးပါတယ်၊ ကျွန်တော်ကတော့ တစ်မျိုးတစ်ဖုံ ဆန်းသစ်တဲ့ မတစ်ထောင်တစ်ကောင်ဘွားပါ”ဟု ပြောသည်။

**အမှန်တရားဘက်မှ ရပ်တည်၍**

အဆိုပါရုပ်ရှင်ကားသည် ကိုလိုနီခေတ် မျိုးချစ်ပုဂ္ဂိုလ်တစ်ယောက်အကြောင်း ပုံဖော်ရိုက်ကူးခြင်းဖြစ်ပြီး အကျင့်ပျက်ခြစား လာဘ်ပေးလာဘ်ယူသူများ၊ မြန်မာပြည်သူများအပေါ် ဖိနှိပ်ဒုက္ခပေးသော အာဏာရအရာရှိဆိုး၊ အာဏာရလူဆိုးများကို မတစ်ထောင်တစ်ကောင်ဘွား အမည်ခံလူငယ်က အမှန်တရားဘက်မှ ရပ်တည်၍ လိုက်လံသတ်ဖြတ်ခြင်းဖြစ်သည်။

မတစ်ထောင်တစ်ကောင်ဘွားဇာတ်ကောင်အဖြစ် သရုပ်ဆောင်သူ အောင်ရဲလင်းက “တစ်ကောင်ဘွားက အရင်ခေတ်ကတော့ ပဝါစည်းတာပေ့ါ၊ ရိုက်ကွင်းထဲမှာလည်း ကျွန်တော် လုပ်ကြည့်ပါတယ်၊ ဒီဘက်ခေတ်နဲ့ကျတော့ နည်းနည်းရယ်စရာဖြစ်နေတယ်၊ ဒါကြောင့် မျက်နှာဖုံးကို အဓိကထား ရွေးချယ်ဖြစ်တာပါ၊ ဒီကားကို အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့တယ်၊ ကျွန်တော်တတ်နိုင်သလောက်၊ အစွမ်းရှိသလောက် ရိုက်ကူးမယ်လို့ ပြင်ဆင်ပြီးတော့ ရိုက်တာပါ၊ ဇာတ်ရုပ်ကလည်း နှစ်မျိုးဖြစ်တော့ တစ်ဖက်ကပုံစံကို တစ်ဖက်မထိခိုက်အောင် ပြင်ဆင်ထားပါတယ်၊ အကောင်းဆုံးဖြစ်အောင် ကြိုးစားထားပါတယ်၊ ကြည့်တဲ့ပရိသတ်တွေအနေနဲ့လည်း ဒီကားလေးကို ကြည့်တဲ့အခါကြရင် အားလုံးသိကြလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်”ဟု ပြောသည်။



မတစ်ထောင်တစ်ကောင်ဘွား ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

“မတစ်ထောင်တစ်ကောင်ဘွား” ရုပ်ရှင်တွင် မိုးကောင်း တစ်ဖြစ်လည်း မတစ်ထောင်တစ်ကောင်ဘွားအဖြစ် အောင်ရဲလင်း၊ နတ်ဆေးအဖြစ် ကျော်ရဲအောင်၊ မသက်ဆွေအဖြစ် ခိုင်သင်းကြည်၊ ဆားပုလင်းနှင်းမောင်အဖြစ် ထွန်းလွင်အောင်တို့က ပါဝင်သရုပ်ဆောင်ထားသည်။

ဆားပုလင်းနှင်းမောင်အဖြစ် သရုပ်ဆောင်ထားသူ ထွန်းလွင်အောင်က “ဆားပုလင်းနှင်းမောင်အဖြစ်ရိုက်တာ ဗီဒီယိုကောရုပ်ရှင်ပါ ၁၀ ကားကျော်ပါပြီ၊ ဇာတ်လမ်းဇာတ်ကွက်အနေနဲ့ ပီပီပြင်ပြင် မရဖူးပေမယ့် ဒီကားက အများဆုံးရတာ၊ အောင်ရဲလင်းကလည်း တော်တော်လေးလုပ်ထားပါတယ်၊ ဇာတ်ကို ပရိသတ်ကြိုက်တဲ့ ပုံဖြစ်အောင် ဇာတ်ကိုပြန်လှည့်ပါတယ်၊ ကျွန်တော်တို့မှာ အားနည်းချက်တော့ ရှိပါတယ်၊ ဆက်တင်လိုအပ်ချက်ကအစပေ့ါ၊ ပရိသတ်က အနုပညာကိုကြည့်ပြီး ချစ်တဲ့စိတ်နဲ့ အားပေးမယ်လို့ ထင်ပါတယ်၊ အောင်ရဲလင်းက မတစ်ထောင်တစ်ကောင်ဘွား ဇာတ်ကောင်ပေါ်မှာ စိတ်ကိုနှစ်ထားတယ်၊ အတတ်နိုင်ဆုံး ဇာတ်ကောင်စရိုက်နဲ့ ညီအောင်လုပ်ထားတယ်လို့ ထင်ပါတယ်”ဟု ပြောသည်။

မသက်ဆွေအဖြစ် သရုပ်ဆောင်သူ ခိုင်သင်းကြည်က “မတစ်ထောင်တစ်ကောင်ဘွားက အဓိက က အောင်ရဲလင်းတို့၊ ကိုနိုင်ကြီး (ကျော်ရဲအောင်) တို့ဇာတ်ပါ၊ မခိုင်ကတော့ ဒီကားမှာ အများကြီးမပါပါဘူး၊ အောင်ရဲလင်းက ဒီကားမှာ သူနဲ့ တော်တော်လိုက်တယ်ပေ့ါ၊ ထွန်းလွင်အောင်ကလည်း ဆားပုလင်းဇာတ်ကောင်နဲ့ ရိုက်ဖူးပြီးသားမို့ ပြောစရာမလိုပါဘူး၊ ကိုယ့်ဇာတ်မဟုတ်ပေမယ့် ဆရာကြီးမင်းသိခ်ဝတ္ထုကို ပြန်ရိုက်တဲ့ကားဆိုတော့ ကိုယ်လည်း ပါဝင်ချင်တယ်၊ နောက်အငယ်ဘဝ၊ အကြီးဘဝနှစ်ခုခွဲ လုပ်ရမယ်ဆိုတော့ အဲဒါလေးလည်း စိတ်ဝင်စားပြီး ကိုယ့်ရဲ့ အခန်းနည်းပေမယ့် ပါဝင်ဖြစ်တာပါ၊ ဇာတ်ကားက ဟာသကား မဟုတ်ပေမယ့် ဒရမ်မာလို အငြိမ်လည်း မဟုတ်ဘူး၊ ကြည့်တဲ့သူတွေ အဆင်ပြေမှာပါ”ဟုပြောသည်။

**မေလတတိယပတ်မှစတင်၍ ရုံတင်ပြသမည်**

မေလတတိယပတ်မှစတင်၍ ရုံတင်ပြသသွားမည့် ဇာတ်ကားများမှာ ငါ့ကိုနမ်းတဲ့မုန်တိုင်း၊ မတစ်ထောင်တစ်ကောင်ဘွား၊ မေတ္တာထားတာ အဟုတ်ကိုပဲ၊ ဖိုးရှိတ်နှင့် ဥပါဒါန်တို့ဖြစ်သည်။

**မေတ္တာထားတာအဟုတ်ကိုပဲ**

မေတ္တာထားတာအဟုတ်ကိုပဲ အဆင့်မြင့်ဆေးရောင်စုံ ရုပ်ရှင်ဇာတ်ကားကြီးကို ယနေ့ ည ၇ နာရီတွင် Junction City ရုပ်ရှင်ရုံ၌ ပွဲကြို ပြသသည်။

ပြည်သူများအတွက် အာဟာရရှင်ဆေး တိုက်ကျွေးမည့် ရုပ်ရှင်ဇာတ်ကားကြီးတစ်ကား ဖြစ်သော မေတ္တာထားတာအဟုတ်ကိုပဲ အဆင့်မြင့် ဆေးရောင်စုံ ရုပ်ရှင်ဇာတ်ကားကြီးကို လာမည့် မေ ၂၅ ရက်တွင် ရန်ကုန်မြို့နှင့် နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံများ၌ စတင်ပြသခွင့်ရပြီဖြစ်ကြောင်း သိရသည်။

**အနုပညာရှင်ပေါင်းများစွာပါဝင်**

ထိုအဆင့်မြင့်ဆေးရောင်စုံ ရုပ်ရှင်ဇာတ်ကားကြီးကို ဒါရိုက်တာ အကယ်ဒမီထွန်းအောင်ဇော် ရိုက်ကူးပုံဖော်ထားပြီး အကယ်ဒမီလူမင်း၊ ဖြိုးငွေစိုး၊ အောင်မင်းခန့်၊ ဖိုးသောကြာ၊ အကယ်ဒမီ ဗေလုဝ၊ အကယ်ဒမီမေသန်းနု၊ အကယ်ဒမီ ခိုင်သင်းကြည်၊ အကယ်ဒမီ မျိုးသန္တာထွန်း၊ အကယ်ဒမီ ချိုပြုံး၊ ဝင့်ယမုံလှိုင်၊ စိုးမိုးကြည်၊ ယမင်းမေဦး၊ ငှက်ပျောကြော်၊ ငြိမ်းချမ်း၊ ကြူကြူသင်းနှင့် အနုပညာရှင်ပေါင်းများစွာ ပါဝင် ရိုက်ကူးထားသည်။

*စာမျက်နှာ ၉ သို့*



မတစ်ထောင်တစ်ကောင်ဘွား ရုပ်ရှင်ဇာတ်ကားမှ ရုပ်ရှင်သရုပ်ဆောင်အချို့နှင့် ပွဲကြိုပြသရာသို့ လာရောက်ကြသည့် ပရိသတ်များအား တွေ့ရစဉ်။

# (၁၆)ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆုရ စာရေးဆရာကြီးများ၏ ဝမ်းသာပီတိစကားသံများ


စည်သူ ဒေါက်တာသော်ကောင်း


ဒေါက်တာခင်မောင်လွင် (Fame)


ဒေါက်တာလှမ်းမိုးဟန်


ဒေါက်တာမောင်မောင်စံ


ဦးသိန်းလှိုင်


ဒေါ်သက်သက်ရွှေ

**မြန်မာနိုင်ငံတွင် နိုင်ငံသားတို့အတွက် အသိအမြင်၊ ဗဟုသုတတိုးပွားစေသော စာအုပ်စာပေပွားများရေး အားပေးရန်၊ ထိုသို့အားပေးရာတွင် နှစ်စဉ် စာအုပ်၊ စာမူ တစ်မျိုးမျိုးကို မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် မြန်မာစာပေပညာရှင်ကြီးများ၏ ပါဝင်ကူညီမှုဖြင့် ရွေးချယ်၍ ချီးမြှင့်ရန်၊ မြန်မာစာပေကို ဘက်စုံဖွံ့ဖြိုးအောင် အားပေးမြှင့်တင်ရေးနှင့် စာရေးဆရာတို့၏ ဘဝဖူလုံရေးကို စာပေဆုချီးမြှင့်ခြင်းဖြင့် တစ်နည်းတစ်လမ်း ကူညီရန်ရည်ရွယ်ချက်များဖြင့် ၂၀၀၁ ခုနှစ်မှ စတင်ကာ ဆရာဝန်တင်ရွှေစာပေဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။**

**ယခုနှစ် (၁၆)ကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို မေလ ၁၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့ရာ ဆရာဝန်တင်ရွှေစာပေဆု အလှူရှင်မိသားစုဝင်များနှင့် ဆုရရှိသူများကို မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**

**စည်သူ ဒေါက်တာသော်ကောင်း**

ဆုရတာ အထူးဝမ်းသာပါတယ်။ ဂုဏ်လည်း ယူပါတယ်။ စတည်ထောင်ကတည်းက ဆရာဝန်တင်ရွှေစာပေဆုရွေးချယ်ရေးအဖွဲ့မှာ ပါဝင်ခဲ့ပါတယ်။ အရင်နှစ်တွေကတည်းက ဆရာ့ကို ပေးဖို့ အဖွဲ့ဝင်တွေကပြောကြပါတယ်။ ဆရာဝန်တင်ရွှေစာပေဆုက (၁၆) ကြိမ်ရှိပြီဆိုတော့ ခိုင်မြဲသွားပါပြီ။ အခိက ဒီစာပေဆုက ရသစာပေအတွက် သိပ်မပေးပါဘူး။ တစ်ခါတလေမှပေးပါတယ်။ သုတစာပေအတွက် အဓိကပေးပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်တဲ့စာအုပ်တွေကို ဦးစားပေးပါတယ်။ နှစ်တိုင်းနှစ်တိုင်း စာကောင်းပေကောင်းတွေ ထွက်ပါတယ်။ အမျိုးသားစာပေဆုတစ်ခုတည်းနဲ့ မလုံလောက်တဲ့သဘော ဖြစ်နေတဲ့အတွက် ပြင်ပစာပေဆုတွေကလည်း ဆုတွေ ချီးမြှင့်ပေးတယ်။ ရသင့်ရထိုက်တဲ့ စာအုပ်တွေ မကျန်သွားဘူး။ ခုနောက်ပိုင်း စာဖတ်ပရိသတ်တွေကပြောတယ်။ စာဖတ်နှုန်းကျတယ်။ စာဖတ်တဲ့ယဉ်ကျေးမှုတစ်ခု အရင်တုန်းကရှိခဲ့တယ်။ ဒါတွေကို ပြန်တည်ထောင်ဖို့ ကြိုးစားနေပါတယ်။ တစ်ဖက်ကလည်း စာကြည့်တိုက်တွေ များများထွန်းကားလာရင် အခမဲ့စာအုပ်တွေကို ငှားဖတ်နိုင်မယ်။ လောလောဆယ် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းနဲ့ပူးပေါင်းပြီး ကျောင်းစာကြည့်တိုက်တွေ ပြန်ပြီးတည်ထောင်ဖို့ အားပေးနေပါတယ်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနဲ့ ပြန်/ဆက် ပေါင်းပြီး ရွှေ့လျားစာကြည့်တိုက် လုပ်နေတယ်။ ရွှေ့လျားစာကြည့်တိုက်တွေက ရွာအထိ ရောက်ပါတယ်။ ရွှေ့လျားစာကြည့်တိုက်တွေ ရောက်လာတော့ ရွာတွေမှာ လူငယ်တွေသာမက လူကြီးတွေပါ စာဖတ်ပါတယ်။ အတော်အောင်မြင်တယ်လို့ ပြောရမှာပါ။

**ဒေါက်တာခင်မောင်လွင်(Fame)**

၂၀၁၆ ခုနှစ်အတွက် "သစ်သီးများနဲ့ကျန်းမာရေး"စာအုပ်နဲ့ ဆုရခဲ့ပါတယ်။ အဲဒီစာအုပ်မှာ သစ်သီးအမျိုး ၂၀ အကြောင်းကို သေသေချာချာ ပြည့်ပြည့်စုံစုံရေးထားပါတယ်။ ၂၀၀၅ ခုနှစ်က စပြီး မြဝတီရုပ်မြင်သံကြားမှာ အပတ်စဉ်လွှင့်တဲ့ ကျန်းမာသုတအစီအစဉ်မှာ ပြောခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအစီအစဉ်မှာ ခေါင်းစဉ်တွေ အများကြီးနဲ့ ပြောခဲ့ပါတယ်။ ကျွန်တော်ပြောခဲ့တဲ့အထဲက သစ်သီးအမျိုး ၂၀ ပေါင်းပြီး ဒီစာအုပ်ကို ထုတ်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သစ်သီးတွေက အလွန်ပေါပါတယ်။ အခုခေတ်ကလေးတွေက အာဟာရမပြည့်တဲ့ အစားအသောက်တွေ စားနေတာတွေ တွေ့နေရတယ်။ အဲဒီအစား အာဟာရပြည့်ဝတဲ့ သစ်သီးတွေစားခြင်းဖြင့် အာဟာရပြည့်မယ်။ ဉာဏ်ရည်ဉာဏ်သွေးတွေလည်း ကောင်းလာမယ်။ ခုခံအားစနစ်ကောင်းလာမယ်။ ရောဂါကာကွယ်နိုင်တဲ့စွမ်းအားလည်း ကောင်းလာမယ်။ ဒါကြောင့် မို့ ကလေးပရိသတ်ကို ရည်ရွယ်ပြီး သစ်သီးတွေကို ကျွေးစေချင်တယ်။ ဒီဆန္ဒနဲ့ ဒီစာအုပ်ကိုရေးခြင်းဖြစ်ပါတယ်။ စာပေဆုဆိုတာ ကျွန်တော့်အတွက် အင်မတန်တန်ဖိုးထားတဲ့ လေးစားရတဲ့ဆုတစ်ခုပါ။ ဒါဒုတိယအကြိမ်ရတဲ့ စာပေဆုဖြစ်ပါတယ်။ ဆုရတဲ့အတွက် နောက်ထပ်စာရေးဖို့ အင်အားတွေရတယ်လို့ ခံစားရပါတယ်။ ကျန်းမာရေးက အားလုံးအတွက် အရေးကြီးပါတယ်။ ကျန်းမာချင်တဲ့စိတ်ဓာတ် ရှိရမယ်။ ကျန်းမာအောင် နေထိုင်စားသောက်မယ်ဆိုရင် ကျန်းမာတဲ့ဘဝကို ပိုင်ဆိုင်မယ်ဆိုတာ ပြောချင်ပါတယ်။ ဒါကို အားလုံး လိုက်နာစေချင်ပါတယ်။ လုပ်စေချင်ပါတယ်။

**ဒေါက်တာလှမ်းမိုးဟန်**

"ကင်ဆာလူနာများအတွက် လက်တွေ့ကျကျမေးခွန်းနဲ့အဖြေများ"စာအုပ်နဲ့ ဆုရခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ ကင်ဆာလူနာတွေအတွက် ကင်ဆာရောဂါနဲ့ပတ်သက်တဲ့ မှန်ကန်တဲ့ အချက်အလက်တွေ။ မှန်ကန်တဲ့ကုသမှုတွေကို ရစေချင်တဲ့စေတနာနဲ့ ရေးခဲ့တာပါ။ စာမူပေါင်း ၁၀၀၀ ကျော်၊ စာအုပ် ရှစ်အုပ် ရေးခဲ့ပါတယ်။ ကင်ဆာနဲ့ပတ်သက်ပြီး ရေးခဲ့တဲ့စာအုပ် နှစ်အုပ်လုံး ဆုရရှိခဲ့ပါတယ်။ စာရေးတဲ့အခါ ဇွဲမလျှော့ဘဲ စေတနာထားပြီး ရေးမယ်ဆိုရင် တစ်ချိန်မှာ အောင်မြင်နိုင်ပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါက်တာမောင်မောင်စံ**

**(ကျော်စောမင်း၊ ကြည်မင်း)**

ဆုရတဲ့အတွက် အလွန်ဝမ်းသာပါတယ်၊ စာအုပ်ကို ထုတ်ဝေပေးတဲ့ လင်းလွန်းခင်စာပေနဲ့ ဝေဖန်ရေးပရိသတ်ကိုလည်း ကျေးဇူးတင်ပါတယ်။ "သမိုင်း သို့မဟုတ် ခေတ်ရုပ်ပုံကား" ဆိုတဲ့ စာအုပ်နဲ့ဆုရဖို့ မျှော်လင့်ခဲ့ဖူးပါတယ်၊ ၂၀၁၅ မှာ "ရှင်းတူးရှင်တူး" ဆိုတဲ့စာအုပ်ကို အားကိုးခဲ့ပါတယ်။ ဇရပ်ကြိုဇရပ်ကြားက ဘုန်းကြီးကျောင်းသားတစ်ယောက်က လူငယ်တွေကိုပေးတဲ့ ကိုယ်တွေ့အောင်မြင်ရေးနည်းတွေပါ။ လူငယ်စာပေပေါ့။ "ဒေါ်စုသို့ ပေးစာ" ဆိုတဲ့ နိုင်ငံရေးဝေဖန်စာ စာအုပ်တစ်အုပ်လည်း ထွက်ခဲ့တယ်၊ "ပညာခရီးနှင့် ပညာမျက်စိ" ဆိုတဲ့ ပညာရေးအတွေ့အကြုံစာအုပ်နဲ့လည်း ဆုမျှော်လင့်ခဲ့ဖူးတယ်။ ၂၀၁၆ ခုနှစ်ကျတော့ "ဦးအောင်သင်းနှင့် ကျွန်တော်" ဆိုတဲ့ စာအုပ်။ တိုင်းပြည်အတွက် တန်ဖိုးကြီးလှတဲ့ လူတစ်ယောက်ကို ဂုဏ်ဖော်ပြီး ကြည်ညိုစိတ်နဲ့ရေးတာ။ ကိုယ်မှ မရေးရင်မဖြစ်တဲ့ စာမျိုးပဲရေးတာ။ စာအုပ်က ပါးလို့၊ သေးလို့ဆိုတာမျိုးတွေနဲ့ ကိုင်တောင်မကြည့်ဘူးလို့ ကြားရပါတယ်။ ဟုတ်ချင်ဟုတ်မှာပါ၊ "ဖတ်ကြည့်" စာအုပ်က ၂၀၁၇မှာ ထွက်ပါတယ်။ ထုတ်ဝေသူက အရင် ဟန်သစ်က ဆောင်းပါးတွေကို ကြိုက်သူပါ။ ကျွန်တော်က လောလောဆယ်ကိစ္စတွေကို အရင်ထုတ်ချင်လို့ ကြေးမုံဆောင်းပါးတွေနဲ့ ပြည်သူ့အရေးဆောင်းပါးတွေကိုပဲ ထုတ်လိုက်တာ။ ဆက်ထွက်လာမှာပါ။ စာပေဝေဖန်ရေးမှာ ကျွန်တော်ကိုင်တဲ့မူက ကျွန်တော့်ဆရာ အထောက်တော်လှအောင် သင်ကြားပေးခဲ့တာကိုအခြေခံပြီး ပြောစရာကို ယဉ်ယဉ်ကျေးကျေးပြောတဲ့မူပါ၊ Speak softly but carry a banner ပေါ့၊ ဦးလှအောင်က ကလောင်သစ်ကို မြေတောင်မြှောက်ပေးသလို ဝေဖန်။ ကလောင်ကြီးကျတော့ ကိုင်းပုံ့တွေဖြတ်ပေးသလို ဝေဖန်လို့ ပြောခဲ့တယ်။ ဝေဖန်ရေးသမားက ပြည်တွင်းပြည်ပ စာတွေ အများကြီးဖတ်ရပါတယ်။ ဒ့ါကြောင့်လည်း စာအရေးကျဲပါတယ်။ ကျွန်တော်ဆက်ကြိုးစားပါ့မယ်။

**ဦးသိန်းလှိုင်(မြန်မာ့သမိုင်းအဖွဲ့ အဖွဲ့ဝင်)**

"Myanmar English Dictionary of Ancient Myanmar Historial Terms" စာအုပ်နဲ့ ဆုရခဲ့ပါတယ်။ အမျိုးသားစာပေဆုအပါအဝင် ပြင်ပစာပေဆုပေးတဲ့အဖွဲ့တွေက မြန်မာနိုင်ငံစာပေဖွံ့ဖြိုးဖို့အတွက် အများကြီးအကျိုးပြုပါတယ်။ အဆင့်မြင့်တဲ့စာအုပ်တွေကို ရွေးချယ်ပြီး တော့ဆုပေးခဲ့တယ်။ ဗဟုသုတစာပေတွေကို မြန်မာလူငယ်တွေဖတ်ပြီးတော့ နိုင်ငံ့အကျိုးပြုလုပ်ငန်းတွေကို ဆက်ပြီးဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

**ဒေါ်သက်သက်ရွှေ (ဆရာဝန်တင်ရွှေ၏ သမီး)**

ဒီနှစ်တော့ ငါးဆုချီးမြှင့်ဖို့ လျာထားပါတယ်။ တစ်သက်တာစာပေဆုအနေနဲ့ တစ်သက်တာလုံး စာပေလုပ်ငန်းတွေကို လုပ်ဆောင်လာခဲ့တဲ့ ဆရာကြီး စည်သူ ဒေါက်တာဦးသော်ကောင်းကို ချီးမြှင့်ဖို့ရည်စူးထားပါတယ်။ စာအုပ်ဆုအနေနဲ့ကတော့ လေးဆုပါ။ ဆုတွေထဲမှာ ဒေါက်တာခင်မောင်လွင်(Fame)ရေးတဲ့ သစ်သီးတွေက ကျန်းမာရေး အကျိုးပြုပုံအကြောင်း။ ဒေါက်တာလှမ်းမိုးဟန်ရေးတဲ့ ကင်ဆာရောဂါဝေဒနာတွေအကြောင်း။ အဲဒီအကြောင်းတွေက လူသားတွေအတွက် ပိုပြီးအကျိုးပြုသွားမယ်လို့ မျှော်လင့်ပါတယ်။ နောက်ပြီး ဆရာဦးသိန်းလှိုင်က သမိုင်းဆိုင်ရာ အချက်အလက်တွေ ရေးထားပါတယ်။ မသိတဲ့သူတွေအတွက် အလွန်ပဲ အထောက်အကူဖြစ်မယ်လို့ မျှော်လင့်ပါတယ်၊ ဒေါက်တာမောင်မောင်စံ (ဆရာကျော်စောမင်း) ရေးတဲ့ "ဖတ်ကြည့်"စာအုပ်ကလည်း စာပေအနာဂတ်ကို ပိုပြီးကျယ်ကျယ်ပြန့်ပြန့်မြင်ရမလားလို့ မျှော်လင့်တဲ့အတွက် အဲဒါတွေကြောင့် ဒီစာအုပ်တွေကို ရွေးချယ်ပြီး ဆုချီးမြှင့်ခြင်းဖြစ်ပါတယ်။ ရေရှည်တစ်သက်တာလုံး ဒီစာပေဆုရပ်တည်နိုင်ဖို့ ဆက်လက်ရွေးချယ် ဆုချီးမြှင့်သွားဖို့မျှော်လင့်ထားပါတယ်။

အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။

**တွေ့ဆုံမေးမြန်း- ရီရီမြင့်၊ နန္ဒာဝင်း**
**ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွန်း**

*စာမျက်နှာ ၈ မှ*

ယင်းဇာတ်ကားတွင် ယနေ့ခေတ်လူငယ်များ၏ လူနေမှု စရိုက်နှင့်အတူ အိမ်ထောင်တစ်ခုတွင် အိမ်ရှင်မတစ်ဦးက ဦးစီးနေရသော အိမ်ထောင်ရေးကို ပုံဖော်ရိုက်ကူးထားသလို ပျော်ရွှင်ရယ်မောဖွယ်ရာများနှင့် ရသစုံပေါ်လွင်အောင် ရိုက်ကူးထားသည့် ရုပ်ရှင်ကားကြီးတစ်ကားလည်းဖြစ်သည်။


မေတ္တာထားတာအဟုတ်ကိုပဲ ရုပ်ရှင်ဇာတ်ကားကြီးမှ ဇာတ်ဝင်ခန်းတစ်ခန်း။


မေတ္တာထားတာအဟုတ်ကိုပဲ ရုပ်ရှင်ဇာတ်ကားကြီးမှ ဇာတ်ဝင်ခန်းတစ်ခန်း။

**ပန်းသခင်ရုပ်ရှင်ထုတ်လုပ်ရေးမှ တာဝန်ယူရိုက်ကူး**

အဆိုပါရုပ်ရှင်ကားကြီးကို ပန်းသခင်ရုပ်ရှင်ထုတ်လုပ်ရေးမှ တာဝန်ယူရိုက်ကူးပြီး နုနုရီမှ စီစဉ်တင်ဆက်ထားခြင်းဖြစ်သည်။ ထိုရုပ်ရှင်ဇာတ်ကားကြီး ရုံတင်ပြသနိုင်ရန် ကာလရှည်စောင့်ဆိုင်းခဲ့ရကြောင်း၊ အလားတူ ရိုက်ပြီးရုပ်ရှင် ဇာတ်ကားအများအပြားလည်း ရုံတင်ပြသခွင့်ရရန် စောင့်ဆိုင်းနေကြရကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကြီးအား ဖန်တီးပုံဖော်ရိုက်ကူးသော ဒါရိုက်တာ အကယ်ဒမီ ထွန်းအောင်ဇော်က ပြောကြားခဲ့သည်။

**သတင်း- ညွန့်ကိုကို၊ မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ရဲထွန်း၊ မင်းထက်**

# မောင်တောမြို့နယ် ခရေမြိုင်ကျေးရွာတွင် တည်ထားကိုးကွယ်သည့် အေးချမ်းအောင်မြင်ဓာတ်ပေါင်းစု ဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်

**မောင်တော မေ ၂၀**

မောင်တောမြို့နယ် ခရေမြိုင်ကျေးရွာ သန္တိသုခကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်တော်မူသည့် အေးချမ်းအောင်မြင်ဓာတ်ပေါင်းစု ဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ဩ့ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ခြင်း၊ သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များချီးမြှင့်ခြင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်ဘုံအဆင့်ဆင့်တို့အား ဆက်ကပ်ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ရွှေထီးတော်အား ပင့်ဆောင်ကာ စေတီတော်မြတ်ကို လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်ပြီး **(ဓာတ်ပုံ)** ရွှေထီးတော်ဘုံအဆင့်ဆင့်အား တင်လှူပူဇော်ကြသည်။

ယင်းနောက် မောင်တောခရိုင်အုပ်ချုပ်ရေးမှူး၊ နယ်မြေခံ စစ်ဗျူဟာမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် အောင်မြင်ဗောဓိဆရာတော်က အနုမောဒနာနှင့် ရေစက်ချတရားတော်တို့ကို ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**နိုင်လင်းကြည်၊ ဇင်ဦး**
**ဓာတ်ပုံ- သက်လွင်စိုး (ခရိုင်ပြန်/ဆက်)**



# မြန်မာနိုင်ငံ ကြံနှင့် သကြားကောင်စီဖွဲ့စည်းနိုင်ရေးအတွက် နှစ်ပတ်လည်ညီလာခံတွင် လိုအပ်သည့်ဥပဒေများ အတည်ပြုရေးဆွဲသွားမည်

ရန်ကုန် မေ ၂၀

**မြန်မာနိုင်ငံ ကြံနှင့် သကြားကောင်စီဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သည့်ဥပဒေများ အတည်ပြုရေးဆွဲနိုင်ရန် မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်ညီလာခံတွင် လိုအပ်သည်များကို အပြီးသတ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း မေ ၂၀ ရက်က မန္တလေးမြို့တော်ခန်းမ၌ကျင်းပခဲ့သည့် အဆိုပါအသင်းညီလာခံတွင် အသင်းဥက္ကဋ္ဌ ဦးစိုးလင်းက ပြောကြားသည်။**

လာမည့် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာ့ကြံနှင့် သကြားဥပဒေကို အတည်ပြုပြီးပါက တောင်သူလယ်သမားကိုယ်စားလှယ်များ၊ စက်ရုံကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာမှ ပညာရှင်များ ပါဝင်သည့် ကြံနှင့် သကြားကောင်စီကို ဖွဲ့စည်းသွားမည်ဖြစ်ကာ အဆိုပါကောင်စီမှ မြန်မာ့ကြံနှင့် သကြားဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဥပဒေအတည်ပြုဖို့အတွက် မူကြမ်းပြင်ဆင်တာ တစ်နှစ်ကျော်သွားပြီ၊ အခု ဒုတိယအကြိမ် ဆွေးနွေးသွားမယ်၊ ဒီနေ့ဆွေးနွေးပွဲကို မတက်ရောက်လာနိုင်တဲ့သူတွေအတွက် ကြံစိုက်တောင်သူတွေ စက်ရုံတွေအထိသွားပြီး ရှင်းလင်းပေးဖို့လည်း ရှိတယ်၊ အခုညီလာခံမှာ ဒီမူကြမ်းထဲမှာမပါတဲ့ လိုနေသေးတဲ့ အချက်တွေကို ဖြည့်စွက်ပြီး မလိုတဲ့အချက်တွေကို အားလုံးသဘောတူညီတဲ့ ဆန္ဒနဲ့ ပယ်ဖျက်ပြီး ဥပဒေကို အတည်ပြုဖို့ ဆောင်ရွက်သွားမယ်" ဟု အသင်းဥက္ကဋ္ဌ ဦးစိုးလင်းက ပြောသည်။

အဆိုပါညီလာခံသို့ နေပြည်တော် တောင်ဖီလာကျေးရွာမှ တက်ရောက်လာသည့် ကြံစိုက်တောင်သူ ဦးဌေးဦးက "ဒီအသင်းဖွဲ့စည်းရတဲ့ ရည်ရွယ်ချက်ကို တောင်သူတွေ တကယ်နားလည်အောင် အောက်ခြေအထိ သွားရောက်ရှင်းပြဖို့ လိုတယ်၊ တောင်သူတွေမှာ အခက်အခဲတွေတော့ ရှိနေတာပဲ၊ လက်ရှိမှာတော့ တောင်သူတွေလက်ထဲမှာ သကြားနဲ့ကြံတွေ မရှိတော့ဘူးဆိုရင် သကြားဈေးတက်လာပြီ၊ ဒါမျိုးတွေကိုလည်း ထိထိရောက်ရောက်လုပ်ပေးဖို့ လိုတယ်" ဟု အကြံပြု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းအသင်းညီလာခံကို နှစ်နှစ်တစ်ကြိမ်ကျင်းပလေ့ရှိပြီး ယခုကျင်းပသည့် ညီလာခံတွင် မေ ၂၀ ရက်က ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ငွေစာရင်းများကို ရှင်းလင်းသွားမည်ဖြစ်ပြီး မေ ၂၁ ရက်တွင် မြန်မာ့ကြံနှင့် သကြားဥပဒေနှင့်ပတ်သက်၍ ကဏ္ဍတစ်ခုချင်းအလိုက် ချပြဆွေးနွေး၍ အကြံဉာဏ်များရယူကာ ဆက်လက်အတည်ပြုနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါညီလာခံသို့ ကြံစိုက်တောင်သူများ၊ သကြားစက်ရုံများမှ လုပ်ငန်းရှင်ကြီးများ၊ သကြားရောင်းဝယ်သူ ကုန်သည်များ၊ သကြားကုန်ကြမ်းသုံး စားသောက်ကုန်လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသင်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# မြေပြင်သာအုပ်စုမှ လူဦးရေ ၁၆၈၄ ဦးအတွက် သောက်သုံးရေများ ဆက်လက်လှူဒါန်းရန် လိုအပ်လျက်ရှိ

**မြို့သစ် မေ ၂၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာအုပ်စုရှိ ကျေးရွာများတွင် နေထိုင်လျက်ရှိသည့် လူဦးရေ ၁၆၈၄ ဦးအတွက် သောက်သုံးရေများ ပြတ်လပ်မှုရှိနေသဖြင့် ရေလှူဒါန်းမှုများ လိုအပ်လျက်ရှိကြောင်း သိရသည်။

မြေပြင်သာအုပ်စုတွင် မြို့နယ်မှ ရေတွင်းတူးပေးခဲ့သော်လည်း အောင်မြင်မှုမရှိကြောင်း၊ ပညာရှင်များခေါ်ယူ၍ ပေအရှည်တူးပါက ရွာ၏သောက်သုံးရေအတွက် စက်ရေတွင်းများပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ ရေပြတ်လပ်သည့်ဒဏ်မှလည်း ကင်းဝေးနိုင်ပြီး လက်ရှိအနေအထားအရ မိုးရွာသွန်းခြင်းနည်းပါးနေသဖြင့် ရေအလှူရှင်များ လိုအပ်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

လူနေမှုဘဝပြည့်စုံခြင်းမရှိဘဲ ရေရှားသော မြေပြင်သာကျေးရွာအုပ်စုသို့ မြို့သစ်မြို့နယ်ရဲတပ်ဖွဲ့မှ ဧပြီ ၇ ရက်က တစ်ကြိမ်၊ အောင်ချမ်းသာကျေးရွာသို့ ဧပြီ ၂၁ ရက်က တစ်ကြိမ်၊ ကျောက်ထရံကျေးရွာသို့ မေ ၅ ရက်က တစ်ကြိမ်၊ ယနေ့ နံနက်ပိုင်းက တစ်ကြိမ် သွားရောက်လှူဒါန်းလျက်ရှိသည်။

မြေပြင်သာကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာတွင် လူဦးရေ ၅၉၆ ဦး၊ ကိုဒူကျေးရွာတွင် လူဦးရေ ၅၈၈ ဦး၊ ကျောက်ထရံကျေးရွာတွင် လူဦးရေ ၅၀၀ နေထိုင်ကြပြီး စုစုပေါင်း လူဦးရေ ၁၆၈၄ ဦး ရေပြတ်လပ်မှုကြုံတွေ့နေရကြောင်း သိရသည်။

**သန်းဝင်းထွန်း (မြို့သစ်)**

# အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက်ပိုမို မောင်းနှင်သောယာဉ်များနှင့် ခါးပတ်မပတ်ဘဲ မောင်းနှင်သောယာဉ်များအား အရေးယူ

**နေပြည်တော် မေ ၂၀**

ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၂၀၁ နေပြည်တော် တိုးဂိတ်၌ မေ ၁၈ ရက် ည ၆ နာရီမှ ၁၉ ရက် ညနေ ၅ နာရီထိ သတ်မှတ်မိုင်နှုန်းထက်ကျော်လွန်သည့် မော်တော်ယာဉ် ၁၉ စီး၊ ဖြူးမြို့နယ် ၁၁၅ မိုင် ဖြူးတိုးဂိတ်၌ မော်တော်ယာဉ် လေးစီး စုစုပေါင်း ၂၃ စီး ဖမ်းဆီးခဲ့ပြီး ယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၈ ခုနှစ် မေ ၁၉ ရက်အထိ သတ်မှတ်အရှိန်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ် ၃၂၂၅ စီး ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

အလားတူ မေ ၁၈ ရက် ည ၆ နာရီမှ ၁၉ ရက် ညနေ ၅ နာရီထိ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် ၂၀၁ နေပြည်တော်တိုးဂိတ်၌ ခါးပတ်မပတ်ဘဲ မောင်းနှင်သည့် မော်တော်ယာဉ်ငါးစီး၊ လှည်းကူးမြို့နယ် အမှတ် ၃ လမ်းဆုံ တိုးဂိတ်၌ မော်တော်ယာဉ် ရှစ်စီး၊ တံတားဦးမြို့နယ် စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ် တစ်စီး၊ မိတ္ထီလာမြို့နယ် သီးကုန်းတိုးဂိတ်၌ မော်တော်ယာဉ် နှစ်စီး စုစုပေါင်း ၁၆ စီး ဖမ်းဆီးခဲ့ပြီး ယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်မှ ၂၀၁၈ ခုနှစ် မေ ၁၉ ရက်အထိ ခါးပတ်မပတ်ဘဲမောင်းနှင်သောယာဉ် ၄၈၆၂ စီး ဖမ်းဆီးအရေးယူခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကြိုတင်ကာကွယ် သွေးလွန်တုပ်ကွေးအန္တရာယ်

- သွေးလွန်တုပ်ကွေးရောဂါသည် ရာသီမရွေးဖြစ်ပွားတတ်ပြီး မိုးဦးကျမှစတင်၍ မိုးရာသီတွင် အဖြစ်အများဆုံးဖြစ်ပါသည်။
- ရောဂါပိုးရှိသည့် ခြင်ကျားကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ပါသည်။
- ဒေသမရွေး၊ လူမျိုးမရွေး၊ အသက်အရွယ်မရွေး၊ အလုပ်အကိုင်မရွေး မည်သူမဆို ကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ခြင်ပေါက်ပွားနိုင်သောနေရာများကို ရှင်းလင်းထားခြင်းဖြင့် မိမိနှင့် ပတ်ဝန်းကျင်ရှိ မိသားစုများကို ကြိုတင်ကာကွယ်နိုင်ပါသည်။

(၁) ခြင်ပေါက်ပွားနိုင်သော အိမ်တွင်း၊ အိမ်ပြင်ရှိ ရေသိုလှောင်ထားသည့် ရေစည်၊ ရေအိုးတို့ကို အဖုံးဖုံးထားပါ။
(၂) ယင်းတို့တွင် ပိုးလောက်လန်းများကို တွေ့ပါက ရေသွန်၊ လှယ်ပစ်ပါ။
(၃) ဘုရားပန်းအိုး၊ နတ်စင်အိုး၊ အိမ်တွင်းအလှပန်းအိုး စသည်တို့ထားရှိပါက အနည်းဆုံး သုံးရက်လျှင်တစ်ကြိမ် ရေလဲလှယ်ပေးပါ။
(၄)မိုးရွာပြီး ရေတင်ကျန်နိုင်သည့် အိုး၊ ခွက်၊ တာယာဟောင်း၊ ဘက်ထရီအိုး စသည်တို့ကို ရှင်းလင်းထားပါ။
(၅) ရေအောင်းပြီး ခြင်ပေါက်ပွားနိုင်သော ဝါးငုတ်၊ သစ်ခေါင်းများကို မြေဖို့ထားပါ။
(၆) ရေကန်များကို အဘိတ်ဆေးခတ်ရန် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



**ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် တောင်ကြာအင်းကျေးရွာ အထက်တန်းကျောင်းတွင် မိုးရာသီကျောင်းဖွင့်ချိန်အမီ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးအတွက်နှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် မေ ၂၀ ရက်က စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာ တောင်ကြာအင်းကျေးရွာ နယ်မြေခန်းမှူးရဲအုပ် သန်းအောင်ကျော် ဦးစီးအဖွဲ့၊ ကျေးရွာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မာချိုနှင့် ဆရာ ဆရာမများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသားများ စုပေါင်း၍ ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။**

တင်ဝင်းလှိုင် (ကော့ကရိတ်)

## တိမ်အသင့်အတင့်ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၂၀**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

ပညာရေးဝန်ကြီးဌာန

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နံရေးသီတင်းပတ် ၂၀၁၈၊ မေလ (၂၅) မှ (၃၁) ရက်အထိ



ရှမ်းပြည်နယ်အရှေ့ပိုင်း ရှမ်းတိုင်းရင်းသားတို့ ရိုးရာဓလေ့ မိုးခေါ်ပွဲ(ခ) မီးရှူးလွှတ်တင်ပွဲကို မေ ၂၀ ရက်က တာချီလိတ်ခရိုင် မိုင်းယုမြို့ မိုင်းလွေကျေးရွာ နမ့်လွေချောင်းအနီး လယ်ကွင်းပြင်၌ ကျင်းပနေသည်ကို တွေ့ရစဉ်။ ကိုကိုနိုင် (ပြန်/ဆက်)

## ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ပြည်သူအင်အား ၃၀၀ ကျော်ခန့်က ကန့်ကွက်ဆန္ဒဖော်ထုတ်



ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း ဃြယ ခန်းမအနီး ထူးအိမ်ရာရှေ့၌ မရမ်းကုန်းမြို့နယ်ရှိ ပြည်သူအင်အား ၃၀၀ ကျော်ခန့်က ဋ္ဌယ ကတ် ကိုင်ဆောင်၍ တစ်နိုင်ငံလုံးသွားလာခွင့်ပြုမည်ဆိုပါက မလိုလားပါကြောင်း ယနေ့ နံနက် ၇ နာရီခွဲမှ နံနက် ၉ နာရီအထိ တစ်နာရီခွဲကြာ ကန့်ကွက်ဆန္ဒဖော်ထုတ်ခဲ့ ကြသည်။

**စီတန်းလမ်းလျှောက်**

အဆိုပါ ကန့်ကွက်ဆန္ဒဖော်ထုတ်ပွဲပြုလုပ်ရာ၌ မရမ်းကုန်း ပြည်သူအချို့က မင်းဓမ္မနှင့် ကျိုက်ဝိုင်းမီးပွိုင့်လမ်းဆုံတွင် စုရပ်လုပ်ကာ ကန့်ကွက်ကြောင်း စာတန်းပါရှိသည့် ဗွီနိုင်းစများ ကိုင်ဆောင်ပြီး မင်းဓမ္မလမ်းအတိုင်း MCC ခန်းမအနီးထိ စီတန်းလမ်းလျှောက်ခဲ့ကြသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

## အသက်ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦး ဓာတ်လိုက်သေဆုံး

ဆားလင်းကြီး မေ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ဘိုက်သရက်ကျေးရွာ၌ အသက်ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦး မေ ၁၈ ရက် ညနေ ၆ နာရီခွဲက ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့သည်။

မေ ၁၈ ရက် ညနေ ၆ နာရီခွဲ မိုးရွာပြီးချိန်တွင် ဆားလင်းကြီးမြို့နယ် ဘိုက်သရက်ကျေးရွာနေ ဦးဇော်မျိုး၏သမီး မစုမြတ်ဝေ (ကိုးနှစ်)လေးတန်း ကျောင်းသူသည် အဘွားဖြစ်သူ ဒေါ်ခင်သန်းမေ၏ နေအိမ်ကြား၌ သွယ်တန်းထားသော လျှပ်စစ်မီးကြိုးအား ခုန်ဆွဲလိုက်ရာမှ ဓာတ်လိုက်မှုဖြစ်ပွားပြီး မတောင်းတတိုက်နယ်ဆေးရုံသို့ တင်ပို့ခဲ့ရာ ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် ဆားလင်းကြီးမြို့မ ရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးငယ် (ဆားလင်းကြီး)**

## မူဆယ်မြို့နယ် ခိုခေလမ်းကြား၌ တရားမဝင်သကြားများတင်ဆောင်လာသော ယာဉ်တစ်စီးဖမ်းမိ

မူဆယ် မေ ၂၀

**ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မော်တောင်းအုပ်စု ခိုခေလမ်းကြောင်းအတွင်း မုံးပေါ်ပြည်သူ့စစ်ဂိတ်အနီး၌ မေ ၁၉ ရက်က တရားမဝင်သကြားအိတ်များတင်ဆောင်လာသော ၁၂ ဘီးယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့သည်။**

သကြားများ တင်ဆောင်ကာ မော်တောင်း-ခိုခေ-ပိုင်ကျုံလမ်းကြောင်း မှတစ်ဆင့် တရားမဝင်သွားလာနေကြောင်း သတင်းအရ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်အောင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးဘေး ခိုခေလမ်းခွဲအနီး စောင့်ဆိုင်းနေစဉ် မေ ၁၉ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် 7D/---- ၁၂ ဘီးယာဉ်သည် ခိုခေလမ်းကြောင်းအတွင်း ဝင်ရောက်လာသဖြင့် မုံးပေါ်ပြည်သူ့စစ်လုံခြုံရေးဂိတ်အနီး မသင်္ကာသောကြောင့် တားဆီးစစ်ဆေးခဲ့ရာ ယာဉ်နောက်ပိတ်အား ဖွင့်လှစ်စစ်ဆေးနေစဉ် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း၊ ယာဉ်ပေါ်တွင် Thai Roong Ruang အမှတ်တံဆိပ် ထိုင်းနိုင်ငံထုတ် သကြားအိတ် ၆၅၀ တင်ဆောင်ထားကြောင်း စစ်ဆေးတွေ့ရှိပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်ပေးရန်အတွက် မေ ၂၀ ရက်တွင် ကုန်သွယ်ရေးဦးစီးဌာနမှ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

## ဖားကန့်မြို့နယ်၌ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ၏ မြေကမ်းပါးယံပြိုကျ တစ်ဦးသေ၊ ၁၁ ဦးဒဏ်ရာရ

ဖားကန့် မေ ၂၀

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေ့ခါကျေးရွာအနီး၌ မေ ၂၀ ရက် ညနေ ၅ နာရီခွဲက တစ်သုံးလုံးကျောက်မျက်တူးဖော်ရေးကုမ္ပဏီနှင့် ရတနာကြယ်ကျောက်မျက်တူးဖော်ရေးကုမ္ပဏီကြားရှိ မြေကမ်းပါးယံပြိုကျခဲ့၍ ရေမဆေးကျောက်ရှာဖွေသူတစ်ဦး သေဆုံးကာ ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တစ်သုံးလုံးကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီနှင့် ရတနာကြယ်ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီ နှစ်ခုကြားရှိ အမြင့်ပေ ၁၀၀ ခန့်နှင့် အကျယ်ပေ ၅၀ ခန့်ရှိ မြေကမ်းပါးယံပြိုကျခဲ့၍ အောင်ဌေး(၃၆ နှစ်)မှာ သေဆုံးခဲ့ပြီး အောင်ငယ်(၂၅ နှစ်)၊ အောင်ရဲကျော်(၁၈ နှစ်)၊ ရဲကို(၂၄ နှစ်)၊ မောင်ဝင်း(၃၃ နှစ်)၊ သိန်းဇော်(၄၅ နှစ်)၊ မောင်နိုင်(၃၈ နှစ်)၊ ဇော်လင်းထွန်း(၃၄ နှစ်)၊ ကိုအောင်(၃၀နှစ်)၊ မြင့်ကျော်(၃၇ နှစ်)၊ သိန်းလှိုင်(၄၆ နှစ်) နှင့် တင်ငြိမ်းဦး(၂၆ နှစ်)တို့ ဒဏ်ရာများရရှိခဲ့၍ ဖားကန့်မြို့နယ်မီးသတ်ဦးစီးမှူး ဦးပြေငြိမ်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ရှာဖွေကယ်ဆယ်ရေးများ ပြုလုပ်ကာ ဝေ့ခါလူမှုကူညီရေးယာဉ်ဖြင့် ဖားကန့်ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

## ဘားအံမြို့တွင် လိုင်စင်မဲ့ယာဉ်အရောင်းအဝယ်ပြုလုပ်သည့်နေရာအား ဝင်ရောက်ဖမ်းဆီးရာ ပိုင်ရှင် ၁၁ ဦးထံမှ လိုင်စင်မဲ့ယာဉ် ၂၂ စီး သိမ်းဆည်းရမိ

ဘားအံ မေ ၂၀

**ကရင်ပြည်နယ် ဘားအံမြို့တွင် လိုင်စင်မဲ့မော်တော်ယာဉ်များ အရောင်းအဝယ်ပြုလုပ်သည့်နေရာအား သတင်းအရ ဝင်ရောက်ဖမ်းဆီးရာ ပိုင်ရှင် ၁၁ ဦးထံမှ လိုင်စင်မဲ့ယာဉ် ၂၂ စီး သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။**

ဖြစ်စဉ်မှာ မေ ၁၈ ရက် နေ့လယ်ပိုင်းက ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်သက်စိုးဦးနှင့် ဘားအံမြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့ အမှတ် ၉ ရပ်ကွက် မင်္ဂလာလမ်းအတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များ အရောင်းအဝယ်ပြုလုပ်နေကြောင်း သတင်းအရ ဝင်ရောက်ဖမ်းဆီးရာ ဝေယံ(ခ) ဝေယံထွန်း(၃၂ နှစ်) ထံမှ 9C/---- လိုင်စင်မဲ့ယာဉ်တစ်စီးကို လည်းကောင်း၊ ကိုထိုက် (၃၄ နှစ်) ထံမှ 8E/--- လိုင်စင်မဲ့ယာဉ်၊ 9K/---- လိုင်စင်မဲ့ယာဉ်နှင့် နံပါတ်တပ်ဆင်ထားခြင်းမရှိသော လိုင်စင်မဲ့ယာဉ်တစ်စီး အပါအဝင် စုစုပေါင်း သုံးစီးကို လည်းကောင်း၊ ဦးအဖူး (၅၂ နှစ်) ထံမှ 9K/---- လိုင်စင်မဲ့ယာဉ်၊ 4J/---- လိုင်စင်မဲ့ယာဉ်၊ နံပါတ်တပ်ဆင်ထားခြင်းမရှိသော လိုင်စင်မဲ့ယာဉ်၊ 2N/---- လိုင်စင်မဲ့ယာဉ်၊ 5J/---- လိုင်စင်မဲ့ယာဉ်နှင့် 4H/---- လိုင်စင်မဲ့ယာဉ်တစ်စီး အပါအဝင် စုစုပေါင်း ခြောက်စီး၊ သူရိန်ဝင်း(ခ) အရှည်ကြီး(၂၆ နှစ်)ထံမှ 6F/---- လိုင်စင်မဲ့ယာဉ်တစ်စီး၊ တင်မင်းထွန်း(ခ) မင်းနိုင် (၂၉ နှစ်) ထံမှ 5N/---- လိုင်စင်မဲ့ယာဉ်တစ်စီး၊ စံရွှေမောင်(ခ)နောင်လုံဖျံ (၅၂ နှစ်)ထံမှ 4C/---- လိုင်စင်မဲ့ယာဉ်တစ်စီး၊ စိုးထက်စံ(ခ) အိုမိုင်(၂၁ နှစ်)ထံမှ 4C/---- လိုင်စင်မဲ့ယာဉ်၊ 4K/---- လိုင်စင်မဲ့ယာဉ်၊ 1L/---- လိုင်စင်မဲ့ယာဉ်တစ်စီးအပါအဝင် စုစုပေါင်းသုံးစီးကို လည်းကောင်း၊ မင်းကို(၃၈ နှစ်)ထံမှ 3G/---- လိုင်စင်မဲ့ယာဉ်နှင့် 1H/---- လိုင်စင်မဲ့ယာဉ်တစ်စီး အပါအဝင် စုစုပေါင်းနှစ်စီးကို လည်းကောင်း၊ စိုးကြည်ဦး (၂၀ နှစ်) ထံမှ 7D/---- လိုင်စင်မဲ့ယာဉ်နှင့် 6M/---- လိုင်စင်မဲ့ယာဉ်တစ်စီးအပါအဝင် စုစုပေါင်းနှစ်စီး၊ ဘိုဘို (၄၅ နှစ်)ထံမှ 5G/---- လိုင်စင်မဲ့ယာဉ်တစ်စီး၊ ဝင်းမောင်မောင်မျိုး (၃၁ နှစ်)ထံမှ 1G/---- လိုင်စင်မဲ့ယာဉ်တစ်စီးတို့ကို အသီးသီးဖမ်းဆီးရမိသဖြင့် စုစုပေါင်း ပိုင်ရှင် ၁၁ ဦးထံမှ လိုင်စင်မဲ့ယာဉ် ၂၂ စီးကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ထို့ကြောင့် လိုင်စင်မဲ့ယာဉ်များနှင့်အတူ လက်ဝယ်တွေ့ရှိရသူ ၁၁ ဦးအား ဘားအံမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက် ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ ဇုန်အလိုက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၀

**၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဇုန်အလိုက် ဘောလုံးပြိုင်ပွဲ (MPT-University Football Tournament 2018) ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သထုံလမ်းရှိ တက္ကသိုလ်များ ဘောလုံးကွင်း၌ ကျင်းပသည်။**

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နေဝင်းဦးက အမှာစကားပြောကြားသည်။

ထို့နောက် MPT Joint Operation မှ CEO ဦးနိုင်ကိုကိုက ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနေရှင်နယ်လိဂ် ကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တက္ကသိုလ်များ ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ပါမောက္ခချုပ် ဒေါက်တာ တင်မောင်လှ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် MPT Joint Operation မှ CEO ဦးနိုင်ကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများအား လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် MPT-University Football Tournament 2018 ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပွဲစဉ်အဖြစ် ရန်ကုန် အနောက်ပိုင်းဇုန်နှင့် မော်လမြိုင်ဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အဆိုပါ MPT-University Football Tournament 2018 ဘောလုံးပြိုင်ပွဲကို မေ ၂၀ ရက်မှ မေ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# စတုတ္ထအကြိမ်မြောက် ဗန်တိုတံခွန်စိုက်ပြိုင်ပွဲ ကျင်းပမည်



**မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဗန်တိုတံခွန်စိုက်ပြိုင်ပွဲ ကျင်းပနေစဉ်။**

**ရန်ကုန် မေ ၂၀**

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဗန်တိုတံခွန်စိုက်ပြိုင်ပွဲကို ဇွန် ၅ ရက်မှ ၉ ရက်နေ့အထိ ရန်ကုန်မြို့အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုအသင်းများ၊ ပြင်ပအဖွဲ့အသင်းများ၊ ဌာနများ၊ ကလပ်အသင်းများဝင် ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲ၌ သက်ငယ်တန်းဗန်တိုအတိုက်ပြိုင်ပွဲတွင် အမျိုးသား (၃၄-၃၇) (၃၇-၄၀) ကီလိုတန်း၊ အကြီးတန်းအမျိုးသား (၄၅-၄၉)၊ (၄၉-၅၃)၊ (၅၃-၅၇)၊ (၅၇-၆၁)၊ (၆၁-၆၅)၊ (၆၅-၆၉)၊ ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသမီး (၄၅-၄၉)၊ (၄၉-၅၃)၊ (၅၃-၅၇) ကီလိုတန်းပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းများသည် မေ ၂၅ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်ပြီး အကြီးတန်းပြိုင်ပွဲအတွက် အသက် ၁၇ နှစ်မှ ၃၀ နှစ်အတွင်း၊ သက်ငယ်တန်းအတွက် အသက် ၁၂ နှစ်မှ ၁၅ နှစ်အတွင်း သတ်မှတ်ထားသည်။

ယခုကျင်းပမည့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဗန်တိုတံခွန်စိုက်ပြိုင်ပွဲမှာ စတုတ္ထအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ပြီးခဲ့သည့်သုံးကြိမ်လုံးတွင် ဗန်တိုတံခွန်စိုက်ဆုဖလားကို ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ဆွတ်ခူးသွားခဲ့သည်။

**တင်စိုး(မြန်မာ့အလင်း)**

*❍ ကျောဖုံးမှ*

နေရာသို့ ယှဉ်ပြိုင်ပန်းဝင်ရောက်ရှိခဲ့ကြရာ စက်ဘီးဒိုင်အဖွဲ့ဝင်များက စံချိန်မှတ်ပေး၍ နေရာအတန်းလိုက်ဆုရသူများ စာရင်းရွေးချယ်ပေးကြပြီး တာဝန်ရှိသူများ စက်ဘီးစီးဝါသနာရှင် ပြည်သူများပြိုင်ပွဲဝင်များ၏ မိဘဆွေမျိုးများ တက်ရောက်အားပေးခဲ့ကြသည်။

**ချီးမြှင့်ပေးအပ်**

ထို့နောက် ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အငယ်တန်းပြိုင်ပွဲတွင် ရှိုင်းမိုးဦးက ပထမ၊ ညဏ်လင်းထက်က ဒုတိယ၊ ဟိန်းစိုးလင်းက တတိယ၊ ကိုသန့်က စတုတ္ထနှင့် ဘုန်းမြတ်က ပဥ္စမဆုရရှိကြပြီး Master တန်းပြိုင်ပွဲတွင် ညီညီက ပထမ၊ ကျော်နန္ဒက ဒုတိယ၊ ပြည့်စုံက တတိယ၊ ဟိန်းမင်းထက်က စတုတ္ထနှင့် စိုင်းကျော်သူက ပဥ္စမဆုတို့ အသီးသီးရရှိကြရာ တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝမ်းနှင့် ပြိုင်ပွဲအဓိကကူညီသူ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ MFR စက်ဘီးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းထွန်းတို့က ဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ဆုပစ္စည်းများ ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




**မန္တလေးတောင် Junior Down Hill တောင်အဆင်းလမ်းကြမ်း စက်ဘီးစီးပြိုင်ပွဲ၌ ဆုရရှိသူများကို တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။**

*❋ ကျောဖုံးမှ*

နည်းပြသစ် မာဂျန်သည် အသစ်ခေါ်ထားသည့် တောင်ပံကစားသမား ဒေးဗစ်ဒန်းကို ပွဲစကတည်းကအသုံးပြုခဲ့ပြီး သီဟစည်သူ၊ ဝီလျံ၊ လီဟန်ကွတ်၊ တင်ဝင်းအောင်တို့ဖြင့်ပွဲထွက်ခဲ့သည်။ ရောဝတီအသင်းတွင်လည်း နိုင်ငံခြားသားကစားသမားသုံးဦး အပါအဝင် လူစုံပါဝင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ နိုင်ပွဲပြန်ရရန် အားထည့်ကစားခဲ့ပြီး ၁၃ မိနစ်တွင် အဖွင့်ဂိုးရခဲ့ကာ ကစားသမားသစ်ဒေးဗစ်ဒန်းက သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ပွဲကိုထိန်းချုပ်ကစားခဲ့ပြီး ၃၉ မိနစ်တွင် ဒေးဗစ်ဒန်း၏ ဖြတ်တင်ဘောကို ဇင်မင်းထွန်းက ခေါင်းတိုက်ပြီး ဒုတိယဂိုးသွင်းခဲ့သည်။ ဒုတိယပိုင်းတွင် ရောဝတီအသင်း ချေပဂိုးရရန် ကြိုးပမ်းလာသော်လည်း ရှမ်းနောက်တန်း အမှားအယွင်းမရှိ ကစားနိုင်ခဲ့ပြီး ဂိုးမပေးရရန် ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း ဂိုးထပ်ရနိုင်သည့် အခွင့်ရေးများရခဲ့သော်လည်း ဒေးဗစ်ဒန်းနှင့် ဆောင်လမန်တို့ အသုံးမချနိုင်ခဲ့၍ ပထမပိုင်းတွင် သွင်းယူသည့် ဂိုးရလဒ်အတိုင်း ပြီးဆုံးခဲ့သည်။

**တိုက်စစ်ဖွင့်ကစား**

မန္တလာသီရိကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက တန်းတက်မြဝတီအသင်းကို ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပထမအကျော့တွင် မထင်မှတ်ဘဲ သရေကျခဲ့သောကြောင့် ရတနာပုံအသင်းအိမ်ကွင်း၌ အားထည့်ကစားခဲ့ပြီး ဂိုးပြတ်အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းတွင် လေးဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူခဲ့သည်။

ရတနာပုံအသင်းအတွက် ဂိုးများကို တိုက်စစ်မှူး ဝင်းနိုင်စိုးက ၂၊ ၃၉၊ ၆၃ မိနစ်တွင် ဟက်ထရစ်သွင်းယူခဲ့ပြီး ကျန်ဂိုးများကို ၁၁ မိနစ်တွင် လှိုင်းဘိုဘို၊ ၃၁ မိနစ်တွင် မြတ်ကောင်းခန့်၊ ၅၃ မိနစ်တွင် သက်နိုင်၊ ၈၄ မိနစ်တွင် ရှိုင်းသူရတို့က သွင်းယူခဲ့သည်။ ရှိုင်းသူရသည် ယခုရာသီ MNL အမှတ် ပေးပြိုင်ပွဲ၏ သွင်းဂိုး ၂၀၀ ပြည့်ဂိုးအား သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

**သွင်းယူ**

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းက GFA အသင်းကိုလေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းတွင် ဝါရင့်နောက်ခံလူ ဇော်မင်းထွန်း ပြန်ပါလာပြီး GFA ကို ခြေအသာဖြင့်ကစားကာ အနိုင်ဂိုးများကို ၁၈၊ ၄၅ မိနစ်တွင် ယာမာဇာကီ၊ ၃၅ မိနစ်တွင် အီမန်နျူရယ်၊ ၆၃ မိနစ်တွင် ဆီလာတို့က သွင်းယူခဲ့သည်။

ပွဲစဉ် ၁၂ အပြီးတွင် ရန်ကုန်အသင်းက ၂၉မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နေပြီး မကွေးနှင့် ရှမ်းယူနိုက်တက်အသင်းက ၂၄ မှတ်စီ ရတနာပုံအသင်းက ၂၀ မှတ်၊ ဟံသာဝတီအသင်းက ၁၈ မှတ်၊ ဇွဲကပင်နှင့် ရခိုင်အသင်းက ၁၇ မှတ်စီ၊ ရောဝတီအသင်းက ၁၅ မှတ်၊ Southern အသင်းက ၁၃ မှတ်၊ စစ်ကိုင်းအသင်းက ၁၁ မှတ်၊ GFA အသင်းက ၉ မှတ်၊ မြဝတီအသင်းက ၂ မှတ်ရထားသည်။

**ညီမြတ်သော်တာ**

# အင်္ဂလိပ် အက်ဖ်အေဖလား ချယ်လ်ဆီးတို့ ရှစ်ကြိမ်မြောက် ဆွတ်ခူး

**အင်္ဂလိပ် အက်ဖ်အေဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၁၉ ရက် ညပိုင်းက ချယ်လ်ဆီးနှင့် မန်ယူတို့ လန်ဒန်မြို့ ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိကာ အက်ဖ်အေဖလားကို ရှစ်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။**

ယခုနှစ်ရာသီ၌ ပြိုင်ပွဲအရပ်ရပ်၌ ဆုဖလားဆွတ်ခူးနိုင်ခြင်း မရှိသေးသည့် မန်ယူနှင့် ချယ်လ်ဆီးတို့ အက်ဖ်အေဖလား ဆွတ်ခူးနိုင်ရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ခြင်းကြောင့် ပွဲမှာ မြိုင်ဆိုင်ခဲ့သလို နည်းပြနှစ်ဦးဖြစ်သည့် ကွန်တီနှင့် မော်ရင်ဟိုတို့နှစ်ဦးကြား အားပြိုင်ပွဲလည်း ဖြစ်ခဲ့သည်။

ပွဲစတင်သည်နှင့် နှစ်သင်းစလုံး ဂိုးရရှိရေး အပြန်အလှန် ထိုးဖောက်ကစားခဲ့ပြီး ပွဲချိန် ၂၂ မိနစ်တွင် မန်ယူဂိုးရေိယာ အတွင်း ဟာဇက် ဘောလုံးဆွဲယူလာသည်ကို မန်ယူမှ ဖီးလ်ဂျုံး ဖျက်ထုတ်မှုကြမ်း၍ ချယ်လ်ဆီးတို့ ပယ်နယ်တီကန်ခွင့် ရရှိကာ ဟာဇက်က သွင်းယူပေးသဖြင့် ချယ်လ်ဆီးတို့ ဂိုးရရှိခဲ့သည်။ ပထမပိုင်းပြီးသည်အထိ မန်ယူတို့ ချေပဂိုး မသွင်းနိုင်၍ တစ်ဂိုး ဂိုးမရှိဖြင့် ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး အကြိတ်အနယ် ကစားရင်း ဂိုးထပ်မံမသွင်းနိုင်၍ ချယ်လ်ဆီးတို့ တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

အက်ဖ်အေဖလား သမိုင်းတွင် အာဆင်နယ်တို့က ၁၃ ကြိမ်ဖြင့် အများဆုံးရရှိထားပြီး မန်ယူက အာဆင်နယ် စံချိန်ကို လိုက်မီရန် ယခုပွဲ ဗိုလ်စွဲပါက ၁၃ ကြိမ်မြောက် ရရှိမည်ဖြစ်သော်လည်း ရှုံးနိမ့်ခဲ့သောကြောင့် ၁၂ ကြိမ်ဖြင့် ဒုတိယ အများဆုံး ရရှိထားသည်။

**သီဟ**



# အငှားယာဉ်မောင်းထံမှ လုယက်သူများကို အချိန်တိုအတွင်း ဖမ်းဆီးအရေးယူ

**ရန်ကုန် မေ ၂၀**

အငှားယာဉ်ငှားစီးပြီး ယာဉ်မောင်းထံမှ ပိုက်ဆံအိတ် လုယူသူနှစ်ဦးအား အချိန်တိုအတွင်း ဖမ်းဆီးရမိမှု မရမ်းကုန်းမြို့နယ်၌ ဖြစ်ပွားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ ကို-----သည် ပရိုဘောက် အငှားယာဉ်အား လှိုင်သာယာမြို့နယ်တွင် မောင်းနှင်နေစဉ် မေ ၁၉ ရက် ည ၉ နာရီခန့်က အမျိုးသားနှစ်ဦး ရွှေလင်ဗန်းစက်မှုဇုန်သို့ ပို့ဆောင်ပေးရန် ငွေကျပ် ၃၀၀၀ ဖြင့် ငှားရမ်းသဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ပြီးနောက် မရမ်းကုန်းမြို့နယ် သမိုင်းဘူတာရုံရှိ ၎င်းတို့၏ မိတ်ဆွေထံသို့ ငွေကျပ် ၂၀၀၀၀ ဖြင့် ထပ်မံပို့ဆောင်ပေးရန် ငှားရမ်းခဲ့ရာ သမိုင်းသို့အရောက်တွင် ၎င်းတို့၏မိတ်ဆွေအိမ်အား မှတ်မိခြင်းမရှိတော့၍ ကားဖြင့် လိုက်လံရှာဖွေနေစဉ် မရမ်းကုန်းမြို့နယ် အမှတ် ၂ ရပ်ကွက် ညီညွတ်ရေးလမ်းအရောက် ကား၏နောက်ခန်းတွင်လိုက်ပါလာသူ အမျိုးသားက ယာဉ်မောင်းအား နောက်မှမျက်လုံးကို လက်ဖြင့် ပိတ်လိုက်ရာ ကားမှာရပ်သွားစဉ် ကားရှေ့ခန်းမှ အမျိုးသားက ယာဉ်မောင်းပိုင် ငွေကျပ် ၄၅၀၀၀ ထည့်ထားသည့် အိတ်ကိုဆွဲပြီး ကားပေါ်မှ နှစ်ဦးစလုံးဆင်းကာ ထွက်ပြေးသဖြင့် ယာဉ်မောင်းက ပတ်ဝန်းကျင်သို့ အကူအညီတောင်းရာ လှည့်ကင်းဆောင်ရွက်နေသည့် မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် အနီးပတ်ဝန်းကျင်မှ လူများက ဝိုင်းဝန်းဖမ်းဆီးသဖြင့် အဆိုပါအမျိုးသားနှစ်ဦးအား ငွေထည့်ထားသည့် လွယ်အိတ်နှင့်အတူ ဖမ်းမိခဲ့သည်။

ဖမ်းဆီးရမိသူ အမျိုးသားနှစ်ဦးအားစစ်ဆေးရာ လှိုင်သာယာမြို့နယ် ရိုးလေးကျေးရွာနေသူများဖြစ်သည့် မြတ်မင်း(၂၅ နှစ်)နှင့် ပြည့်ဖြိုးအောင် (၁၉နှစ်)တို့ဖြစ်ပြီး ၎င်းတို့အား ဘုရင့်နောင်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



အငှားယာဉ်မောင်းထံမှ ပိုက်ဆံအိတ်လုယူသည့် မြတ်မင်း(၂၅ နှစ်)နှင့် ပြည့်ဖြိုးအောင် (၁၉နှစ်)တို့အား တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၂၁ -၅-၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၉း၃၅ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ "Troy" (Turkey)
၁၀း၃၀ - စိုက်ပျိုးရေးရာ အဖြေရှာ “စူးစမ်းလေ့လာတောင်သူများဆီမှာ”
၁၁း၀၀ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၄၅ - **“ဥယျာဉ်နန်းက ပန်းသခင်”** (စွမ်း၊ လင်းဇာနည်ဇော်၊ ရတနာမိုင်) (ဒါရိုက်တာ-သန်လျင်ဖိုးကျော်)
၁၄း၁၀ - Tasty Trip
၁၅း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **“မကြွေတဲ့နှင်းဆီ”** (အပိုင်း -၂၃)

**ညပိုင်း**

၁၆း၂၅ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-စာတုတ္ထနှစ် ( ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
၁၆း၄၅ - “၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ” (ရူပဗေဒဘာသာရပ်)
၁၇း၀၅ - This Week's Special Interest
၁၇း၃၅ - Yes or No Talk Show
၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ “မြန်မာတရားလမ်း ဓမ္မသတ်ချုပ် ဆွေးနွေးခန်း” (၂) ဦးဟန်ညွန့်(ဥပဒေ၊ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်) ဒါရိုက်တာ-ဝေဠု(ဝသန်)
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **“မဟာကာလီ”** (အပိုင်း-၉)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ကြွေးရာဇဝင်”** (အပိုင်း-၃၅)
- မျက်မှောက်ရေးရာ သုံးသပ်စရာ
- နိုင်ငံခြားဇာတ်လမ်းတွဲ **“မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း”** (အပိုင်း-၁၂)

# သီပေါ ကုန်းသာကျေးရွာ၌ မိသားစုအိပ်နေစဉ် လူနှစ်ဦး သေနတ်ဖြင့်ပစ်ခတ်သွား

**သီပေါ မေ ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကုန်းသာကျေးရွာ ရပ်ကွက် ၂ ၌ မေ ၂၀ ရက် နံနက်က လူနှစ်ဦး(စုံစမ်းဆဲ)က အိပ်နေသောလင်မယားကို အော်ခေါ်၍ သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

သီပေါမြို့နယ် ပြည်ထောင်စုလမ်းမကြီး မြောက်ဘက် ကုန်းသာယာကျေးရွာ ရပ်ကွက် ၂ နေ စိုင်းသာဦး(ခ) စိုင်းမျိုးသာဦးနှင့် နန်းဆွေအိမ်တို့ ဆောက်လုပ်ဆဲအိမ်တွင် မိသားစုနှင့်အတူ အိပ်နေစဉ် မေ ၂၀ ရက် နံနက် ၄ နာရီခန့်က အိပ်ရာခြေရင်းမှ ခေါတ်မီးနှင့်ထိုး၍ ၎င်း၏အမည်အား ခေါ်သဖြင့် အိပ်ရာမှ ထမည်ပြုစဉ် လူနှစ်ဦးက သေနတ်ဖြင့် ပစ်ခတ်သွားရာ စိုင်းသာဦး၏ လက်ယာပေါင်တွင် ကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက်(မစိုးရိမ်ရ)နှင့် ဇနီးဖြစ်သူ နန်းဆွေအိမ်၏ဝမ်းပိုက်ကို ကျည်ထိမှန်(စိုးရိမ်ရ) သွားသဖြင့် နယ်စည်းမခြား ပရဟိတ(သီပေါ)အဖွဲ့မှ မော်တော်ယာဉ်ဖြင့် သီပေါဆေးရုံသို့ပို့ဆောင်ကာ ဆေးကုသမှုခံယူလျက်ရှိသည်။

အခင်းဖြစ်နေအိမ်အတွင်းမှ ၉ မမ ပစ္စတိုကျည်ခွံ သုံးခုကို တွေ့ရှိ၍သိမ်းဆည်းခဲ့ပြီး တပ်မတော်မှ နယ်မြေအေးချမ်းရေးအတွက် လိုက်လံရှင်းလင်းလျက်ရှိသည်။ စိုင်းသာဦးကို သေနတ်ဖြင့် ပစ်ခတ်သွားသူအား သီပေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ပြည်မြို့ ရောဝတီမြစ်ကမ်းဘေး ကိုင်းတောထဲ၌ အမျိုးသားတစ်ဦး သေဆုံးလျက်တွေ့ရှိ

**ပြည် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ကမ်းနားလမ်း ရောဦးခန်းမ အဆောက်အအုံ အနောက်ဘက်ရှိ ရောဝတီမြစ်ကမ်းဘေး ကိုင်းတောထဲ၌ မေ ၁၉ ရက် ညနေ ၅ နာရီခန့်က အသက် ၃၀ အရွယ်ခန့် အမည်မသိအမျိုးသားတစ်ဦး သေဆုံးလျက်တွေ့ရှိကြောင်း သိရသည်။

အဆိုပါသေဆုံးသူ အမည်မသိအမျိုးသား၏ ယာဘက်နားရွက်တွင် ကိုင်းရွက်ပြတ်ရှထားသည်ဟု ယူဆရသည့် သွေးထွက်ဒဏ်ရာတစ်ခု စစ်ဆေးတွေ့ရှိခဲ့ကြောင်းနှင့် ယင်းသေဆုံးမှုအား ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ်ကို ပြည်မြို့မရဲစခန်းမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးကျော်ကြီး(ပြန်/ဆက်)**



# ဘားအံ၌ စိတ်ကြွရူးသွပ်ဆေးပြားနှင့်အတူ ကာဘိုင်တစ်လက်၊ ယမ်းထောင်းလုပ်သေနတ်တစ်လက်နှင့် လက်ပစ်ဗုံးတစ်လုံး ဖမ်းမိ

ဘားအံ မေ ၂၀

**ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်ထလုံးကျေးရွာတွင် မူးယစ်ဆေးဝါးသတင်းအရ ပူးပေါင်းအဖွဲ့ဖြင့် ဝင်ရောက်ရှာဖွေဖမ်းဆီးရာ စိတ်ကြွရူးသွပ်ဆေးပြားအပြင် ကာဘိုင်သေနတ်တစ်လက်၊ တူမီးယမ်းထောင်းတစ်လက်နှင့် ခဲယမ်းများအပြင် လက်ပစ်ဗုံးတစ်လုံး ကိုပါ ဖမ်းဆီးရမိခဲ့သည်။**

ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ ရဲအုပ်သက်စိုးဦးနှင့် ထုံးအိုင်နယ်မြေရဲစခန်းမှ ရဲအုပ်ညီညီမိုး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များသည် သတင်းအရ ဘားအံမြို့နယ် နောင်ထလုံးကျေးရွာအုပ်စု နောင်ထလုံးကျေးရွာနေ စောညွှန့်သိန်း၏ နေအိမ်တဲအား မေ ၁၉ ရက် ည ၈ နာရီ ၁၅ မိနစ်က ဝင်ရောက်ရှာဖွေခဲ့ရာ စောညွှန့်သိန်းက နေအိမ်တဲမှ သေနတ်ဖြင့် နှစ်ချက်ပစ်ခတ် ခုခံကာ တဲနောက်ဖေး လယ်ကွင်းအတွင်းသို့ ထွက်ပြေးသဖြင့် ပူးပေါင်းအဖွဲ့က ပိတ်ဆို့လုံးထွေး၍ ဖမ်းဆီးခဲ့သည်။

ထိုသို့ဖမ်းဆီးရမိသည့် စောညွှန့်သိန်းထံမှ ညာဘက်လက်ထဲတွင် အရှည် သုံးပေခန့်ရှိ ကာဘိုင်သေနတ် တစ်လက်၊ ကျည်နှစ်တောင့်အသင့် ထည့်ထားသော ကျည်အိမ်တစ်ခု၊ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ဖျူးစ်ပါ လက်ပစ်ဗုံးတစ်လုံး၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၂ ပြားအား လည်းကောင်း၊ နေအိမ်တဲပေါ်မှ အရှည် လေးပေ၊ ၁၀ လက်မခန့်ရှိ ခဲယမ်းအသင့်ထည့်ထားသည့် တူမီးယမ်းထောင်းလုပ် သေနတ်တစ်လက်ကို လည်းကောင်း ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ပြီး စောညွှန့်သိန်း(၄၃ နှစ်)**(ဝဲပုံ)**အား ထုံးအိုင်နယ်မြေရဲစခန်းတွင် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# မရမ်းချောင်စစ်ဆေးရေးအဖွဲ့ လှည့်ကင်းစစ်ဆေးနေစဉ် အထောက်အထားမတင်ပြနိုင်သည့် သကြားအိတ်နှင့် ဘီယာဗူးများဖမ်းမိ

**နေပြည်တော် မေ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင် ရွက်ခဲ့ပြီး မေ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၁၀၂၀၊ သွင်းကုန်အစီး ၉၇၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၅ စီး၊ သွင်းကုန် ၁၉၆ စီး ကုန်စည်များ သယ်ယူပို့ဆောင် လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ ဒသမ ၆၂ သန်းခန့် ဖမ်းဆီးရမိပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၉ ရက်တွင် မရမ်းချောင်အမြဲတမ်းပူးပေါင်းစစ်ဆေးရေးစခန်းမှ ကျိုက်ထို-ပဲခူး လမ်းမကြီးအတိုင်း လှည့်ကင်းစစ်ဆေးစဉ် ချစ်ဝိုင်းစားသောက်ဆိုင်အနီး၌ Mitsubishi Canter ယာဉ်တစ်စီးအား တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Refined Sugar(1× 50 kg) (80 Bags)၊ Chang Beer (200 Pkgs) နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၅၆ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျော့သောင်း၌ လင်မယားချင်းစကားများရန်ဖြစ် ဝင်ရောက်ဖျန်ဖြေရန်လာသူက လုပ်သေနတ်ဖြင့် ပစ်ခတ်၍ ခင်ပွန်းသေဆုံး

နေပြည်တော် မေ ၂၀

**ကျော့သောင်းမြို့၌ လင်မယားချင်းစကားများရန်ဖြစ်ရာ အိမ်နီးချင်းက ဝင်ရောက်ဖျန်ဖြေရာမှ လုပ်သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့သောကြောင့် လူတစ်ဦးသေဆုံးမှုဖြစ်ခဲ့သည်။**

ကျော့သောင်းမြို့နယ် အေးမြမင်္ဂလာကျေးရွာနေ ဦးမောင်ခင်(၆၁ နှစ်)သည် မေ ၁၈ ရက် ည ၁၁ နာရီခွဲက နေအိမ်၌ ဇနီးဖြစ်သူ ဒေါ်မိုးစန္ဒာ(၄၁ နှစ်)နှင့် ဖုန်းတိုင် ထောင်သည့်ကိစ္စဖြင့် စကားများရန်ဖြစ်နေစဉ် အိမ်ချင်းကပ်လျက်နေသူ ဝေယံ(၂၅နှစ်) (ဒေါ်မိုးစန္ဒာ၏ပထမအိမ်ထောင်နှင့်ရသောသား)မှ ဝင်ရောက်ဖျန်ဖြေရာ ဦးမောင်ခင်က ပွိုင့် ၂၂ ကျည်ဖြင့် ပစ်ခတ်ရသည့် လုပ်သေနတ်ကို ကိုင်ထားစဉ် ဝေယံက လုယူပြီး ပစ်ခတ်ခဲ့သဖြင့် ဦးမောင်ခင်၏ ရင်ညွန့်တွင် ကျည်ထိမှန် ဒဏ်ရာ ရရှိပြီး အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဝေယံအား မာရမ်းနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**



# တူရကီသမ္မတအာဒိုဂန်ကို လုပ်ကြံရန်ကြိုးပမ်းမှုများရှိလာနိုင်ကြောင်း ထောက်လှမ်းရေးအဖွဲ့သတိပေး

**အန်ကာရာ မေ ၂၀**

အခြားနိုင်ငံများသို့ ပြန့်ကျဲထွက်ခွာသွားကြသော တူရကီနိုင်ငံသားများနှင့် အနောက်နိုင်ငံများမှ စစ်ရေးထောက်လှမ်းသည့်အဖွဲ့များက ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားသို့ မကြာမီ အလည်အပတ် သွားရောက်မည့် တူရကီသမ္မတ၏ ခရီးစဉ်အတွင်း ၎င်းအား တူရကီနိုင်ငံသားများက လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုရှိလာနိုင်သည်ဟု သတိပေးခဲ့ကြကြောင်း နိုင်ငံပိုင် အနာဒိုလူ သတင်းအေဂျင်စီက စနေနေ့တွင် သတင်းဖော်ပြခဲ့သည်။

သတင်းပေးခဲ့သည့် မက်ဆီဒိုးနီးယားမှ တူရကီနိုင်ငံသားများသည် နေ့ရက်နှင့် တည်နေရာအပါအဝင် လုပ်ကြံရန် ကြံစည်ကြိုးပမ်းမှုနှင့်ပတ်သက်သည့် အသေးစိတ်အကြောင်းအရာများကိုဖော်ပြခဲ့ခြင်းမရှိကြောင်း တူရကီထောက်လှမ်းရေးသတင်းရင်းမြစ်များ၏ ဖော်ပြချက်အရ သိရသည်။

သို့သော် အနောက်နိုင်ငံများမှ ထောက်လှမ်းရေးအေဂျင်စီများကလည်း သမ္မတ အာဒိုဂန်၏အသက်အား ခြိမ်းခြောက်လာနိုင်သည့် အန္တရာယ်ကို တူရကီထောက်လှမ်းရေးအဖွဲ့များသို့ သတင်းပေးခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ တူရကီထောက်လှမ်းရေးအဖွဲ့က စုံစမ်းစစ်ဆေးမှုများ ထဲထဲဝင်ဝင် ဆောင်ရွက်လျက်ရှိသည်။

လုပ်ကြံသတ်ဖြတ်နိုင်ဖွယ် ခြိမ်းခြောက်မှုအန္တရာယ်များနှင့် ပတ်သက်သည့် သတိပေးချက်များသည် အသစ်အဆန်းမဟုတ်တော့ကြောင်းနှင့် အမြဲပင်ရှိနေခဲ့ကြောင်း တူရကီ ဒုတိယဝန်ကြီးချုပ် ဘီကာဘော့ဇဒက်က စနေနေ့နှောင်းပိုင်းတွင် တွစ်တာပေါ်၌ ရေးသားခဲ့ကြောင်း သိရသည်။

သမ္မတအာဒိုဂန်သည် ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားသို့ တနင်္ဂနွေနေ့တွင် သွားရောက်ရန်စီစဉ်ခဲ့ပြီး ယင်းခရီးစဉ်အတွင်း ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားသမ္မတရုံးမှ အကြီးအကဲနှင့် ဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



# တောင်တရုတ်ပင်လယ်အတွင်း၌ တရုတ်ဗုံးကြဲလေယာဉ်များစစ်ရေးလေ့ကျင့်




**ပေကျင်း မေ ၂၀**

တရုတ်ဗုံးကြဲလေယာဉ်များသည် တောင်တရုတ်ပင်လယ်အတွင်းရှိ ကျွန်းတစ်ကျွန်း၏ လေပိုင်နက်ထဲတွင် စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ဆောင်ရွက်ခဲ့ကြောင်း တရုတ်နိုင်ငံက ပြောကြားခဲ့သည်။

တရုတ်လေတပ်ဖွဲ့က ၎င်း၏ H6K နှင့် အခြားသောဗုံးကြဲလေယာဉ်များသည် တောင်တရုတ်ပင်လယ်အတွင်းရှိ ကျွန်းတစ်ကျွန်းပေါ်၌ မြေပြင်မှ ဝေဟင်သို့ ထွက်ခွာမှုနှင့် ဆင်းသက်သည့် လေ့ကျင့်မှုများတွင် ပါဝင်ခဲ့ကြကြောင်း ပြောကြားသည်။ H6Kသည် တာဝေး ဗုံးကြဲလေယာဉ်ဖြစ်ပြီး ကြီးမားသော တာဝေးပစ်ခရုစ် ဒုံးကျည်များကို တင်ဆောင်နိုင်သည့် လေယာဉ်အမျိုးအစားဖြစ်သည်။

လေတပ်ဖွဲ့သည် မည်သည့်အချိန်နှင့် မည်သည့်နေရာတွင် စစ်ရေးလေ့ကျင့်မှုဆောင်ရွက်ခဲ့ကြောင်းကို အတိအကျဖွင့်ဟပြောဆိုခဲ့ခြင်းမရှိပေ။ သို့သော် အမေရိကန် စီးပွားရေးနှင့်နိုင်ငံရေးဆိုင်ရာအကြံပေးပါရဂူအဖွဲ့က စစ်ရေးလေ့ကျင့်မှုဆောင်ရွက်ခဲ့သည့် တည်နေရာသည် ပါရယ်ဆယ်ကျွန်းစုပေါ်ရှိ နေရာတစ်ခုဖြစ်နိုင်ကြောင်း သောကြာနေ့တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် စပရက်လေကျွန်းစုအတွင်းရှိ သန္တာကျောက်တန်းများပေါ်တွင် ယင်းတည်ဆောက်ထားသည့် လူလုပ်ကျွန်းများပေါ်၌ လေယာဉ်ပြေးလမ်းများကိုလည်း တည်ဆောက်ထားခဲ့သည်။ H6K လေယာဉ်များကို တရုတ်နိုင်ငံက စပရက်လေကျွန်းစုဆီသို့ ဖြန့်ကြက်နိုင်ဖွယ်ရှိကြောင်း အမေရိကန်အကြံပေးအဖွဲ့က ပြောကြားသည်။

စပရက်လေကျွန်းစုအား အရှေ့တောင်အာရှနိုင်ငံများကလည်း ပိုင်ဆိုင်ကြောင်း အငြင်းပွားလျက်ရှိသည်။ အမေရိကန်ပြည်ထောင်စုသည် လွတ်လပ်စွာပင်လယ်ရေကြောင်း သွားလာခွင့် ဆောင်ရွက်သည့် စစ်ဆင်ရေး တစ်ရပ်ဟုဆိုကာ စပရက်လေ ကျွန်းစုအနီးတွင် ယင်း၏ ရေတပ်သင်္ဘောများကို စေလွှတ်ခဲ့သည်။

**အင်န်အိတ်ခ်ျကေ**

# သီရိလင်္ကာ၌ ရာသီဥတုဆိုးရွားပြင်းထန်မှုများကြောင့် သုံးဦးသေဆုံးပြီး ၈၀၀၀ ကျော် ထိခိုက်

**ကိုလံဘို မေ ၂၀**

သီရိလင်္ကာနိုင်ငံတစ်ဝန်းတွင် ပြီးခဲ့သည့်စနေနေ့ကတည်းက မိုးသည်းထန်စွာရွာသွန်းခဲ့မှုများနှင့် လေပြင်းများတိုက်ခတ်ခဲ့မှုများကြောင့် လူသုံးဦးသေဆုံးခဲ့ပြီး ၈၀၀၀ ကျော်ထိခိုက်ခံစားခဲ့ရသည်။

သဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်များအနေဖြင့် ကယ်ဆယ်ရွှေ့ပြောင်းမှုများ ပြုလုပ်ရဖွယ်ရှိသည့်အတွက် သတိပေးနှိုးဆော်မှုပြုလုပ်ခဲ့ရကြောင်း သဘာဝဘေးစီမံခန့်ခွဲမှုစင်တာက တနင်္ဂနွေနေ့တွင်ပြောကြားခဲ့သည်။

မိုးကြိုးပစ်ခတ်မှုကြောင့် ထရင်ကိုမာလီခရိုင်အရှေ့ပိုင်းနှင့် ဘာဒူလာတောင်ကုန်းအနိမ့်ပိုင်းတို့မှ လူသုံးဦးသေဆုံးခဲ့ကြောင်း သတင်းဖော်ပြခဲ့သည်။ပြီးခဲ့သည့်ရက်သတ္တပတ်က လူ၂၅၂ဦးကိုဘေးကင်းရာနေရာများဆီသို့ကယ်ဆယ်ရွှေ့ပြောင်းခဲ့ရပြီး နေအိမ်၂၀၀ ကျော်တို့မှာ ရာသီဥတုဆိုးရွားမှုကြောင့် အချို့အနည်းအကျဉ်းပျက်စီးမှုရှိခဲ့ပြီး အချို့နေအိမ်များ လုံးဝပျက်စီးသွားခဲ့သည်။

သီရိလင်္ကာနိုင်ငံသည် နှစ်စဉ် ပုံမှန်ဖြစ်သည့် အနောက်တောင်မုတ်သုံလေနှင့် ရင်ဆိုင်နေရပြီး မိုးလေဝသဌာနက နောက်ဆုံးသတိပေးချက် ထုတ်ပြန်မှုတွင် လာမည့်ရက်များအတွင်း သီရိလင်္ကာနိုင်ငံတစ်ဝန်းရှိ ဒေသအချို့တို့တွင် မိုးပိုသည်းထန်လာနိုင်ကြောင်း သတိပေးခဲ့သည်။

မိုးလေဝသဌာနက မိုးကြိုးပစ်ခြင်းကြောင့် ထိခိုက်ပျက်စီးမှုများ နည်းနိုင်သမျှနည်းစေရန်အတွက် ကြိုတင်ပြင်ဆင်မှုများ လုံလုံလောက်လောက် ဆောင်ရွက်ထားကြရန် ပြည်သူသို့ ထပ်မံသတိပေးထားကြောင်းသိရသည်။ပြီးခဲ့သည့်နှစ်က အနောက်တောင်မုတ်သုံလေဝင်ရောက်မှုကြောင့် သီရိလင်္ကာနိုင်ငံတစ်ဝှမ်းတွင် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွားကာ လူ ၂၀၀ ကျော်သေဆုံးခဲ့ပြီး ၇၈ ဦး ပျောက်ဆုံးခဲ့သည်။

**အေအက်ဖ်ပီ**

# မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်နှင့် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းတို့ တွေ့ဆုံ

**ကွာလာလမ်ပူ မေ ၂၀**

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းသည် မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်ထံသို့ စနေနေ့က အလည်အပတ်ရောက်ရှိခဲ့ပြီး မလေးရှားဝန်ကြီးချုပ် အသစ်ရွေးချယ်တင်မြှောက်ခံရပြီးနောက်တွင် ဘရူနိုင်းနိုင်ငံခေါင်းဆောင် စူလ်တန်ဟာဆန်နယ်ဘိုကီးယားပြီးလျှင် ဒုတိယမြောက်ဖိတ်ခေါ်ခြင်းခံရသည့် အရှေ့တောင်အာရှနိုင်ငံများ အသင်း၏ ခေါင်းဆောင်ဖြစ်လာခဲ့သည်။

**စိတ်အားထက်သန်**

မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်နှင့် နွေးထွေးသည့် ဆက်ဆံရေးရှိခဲ့သည့် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းသည် ဗုဒ္ဓဟူးနေ့က ၎င်း၏ခရီးစဉ်ကို ကြေညာခဲ့ချိန်တွင် နှစ်နိုင်ငံအပြန်အလှန် အကျိုးစီးပွားအတွက် မဟာသီယာနှင့်အတူ လက်တွဲလုပ်ဆောင်သွားရန် စိတ်အားထက်သန်ကြောင်း ပြောကြားခဲ့သည်။

နှစ်ဖက်စလုံးတို့သည် နှစ်နိုင်ငံရင်းနှီးဆက်ဆံမှုများနှင့် ပတ်သက်၍ မိနစ် ၃၀ ကျော်ကြာအောင် စကားပြောဆိုခဲ့ကြကြောင်း ဝန်ကြီးချုပ် မဟာသီယာ၏ တွစ်တာပေါ်တွင် ရေးသားဖော်ပြခဲ့မှုအရ သိရသည်။

ကွာလာလမ်ပူနှင့် စင်ကာပူ မြန်နှုန်းမြင့်ရထားလမ်းစီမံကိန်းကို ၂၀၂၆ ခုနှစ်တွင် လည်ပတ်ဆောင်ရွက်သွားရန် စီစဉ်ထားမှုကိုလည်း လီက ထည့်သွင်းဆွေးနွေးသွားခဲ့သည်ဟု ယူဆရသည်။

အစည်းအဝေးအပြီးတွင် လီသည် ပူထရာဂျာရာရှိ အန်ဝါအီဘရာဟင်နှင့် ၎င်း၏ဇနီးဖြစ်သူ မလေးရှားဒုတိယဝန်ကြီးချုပ် ဝမ်အဇီဇာဝမ် အစ္စမေးလ်ထံသို့လည်း အလည်အပတ်သွားရောက်ခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် မလေးရှားဝန်ကြီးချုပ်အဖြစ် မဟာသီယာပထမအကြိမ် ဆောင်ရွက်ခဲ့စဉ်အတွင်း လီနှင့် အီဘရာဟင်တို့သည် စင်ကာပူနှင့်မလေးရှားနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်များ ဖြစ်ခဲ့ကြသည်။

**အေအက်ဖ်ပီ**



## နိုင်ငံတကာ သတင်းတိုထွာ

### သတင်းအချက်အလက်မျှဝေရန် အမေရိကန်နှင့် ဖိလစ်ပိုင် သဘောတူ

မနီလာ မေ ၂၀

အမေရိကန်နှင့် ဖိလစ်ပိုင်တို့သည် အကြမ်းဖက်မှုနှင့် အစွန်းရောက်ဝါဒကို တိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် စစ်ရေးအရ လျှို့ဝှက်ထောက်လှမ်းရရှိသည့် သတင်းအချက်အလက်များကို အပြန်အလှန်ဝေမျှခြင်းအားဖြင့် ပူးတွဲကြိုးပမ်းဆောင်ရွက်သွားကြရန် ကတိပြုခဲ့ကြကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးရာဌာနက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

မကြာသေးမီက ဟာဝိုင်ယီရှိ ဟိုနိုလူလူ၌ ကာကွယ်ရေးဝန်ကြီး ဒယ်လ်ဖင် လိုရန်ဇာနာ၊ နိုင်ငံခြားရေးဝန်ကြီး အလန်ပီတာ ကာရီတာနိုနှင့် အမှုဆောင်အတွင်းရေးမှူး ဆယ်လ်ဗာဒေါ် မက်ဒီရယ်လ်ဒီယာ၊ အမေရိကန် ပစိဖိတ်စစ်ရေး ညွှန်ကြားမှုအကြီးအကဲ ဟယ်ရီဟာရစ်နှင့် အခြားတာဝန်ရှိသူများပါဝင်သည့် အဆင့်မြင့်အရာရှိများ တွေ့ဆုံခဲ့သည့် အစည်းအဝေးအတွင်း သတင်းအချက်အလက်များ ဖလှယ်ကြရန် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဌာနက ပြောကြားခဲ့သည်။

အမေရိကန်နှင့် ဖိလစ်ပိုင် နှစ်ဖက်စလုံးက သတင်းအချက်အလက်မျှဝေမှု အပါအဝင် အကြမ်းဖက်တိုက်ဖျက်ရေးနှင့် အစွန်းရောက်တိုက်ခိုက်မှုများကို ရင်ဆိုင်ရာတွင် အတူတကွ ပိုမိုနီးကပ်စွာ လက်တွဲလုပ်ဆောင်သွားရန် လိုအပ်ကြောင်း သဘောတူညီခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

### တောင်ကိုရီးယားသို့ ကူးပြောင်းလာသူများကို ပြန်ပို့ပေးရန် မြောက်ကိုရီးယား တောင်းဆို

ပြုံယမ်း မေ ၂၀

မြောက်ကိုရီးယားသည် ၂၀၁၆ ခုနှစ်က တောင်ကိုရီးယားနိုင်ငံသို့ ကူးပြောင်းလာခဲ့သည့် စားသောက်ဆိုင်အလုပ်သမားအမျိုးသမီး ၁၂ ဦးကို မြောက်ကိုရီးယားသို့ ပြန်လာစေရန် တိုက်တွန်းတောင်းဆိုခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားကြက်ခြေနီအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက တောင်ကိုရီးယားသည် တရုတ်နိုင်ငံရှိ မြောက်ကိုရီးယား စားသောက်ဆိုင်မှ မြောက်ကိုရီးယားနိုင်ငံသား ၁၂ ဦးကို အတင်းအကျပ်ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်ဟု စွပ်စွဲထားသည်။ ကြက်ခြေနီအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ သည် ပြီးခဲ့သည့်လက တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းဝေး ကျင်းပခဲ့မှုမှ ပူးတွဲကြေညာချက်ကိုလည်း ရည်ညွှန်းခဲ့သည်။ ကိုရီးယားနှစ်နိုင်ငံ ခေါင်းဆောင်တို့သည် ကိုရီးယားစစ်ပွဲကြောင့် ကွဲကွာခဲ့ကြသည့် မိသားစုများ ပြန်လည်ပေါင်းစည်းရေး အကူအညီပေးရန် သဘောတူညီခဲ့ကြသည်။ တောင်ကိုရီးယားနှင့် ဝန်ကြီးများအဆင့် ဆွေးနွေးပွဲများ ကျင်းပရန် စီစဉ်ထားမှုကို မြောက်ကိုရီးယားက ပယ်ဖျက်လိုက်ပြီးနောက် ရက်ပိုင်းအတွင်း မြောက်ကိုရီးယားဘက်မှ ထိုသို့တောင်းဆိုလာခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အစားအသောက်ဟာ အသုံးချစရာတစ်ခုဖြစ်လာခဲ့တဲ့ ဗင်နီဇွဲလားရွေးကောက်ပွဲ

**ခြူးစန္ဒီနွေး**




> "အခြေခံစားသောက်ကုန်တွေ ပြတ်လပ်နေတဲ့ ဗင်နီဇွဲလားနိုင်ငံမှာ ရွေးကောက်ပွဲကျင်းပတဲ့အခါ အစားအသောက်ဟာ အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်လာပါတယ်။ အစားအသောက်နဲ့ ပြည်သူတွေရဲ့ မဲကို ချုပ်ကိုင်ထားလိုက်လို့ရပါတယ်။ လူအများစုဟာ အစားအသောက်တွေ ဝယ်ယူတဲ့အခါ အထူးအိုင်ဒီကတ်ကို အသုံးပြုကြ"

စီးပွားရေး အကျပ်အတည်းတွေ၊ ငွေကြေးအဆမတန် ဖောင်းပွမှုတွေကြောင့် နိုင်ငံရေးမငြိမ်မသက်ဖြစ်နေတဲ့ ဗင်နီဇွဲလားနိုင်ငံမှာ ရွေးကောက်ပွဲကျင်းပဖို့ ပြင်ဆင်နေကြပါတယ်။ သမ္မတရဲ့ မှားယွင်းတဲ့ စီမံခန့်ခွဲမှုတွေကြောင့် စီးပွားရေး အဆမတန်ကျဆင်းပြီး အခြေခံစားသောက်ကုန်တွေ ပြတ်လပ်ကာ သမ္မတရာထူးမှ နုတ်ထွက်ပေးရေး ဆန္ဒပြပွဲတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ ဆန္ဒပြပွဲတွေကို အင်အားသုံးနှိမ်နင်းမှုတွေကြောင့် သေဆုံးသူတွေ၊ ဒဏ်ရာရရှိသူတွေ များပြားလာခဲ့ပါတယ်။ ဖမ်းဆီးထောင်ချခံရသူတွေလည်း ဒုနဲ့ဒေးပါပဲ။ ဒီလိုမျိုးအခြေအနေဆိုးတွေကြားထဲကမှ ဗင်နီဇွဲလားသမ္မတ နီကိုးလပ် မက်ဒူရိုဟာ ရွေးကောက်ပွဲကျင်းပဖို့ စီစဉ်ခဲ့ပါတယ်။

**ထောက်ပံ့ရေးပစ္စည်းများ ဝေငှ**

အသက် ၄၂ နှစ်အရွယ် မစ္စတာ ရိုမီရိုဟာ သမ္မတမက်ဒူရို ဦးဆောင်တဲ့ အစိုးရကို ထောက်ခံတဲ့ မဲဆွယ်စည်းရုံးရေးပွဲကို ရောက်ရှိနေပါတယ်။ သူရောက်ရှိနေရတဲ့အကြောင်းကတော့ သမ္မတကို ထောက်ခံလွန်းလို့ မဟုတ်ပါဘူး။ အစားအသောက်လေးများ ရမလားလို့ လာခဲ့တာပါ။ တစ်ခါတစ်ခါ သမ္မတမက်ဒူရိုကို ထောက်ခံတဲ့ပွဲတွေ ကျင်းပတဲ့အခါ ထောက်ပံ့ရေးပစ္စည်းတွေ ဝေငှတတ်လို့ပါပဲ။

**စီးပွားရေးလည်း လဲပြို**

တစ်ချိန်တုန်းကဆိုရင် ဗင်နီဇွဲလားနိုင်ငံမှာ မဲဆွယ်စည်းရုံးမှုတွေပြုလုပ်တဲ့အခါ ပါတီခေါင်းဆောင်တွေဟာ ပြုပြင်ပြောင်းလဲရေးတွေ လုပ်ဆောင်မယ်ဆိုပြီး မဲဆွယ်ကြပါတယ်။ ဆင်းရဲတဲ့ လူတန်းစားတွေအတွက် အိမ်တွေ၊ ဆေးခန်းတွေ၊ ကျောင်းတွေ ဆောက်ပေးကြပါတယ်။ ဒီအယူအဆဟာ အဲဒီ ဒေသမှာ အတော်ကလေးပျံ့နှံ့ခဲ့ပြီး လက်တင် အမေရိကမှာရှိတဲ့ လက်ဝဲစွန်းရောက် ခေါင်းဆောင်တွေကြားမှာ အတော်လေးလွှမ်းမိုးနိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း စီမံခန့်ခွဲမှုအမှားအယွင်းတွေကြောင့် ဒီအိပ်မက်တွေကို တစ်စစီ ချေဖျက်ပစ်လိုက်ပါတယ်။ စီးပွားရေးလည်း လဲပြိုသွားခဲ့တယ်။ အခုတစ်ကြိမ် ကျင်းပတဲ့ ရွေးကောက်ပွဲကတော့ အစားအသောက်နဲ့ အများကြီးသက်ဆိုင်သွားပါပြီ။

ဗင်နီဇွဲလားနိုင်ငံရဲ့ ငွေကြေးဖောင်းပွမှုကတော့ ကမ္ဘာမှာ အဆိုးဆုံးပါပဲ။ စတိုးဆိုင်တွေမှာလည်း ရောင်းစရာပစ္စည်းဘာမှမရှိ။ ဗင်နီဇွဲလားနိုင်ငံသားအများစုဟာ အစိုးရကရောင်းချတဲ့ ကုန်စုံဆိုင်တွေမှာပဲ မှီခိုအားထားနေရတယ်။ ဒီဆိုင်တွေကလည်း အစိုးရကို သစ္စာခံတဲ့သူ၊ အစိုးရကိုထောက်ခံတဲ့ ကောင်စီဝင်တွေက ဦးစီးဖွင့်လှစ်ဖြန့်ဝေပေးတာပဲဖြစ်တယ်။

**အစားအသောက်ကို အသုံးချပြီး မဲဝယ်ယူ**

အခြေခံစားသောက်ကုန်တွေ ပြတ်လပ်နေတဲ့ ဗင်နီဇွဲလားနိုင်ငံမှာ ရွေးကောက်ပွဲကျင်းပတဲ့အခါ အစားအသောက်ဟာ အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်လာပါတယ်။ အစားအသောက်နဲ့ ပြည်သူတွေရဲ့မဲကို ချုပ်ကိုင်ထားလိုက်လို့ ရပါတယ်။ လူအများစုဟာ အစားအသောက်တွေ ဝယ်ယူတဲ့အခါ အထူးအိုင်ဒီကတ်ကို အသုံးပြုကြတယ်။ အဲဒီအိုင်ဒီကတ်ဟာ ရွေးကောက်ပွဲမှာ တကယ်အရေးပါတယ်။ သမ္မတမက်ဒူရိုရဲ့ ပါတီက ဦးစီးတဲ့မဲရုံတွေမှာ မဲလာပေးတဲ့အခါ ပြည်သူတွေဟာ အထူးအိုင်ဒီကတ်ကို ပြရတယ်။ ဒီလိုပြုလုပ်ခြင်းဖြင့် ဘယ်သူကတော့ မဲပေးတယ်။ ဘယ်သူကတော့ မဲမပေးဘူးဆိုတာ သိနိုင်တယ်။ သူထုတ်ပေးထားတဲ့ အဲဒီကတ်ကို ကိုင်တဲ့လူတိုင်းဟာ မဲလာပေးရမယ်လို့ မက်ဒူရိုက ပြောပါတယ်။ အစိုးရက ထောက်ပံ့ရေးပစ္စည်းတွေပေးပြီး ပြည်သူတွေကတော့ မဲပြန်ပေးရမှာဖြစ်တယ်။ ဒါဟာ အစားအသောက်ကို အသုံးချပြီး မဲတွေ ဝယ်ယူလိုက်တဲ့သဘောပါပဲ။ သူ့ကို ဆန့်ကျင်မဲမပေးရဲအောင် ခြိမ်းခြောက်လိုက်တာလည်း ဖြစ်တယ်။

**စောင့်ကြည့်ဖို့ ငြင်းဆန်**

ရွေးကောက်ပွဲဟာ ဗင်နီဇွဲလားနိုင်ငံအတွက် အရေးကြီးပါတယ်။ သမ္မတ ဟူဂိုချာဗက်သေဆုံးပြီး အထူးရွေးကောက်ပွဲနဲ့ ၂၀၁၃ ခုနှစ်မှာ သမ္မတမက်ဒူရိုဟာ သမ္မတဖြစ်လာခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ နိုင်ငံရဲ့ ဒီမိုကရေစီဆိုတာ ပျက်စီးခဲ့ရတာပါပဲ။ အခုရွေးကောက်ပွဲမှာတော့ အပြည်ပြည်ဆိုင်ရာက ရွေးကောက်ပွဲ စောင့်ကြည့်သူတွေဟာ ဗင်နီဇွဲလားနိုင်ငံကို သွားရောက်ပြီး မဲပေးမှုကို စောင့်ကြည့်ဖို့ ငြင်းဆန်ကြပါတယ်။ တရားမျှတမှု ရှိမှာမဟုတ်လို့ပါပဲ။ အတိုက်ခံအုပ်စုအများစုဟာလည်း နိုင်ငံကို ဦးဆောင်ဖို့ အရည်အချင်းမမီကြပါဘူး။ ထင်ရှားတဲ့ ခေါင်းဆောင်တွေကလည်း ထောင်ချခံထားရသူနဲ့ ရွေးကောက်ပွဲမဝင်နိုင်အောင် ပြုလုပ်ခံထားရသူတွေပဲဖြစ်တယ်။ ဒီလူတွေအားလုံးဟာလည်း ရွေးကောက်ပွဲကို သပိတ်မှောက်ထားကြပါတယ်။ ဒါတွေအပြင် သမ္မတဟာ ရွေးကောက်ပွဲကို ခြောက်လစောပြီး ကျင်းပဖို့ စီစဉ်ထားတယ်။ သူ့ရဲ့ပြိုင်ဘက်တွေပြင်ဆင်ချိန် အနည်းငယ်သာရအောင် လုပ်လိုက်တာလည်း ဖြစ်တယ်။

အမေရိကန်ပြည်ထောင်စု အပါအဝင် အဲဒီဒေသက နိုင်ငံအတော်များများဟာ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့သူကို အသိအမှတ်ပြုမှာ မဟုတ်ဘူးလို့ ကြေညာထားတယ်။ ဗင်နီဇွဲလားနိုင်ငံရဲ့ သမိုင်းမှာ အစိုးရတိုင်း အစိုးရတိုင်းဟာ သူ့အားနည်းချက်နဲ့သူ ရှိကြတာပါပဲ။ ဒါပေမယ့် မက်ဒူရိုရဲ့ အစိုးရကတော့ အရည်အချင်းမရှိ ညံ့ဖျင်းပြီး အသုံးမကျတဲ့ အစိုးရပါပဲလို့ သမ္မတဟူဂိုချာဗက် လက်ထက်က ဝန်ကြီးတစ်ဦးဖြစ်သူ မစ္စတာ နာဗာရိုက ပြောပါတယ်။ အစိုးရက ပြည်သူတွေကို ဝဝလင်လင် မကျွေးနိုင်တဲ့အခါ ပြည်သူတွေ ဒုက္ခရောက်ရတာပါပဲ။ သမ္မတမက်ဒူရိုအစိုးရအနေနဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေ လုပ်မှသာ ပြည်သူတွေကို ဝဝလင်လင် ကျွေးနိုင်လိမ့်မယ်လို့ ကျောင်းဆရာမတစ်ဦးဖြစ်သူ အစ္စဘယ်လာက ပြောပါတယ်။

**အမေရိကန်ရဲ့ စီးပွားရေး ပိတ်ဆို့မှုကြောင့်**

မဲဆွယ်စည်းရုံးပွဲမှာ သမ္မတမက်ဒူရိုက သူ့အတိတ်ကာလမှာ အမှားတွေ ပြုလုပ်ခဲ့တယ်။ အခုအခါမှာတော့ ရင့်ကျက်လာပြီး ပြည်သူတွေအလုပ်ပြန်ရဖို့ အရေးကြီးတဲ့ ပြောင်းလဲမှုတွေ ပြုလုပ်မယ်လို့ ကတိပေးခဲ့ပါတယ်။ စီးပွားရေးတော်လှန်ရေးဖြင့် ပြည်သူတွေကို အလုပ်အကိုင်အခွင့်အလမ်းတွေ တစ်ဖန်ပြန်လည်ပေးစွမ်းလာနိုင်မယ်လို့ သူကဆိုပါတယ်။ ဒီနိုင်ငံရဲ့ ပြဿနာဟာ စီးပွားရေးစစ်ပွဲကြောင့်ပါပဲ။ အမေရိကန်ရဲ့ စီးပွားရေးပိတ်ဆို့မှုတွေကြောင့်ပါလို့ ပြောခဲ့ပါတယ်။

**လုံလောက်တဲ့ ဆေးဝါးမရ**

ပြည်သူအချို့ကတော့ ဒီရွေးကောက်ပွဲကို သပိတ်မှောက်ကြဖို့ ဆန္ဒရှိပါတယ်။ အသက် ၄၀ အရွယ် အမျိုးသမီးတစ်ဦးဖြစ်သူ ဘာရာဗိုကတော့ မဲမပေးဘူးလို့ ပြောပါတယ်။ သူ့ရဲ့ ခင်ပွန်းဟာ ဇန်နဝါရီလကမှ ကင်ဆာရောဂါနဲ့ သေဆုံးသွားခဲ့တာပါ။ ဗင်နီဇွဲလားနိုင်ငံမှာ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွေဟာလည်း ပျက်စီးနေပါတယ်။ လုံလောက်တဲ့ ဆေးဝါးနဲ့ ကုသမှုတွေလည်း မရနိုင်ပါဘူး။

**နောင်တရ**

ဘာရာဗိုကတော့ အရင်တုန်းကဆိုရင် သူတို့မိသားစုဟာ စီးပွားရေးချောင်လည်ခဲ့ပေမယ့် မက်ဒူရို သမ္မတဖြစ်ခဲ့ပြီးနောက်မှာတော့ အစားအသောက်အတွက် အတော်လေးကို ရုန်းကန်ရတယ်လို့ ပြောပါတယ်။ ဒါကြောင့်လည်း မဲမပေးဖို့ ဆုံးဖြတ်ခဲ့တာပါလို့ ပြောပါတယ်။ ထောင်ချခံထားရတဲ့ အတိုက်ခံခေါင်းဆောင်တွေရဲ့ မိသားစုတွေနဲ့ အတိုက်ခံသမားတွေဟာ စုဝေးပြီး သမ္မတမက်ဒူရိုကို ဆန့်ကျင်ကြပါတယ်။ အသက် ၅၀ အရွယ် မစ္စအိုင်းရစ်ကတော့ သူဟာ ၂၀၁၃ ခုနှစ်က သမ္မတမက်ဒူရိုကို မဲပေးခဲ့မိတယ်။ အဲဒီအတွက် အခုအခါ နောင်တရနေရပါပြီ။ မက်ဒူရိုဟာ နိုင်ငံကို ဖျက်ဆီးပစ်တယ်လို့ သူ့ရဲ့ခံစားချက်ကို ပြောပါတယ်။

အားလုံးက မမျှတဘူးလို့ ပြောနေကြတဲ့ ရွေးကောက်ပွဲမှာ သမ္မတ မက်ဒူရိုဟာ အနိုင်ရမှာ သေချာသလောက်ပါပဲ။ သူကတိပေးနေသလို စီးပွားရေး ပြုပြင်ပြောင်းလဲမှု တကယ်လုပ်နိုင်ခဲ့ရင်၊ အလုပ်အကိုင် အခွင့် အလမ်းတွေ ဖန်တီးပေးနိုင်ရင်တော့ ကောင်းပါတယ်။ ဒီလိုမှမဟုတ်ဘူး ဆိုရင်တော့ ဗင်နီဇွဲလား ပြည်သူတွေ အတွက်ကတော့ ရင်လေးစရာပါပဲ။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်း အား အရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုး သူများ ဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# လုပ်ခငွေရရှိသည့် မည်သည့်လုပ်ငန်းခွင်၌မဆို ထိခိုက်ဒဏ်ရာရပါက လျော်ကြေးရနိုင်

**ခင်ရတနာ**



မိုးဦးကျလေဦးကျမို့ တောင်သူတို့ လုပ်ငန်းခွင်ဝင်ကြပြီ။ စိုက်ပျိုးရေး၊ မွေးမြူရေး မည်သည့်လုပ်ငန်းမဆို နေ့စားလုပ်သားများအတွက်က အခွင့်အခါကောင်းပင်။ သူတို့လုပ်ငန်းခွင်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာခံစားရပြီဆိုတာနှင့် အလုပ်ရှင်က အနည်းအကျဉ်းပေးပြီး ကျေအေးတတ်ကြသည်။ အသက်သေဆုံးသည့် အမှုကိစ္စများကိုပင် ဖြေရှင်းပေးမှုလျော်ကြေးက အနည်းအကျဉ်းသာ။

သရက်သီးပွဲစားတစ်ဦးက နေ့စားလုပ်သားငှားရမ်းပြီး သရက်သီးအငှားဆွတ်ခူးခဲ့သည်။ ယင်းမနက်မှာပင် အလုပ်သမားသည် သရက်သီးခူးနေရင်း ဓာတ်ကြိုးနှင့် ထိခိုက်မိသည့်အတွက် ဓာတ်လိုက်သေဆုံးသွားခဲ့ရသည်။ အငှားလုပ်သားဖြစ်ခြင်းကြောင့် လူမှုဖူလုံရေးထည့်ဝင်ထားခြင်းလည်းမရှိ၊ နားလည်ခြင်းမရှိ၊ လျော်ကြေးရပိုင်ခွင့်ရှိသည်ကို ကျန်ရစ်သည့်မိသားစုဝင်များလည်း နားမလည်ကြ။ တစ်ဖက်တွင်လည်း ကုန်သည်က လျော်ကြေးပေးရမည်ဟူသည့် အသိပညာ အနည်းငယ်မျှမရရှိ၍ ကရုဏာကြေးဖြင့်သာ တင်းတိမ်လိုက်ကြရသည်။ ယင်းကဲ့သို့ ပြဿနာများသည် ကျေးလက်ဒေသများတွင် မကြာခဏဖြစ်ပွားလေ့ရှိသည်ကို မြင်တွေ့ရသည်။

**လျော်ကြေးရနိုင်တယ်**

လုပ်အားတန်ဖိုးတစ်ရပ်ရပ်ကို အဖိုးအခအဖြစ် သတ်မှတ်စေခိုင်းသည့် မည်သည့်လုပ်ငန်းတိုင်းမဆို လုပ်ကိုင်သူများအားလုံးသည် အလုပ်သမားများပင်ဖြစ်သည်။ မည်သူမဆို လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိလာပါက ဥပဒေအရ အလုပ်ရှင်အဖြစ် အခကြေးငွေ သို့မဟုတ် လုပ်အားတန်ဖိုးကို ပေးအပ်သူထံက လျော်ကြေးခံစားခွင့်ရှိသည်ကို သိရှိသူ နည်းပါးလွန်းသည်။ ယင်းဥပဒေကို ၁၉၂၃ ခုနှစ်ကတည်းက စတင်ကျင့်သုံးနိုင် ခဲ့ခြင်းဖြစ်ပြီး ယခုဆိုလျှင် နှစ်ပေါင်း ၉၅ နှစ်ခန့်ရှိလာပြီ ဖြစ်သည်။ ထိုဥပဒေသည် အလုပ်သမားလျော်ကြေးအက်ဥပဒေပင်ဖြစ်သည်။

"အလုပ်သမားတစ်ဦးဟာ လုပ်ငန်းခွင်အတွင်း၊ အလုပ်ချိန်အတွင်းမှာ အလုပ်ကိုအကြောင်းပြုပြီး မတော်တဆထိခိုက်ဒဏ်ရာရတာပဲဖြစ်ဖြစ်၊ သေဆုံးသွားရတာဖြစ်ဖြစ်၊ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ ချို့ယွင်းသွားတာဖြစ်ဖြစ်၊ ထိခိုက်မှုတစ်စုံတစ်ရာဖြစ်လာပြီဆိုရင် အလုပ်ရှင်မှာ အဓိကတာဝန်ရှိနေပြီဖြစ်ပါတယ်၊ မြို့ပေါ်တွေမှာ ထိခိုက်မှုတစ်စုံတစ်ရာဖြစ်လာရင် ဖြေရှင်းပေးတာ၊ ကူသပေးတာ လွယ်ကူမြန်ဆန်ပေမယ့် ကျေးလက်ဒေသတွေမှာတော့ ဥပဒေအကြောင်း သိရှိနားလည်ဖို့ ခက်ခဲမှုတွေကြောင့် မြို့ပေါ်တွေလောက် ခံစားခွင့်မရကြဘူး၊ ဥပဒေက ပြဋ္ဌာန်းထားတာ ကြာခဲ့ပြီဖြစ်လို့ လျော်ကြေးငွေတွေဟာ အလုပ်သမားတွေအတွက် နည်းကောင်းနည်းနေပါလိမ့်မယ်။ အဲဒီအတွက်လည်း ဥပဒေကို ပြန်လည်ပြင်ဆင်ဖို့ စတင်နေပြီဖြစ်တာကြောင့် အလုပ်သမားတွေအတွက် ထိခိုက်မှု ကြုံလာရင် အရင်ကထက် ပိုပြီး ခံစားခွင့်တွေရှိလာနိုင်တယ်"ဟု အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ဒေသန္တရနှင့် ညှိနှိုင်းစိစစ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ရှင်းပြသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လက်အောက် ဒေသန္တရနှင့် ညှိနှိုင်းစိစစ်ရေးဌာနခွဲမှ အလုပ်သမားများအတွက် ရသင့်ရထိုက်သည့် အလုပ်သမားခံစားခွင့် လျော်ကြေးများရရှိအောင် လုပ်ဆောင်ပေးလျက်ရှိပြီး မြို့နယ်တိုင်းမှ အလုပ်သမားရုံးများမှတစ်ဆင့် တိုင်ကြားနိုင်ပါသည်။

**လူမှုဖူလုံရေးအသင်းမဝင်ရင် လျော်ကြေးမရဘူးလား**

ယခုနောက်ပိုင်းတွင် လူမှုဖူလုံရေးဥပဒေသစ်ကို ပြဋ္ဌာန်းလိုက်ပြီး အာမခံရယူထားသည့် အလုပ်သမားများအတွက် အခွင့်အရေးများ၊ ခံစားခွင့်များ ပိုမိုရရှိလာသည်ကို မြင်တွေ့ရသည်။ စက်ရုံ၊ အလုပ်ရုံများနှင့် အလုပ်သမား ၁၀ ဦး၊ ငါးဦးစသည့် ဝန်ထမ်းများ ခန့်အပ်ထားနိုင်သည့် အလုပ်ဌာနအများအပြားမှာ လူမှုဖူလုံရေးထည့်ဝင်ကြေးများကို ထည့်ဝင်ပေးကြသည်။ ယင်းအတွက် အလုပ်သမားများမှာ များစွာအကျိုးရှိလှသည်။ သို့သော် ရပ်ထဲရွာထဲရှိ ဘောက် သို့မဟုတ် ကျပန်းလုပ်ကိုင်စားသောက်သူများအတွက်မူ လူမှုဖူလုံရေးအကျိုးခံစားခွင့်များသည် ကြားပင်မကြားဖူးသည့် အကြောင်းအရာများဖြစ်သည်။ သူတို့အတွက် အခြားအလုပ်သမား အခွင့်အရေးများမရရှိခြင်းသည် ပြဿနာမဟုတ်သေး။ မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်ပွားပါက မည်သို့ မည်ပုံ ဆက်လက်စခန်းသွားကြမည်ဆိုသည်မှာ အလွန်ကြီးမားသည့် အခက်အခဲဖြစ်သည်။

မြို့နယ်တိုင်းရှိ အလုပ်သမားရုံးများတွင် အလုပ်သမားလျော်ကြေးခံစားခွင့်အတွက် နစ်နာခံရသူမည်သူမဆို လျှောက်ထားနိုင်ပြီး မြို့နယ်အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီကိုလည်း ဖွဲ့စည်းပေးထားကြောင်း သိရသည်။ ယင်းကော်မတီတွင် ဥက္ကဋ္ဌသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ အတွင်းရေးမှူးအဖြစ် အလုပ်သမား ဦးစီးအရာရှိနှင့် အဖွဲ့ဝင်အဖြစ် မြို့နယ်ဆရာဝန်တို့က တာဝန်ယူထားရခြင်းဖြစ်သည်။ ယင်းအဖွဲ့သည် အလုပ်သမားလျော်ကြေးနှင့်ပတ်သက်သည့် တိုင်ကြားစာများကို လက်ခံပေးပြီး ပဏာမစုံစမ်းစစ်ဆေးခြင်းတို့ကို စတင်ပြုလုပ်ကြသည်။

"တိုင်ကြားသူက အလုပ်သမားလျော်ကြေးဥပဒေနဲ့ ကိုက်ညီမှုရှိမရှိ၊ သေဆုံးတယ်ဆိုရင်လည်း တရားဝင်မှီခိုတဲ့သူတွေ လျှောက်ထားတာဟုတ်မဟုတ်၊ ထိခိုက်တာဆိုရင် ကိုယ်တိုင်လျှောက်ထားတာ ဟုတ်မဟုတ်၊ အလုပ်တာဝန် ထမ်းဆောင်နေစဉ်မှာ အလုပ်ကိုအကြောင်းပြုပြီး သေတာဟုတ်မဟုတ်ကို ကော်မတီကနေ ကနဦး လေ့လာစုံစမ်းပြီး မှန်ကန်တယ်ဆိုရင် အမှုကို လက်ခံဆောင်ရွက်ပေးနေပါတယ်"ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

အဆိုပါတိုင်ကြားမှု ယန္တရားသည် လူမှုဖူလုံရေးနှင့် အကျိုးမဝင်သည့် အလုပ်သမားများ၏ ရပိုင်ခွင့်များအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ သို့သော် လျော်ကြေးဥပဒေ ရေးဆွဲထားသည်မှာလည်း ကြာမြင့်လာပြီဖြစ်သဖြင့် ယခုပြင်ဆင်သတ်မှတ်ထားသည့် လူမှုဖူလုံရေး အကျိုးခံစားခွင့်လောက်များပြားမှုမရှိသည်ကို တွေ့ရသော်လည်း ထိခိုက်နစ်နာသည့် အလုပ်သမားများအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုနေသည်မှာ အမှန်ပင်ဖြစ်သည်။

> **" လူတစ်ဦးသည် အခြားတစ်ဦး၏အကူအညီဖြင့်သာ ရာသက်ပန် နေထိုင်သွားရတော့မည့်အခြေအနေအထိ ထိခိုက်ဒဏ်ရာ ရရှိပါက အမြင့်ဆုံးရမည့် လျော်ကြေး၏ ၂၅ ရာခိုင်နှုန်းကို ထပ်မံခံစားခွင့် ရရှိမည်ဖြစ် "**

**လျော်ကြေးအမျိုးအစား**

ထိခိုက်မှုဖြစ်ပွားပါက လျော်ကြေးဥပဒေ၏သတ်မှတ်ချက်အရ သေဆုံးခြင်း၊ ကိုယ်လက်အင်္ဂါ အစိတ်အပိုင်း ချို့ယွင်းဆုံးရှုံးပြီး အမြဲတမ်းလုံးဝမသန်မစွမ်းခြင်း၊ အမြဲတမ်းတစ်စိတ်တစ်ဒေသမသန်မစွမ်းခြင်း၊ ယာယီမသန်စွမ်းခြင်းစသည်ဖြင့် အမျိုးအစား လေးမျိုးရှိသည်။

လုပ်ငန်းခွင်အတွင်း အကြောင်းတစ်စုံတစ်ရာကြောင့် အလုပ်သမား သေဆုံးပါက သေဆုံးသူ၏ တစ်လစာဝင်ငွေကို ၃၆ဆအဖြစ် တွက်ချက်ရပြီး သေဆုံးသူများအတွက် ငွေကျပ်တစ်သိန်းခွဲမှ လေးသိန်းခွဲအထိ ဥပဒေအရ တိုးမြှင့်ပေးလာနိုင်ခဲ့ကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရရှိသူများအတွက်လည်း လစာ၏ ၃၆ ဆမှ ၁၄၀ ရာခိုင်နှုန်းကို တွက်ချက်ကာ ပေးအပ်ခြင်းဖြစ်ကြောင်း သိရပြီး အမြဲတမ်းလုံးဝမသန်မစွမ်းများအတွက် ငွေကျပ်နှစ်သိန်းမှ ခြောက်သိန်းအထိ ပေးအပ်ရကြောင်း သိရသည်။ သို့သော် လူတစ်ဦးသည် အခြားတစ်ဦး၏ အကူအညီဖြင့်သာ ရာသက်ပန် နေထိုင်သွားရတော့မည့် အခြေအနေအထိ ထိခိုက်ဒဏ်ရာ ရရှိပါက အမြင့်ဆုံးရမည့် လျော်ကြေး၏ ၂၅ ရာခိုင်နှုန်းကို ထပ်မံခံစားခွင့် ရရှိမည်ဖြစ်သည်။

"လျော်ကြေးပေးတယ်ဆိုတာ ထိခိုက်တဲ့အတွက် လုပ်အားဆုံးရှုံးမှုကို တွက်ချက်ပြီး လျော်ကြေးအနေနဲ့ အလုပ်ရှင်က ပေးအပ်ရတာဖြစ်ပါတယ်။ အရင်ကသတ်မှတ်တဲ့လျော်ကြေးတွေဟာ ခေတ်ကာလနဲ့မကိုက်ညီတဲ့အတွက် ၂၀၀၅ ခုနှစ်မှာ ကြေညာချက်ထုတ်ပြီး လျော်ကြေးတိုးမြှင့်ပေးခဲ့တာဖြစ်ပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ရှင်းပြပါသည်။

လုပ်အားဆုံးရှုံးမှုကို တွက်ချက်ရာတွင် အဓိကလျော်ကြေး တွက်ချက်ပေးရသူမှာ ကော်မတီထဲ၌ ပါဝင်သည့် မြို့နယ်ဆရာဝန်ဖြစ်ပြီး ဆရာဝန်က လုပ်အားဆုံးရှုံးမှုတန်ဖိုးကို ကျန်းမာရေးအမြင်နှင့် ဥပဒေပါအချက်အလက်များအတိုင်း ပေါင်းစပ်ညှိနှိုင်းပြီး ပေးအပ်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် ထိခိုက်ဒဏ်ရာရရှိလာပါက လျော်ကြေးသတ်မှတ်ခြင်းတွင် ငွေကျပ်ခြောက်သိန်းဖြစ်နေလျှင် ယင်းကို လုပ်အားဆုံးရှုံးမှုတန်ဖိုး(ရာခိုင်နှုန်း)အား ဆရာဝန်က အဓိကသတ်မှတ်ပေးရခြင်းဖြစ်သည်။

လက်ချောင်းတွေပြတ်ရင်တောင် ဈေးကမတူညီပါဘူး။ လက်မတို့၊ လက်ညှိုးတို့ဟာ အခြားလက်တွေထက် ပိုပြီး လျော်ကြေးရနိုင်သလို၊ လုပ်အားဆုံးရှုံးမှုကိုတွက်ချက်တဲ့အခါ အမျိုးသမီးဖြစ်ခြင်း၊ သူ့ရဲ့မိသားစုနောက်ခံသမိုင်းကြောင်းနဲ့ သူ့အတွက် အခွင့်အလမ်းပြန်လည်ရရှိနိုင်မှုတွေကိုလည်း မေ့ထားလို့ မရပါဘူး"ဟု လျော်ကြေးခံစားခွင့်များနှင့် ပတ်သက်၍ တာဝန်ရှိသူက ရှင်းပြသည်။

**အလုပ်ရှင်များသိထားပါ**

"ကျွန်တော့်လက်ဖက်ရည်ဆိုင်က ကလေးတစ်ယောက် ကြံရည်ကြိတ်ရင်း လက်ကောက်ဝတ်ကနေစပြီး ပြတ်ထွက်သွားခဲ့တယ်။ သူ့အတွက် ဆေးရုံတက်နေစဉ်ကုန်ကျစရိတ်တွေအားလုံး ကျခံပေးတဲ့အပြင် ကျွန်တော်ကိုယ်တိုင်ပဲ အလုပ်သမားရုံးကနေတစ်ဆင့် ကလေးရသင့်ရထိုက်တဲ့ ခံစားခွင့်ကို တွက်ချက်ဖြေရှင်းပေးနိုင်ခဲ့တယ်။ လုပ်ငန်းခွင်ထဲမှာဖြစ်လာရင် ကျွန်တော်တို့ အလုပ်ရှင်တွေမှာ အပြည့်အဝတာဝန်ရှိပြီး လက်သိပ်ထိုးဖြေရှင်းတာထက် ဥပဒေနည်းလမ်းတကျ ဖြေရှင်းတာက အလုပ်ရှင်ရော အလုပ်သမားဘက်မှာပါ သံသယ ကင်းရှင်းတယ်" ဟု လျော်ကြေးဥပဒေဖြင့် အလုပ်သမားတစ်ဦး၏ ထိခိုက်ဒဏ်ရာရရှိမှုကို လျော်ကြေးပေးခဲ့သူ အလုပ်ရှင်တစ်ဦးကလည်း ပြောကြားသည်။

**အချင်းချင်းညှိနှိုင်းပါ၊အဆင်မပြေလျှင်**
**အလုပ်သမားရုံးသို့ လာရောက်ပါ**

"မြို့ပေါ်လုပ်ငန်းခွင်တွေမှာဖြစ်တဲ့ ထိခိုက်မှုတော်တော်များများဟာ လျော်ကြေးကော်မတီကို မရောက်လာကြဘဲ အချင်းချင်း ညှိနှိုင်းမှုတွေကြောင့် ပိုရသွားတာမျိုးတွေ ရှိပါတယ်။ အဓိကကတော့ အလုပ်ရှင်၊ အလုပ်သမားကျေနပ်သွားကြဖို့ပါပဲ။ ဒါပေမယ့် ကျေးလက်ဒေသတွေမှာတော့ လယ်ယာမြေထဲမှာ စိုက်ပျိုးနေရင်း ပိုးထိတာ၊ နွားစာစဉ်းစက်မှာ အလုပ်လုပ်နေရင်း ထိခိုက်တာနဲ့ အချိန်ပိုင်းစိုက်ပျိုး၊ မွေးမြူရေးတွေ၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တွေမှာ ထိခိုက်တာ၊ အိမ်တွင်းတစ်နိုင်တစ်ပိုင်အလုပ်တွေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေမှာ ထိခိုက်မှုဖြစ်လာတဲ့အခါ လျော်ကြေးရရှိဖို့ မလွယ်ကြဘူး။ ထိခိုက်မှုဖြစ်ပွားလာရင် မြို့နယ်အလုပ်သမားရုံးကို ဆက်သွယ်တိုင်ကြားနိုင်တယ်ဆိုတာ မသိကြဘူး" ဟု ဦးစိုးဝင်းက ပြောကြားသည်။

အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွက် လူမှုဖူလုံရေး အကျိုးခံစားခွင့်မရဘဲ သေဆုံးသွားသည့် အလုပ်သမားထိခိုက်သေဆုံးမှု ရှစ်မှုအတွက် အကျိုးခံစားခွင့်ကို ပေးအပ်နိုင်ခဲ့သည်။ ထို့အပြင် မတော်တဆ ထိခိုက်မှုစုစုပေါင်း ၁၉ မှုအတွက်လည်း အကျိုးခံစားခွင့်ရရှိအောင် လျော်ကြေးပေးအပ်နိုင်ခဲ့ပြီး စုစုပေါင်းပေးအပ်နိုင်ခဲ့သည့် အကျိုးခံစားခွင့်ရှိသူ ၂၇ ဦးရှိပြီး လျော်ကြေးငွေအားဖြင့် ငွေကျပ် ၄၄၅၁၉၄၈၀ ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

"လျော်ကြေးတွေ ပေးနေတယ်လို့ သိရပေမယ့် ခေတ်ကာလ ကုန်ဈေးနှုန်းနဲ့ နှိုင်းယှဉ်မယ်ဆိုရင် အလွန်နည်းနေသေးတာကို တွေ့ရပါတယ်။ ဒါပေမယ့် လုံးဝလျော်ကြေးခံစားခွင့်မရတာနဲ့ နှိုင်းယှဉ်မယ်ဆိုရင်တော့ အထိုက်အလျောက် အကျိုးရှိစေတဲ့အတွက် ပြောင်းလဲလာတဲ့ ခေတ်ကာလနဲ့အညီ လွန်ခဲ့တဲ့ နှစ် ၉၀ ကျော်က ဥပဒေကို ပြင်ဆင်ဖို့ရှိတယ်"ဟု အလုပ်သမားအခွင့်အရေး ဆောင်ရွက်သူ ဦးကျော်မြင့်ထံမှ သိရသည်။

"ရရှိတဲ့လျော်ကြေးပမာဏကို အားမရတာဖြစ်ဖြစ်၊ ဆုံးဖြတ်တာကို မယုံကြည်တာဖြစ်ဖြစ် ဖြစ်လာမယ်ဆိုရင်တော့ သက်ဆိုင်ရာ တိုင်းဒေသကြီး တရားရုံးတွေကနေတစ်ဆင့် တိုင်ကြားနိုင်ပြီး အဲဒီတိုင်ကြားမှုကို တရားရုံးကနေ ပြန်လည်စိစစ်ပေးတာရှိပါတယ်။ ကော်မတီက မှန်မှန်ကန်ကန် ဆုံးဖြတ်ထားတာတွေ့ရင် ပလပ်ပေးသလို မမှန်ကန်ဘူးထင်ရင်တော့ လက်ခံအမှုဖွင့်ခွင့်ရရှိမှာဖြစ်ပါတယ်။ ဒါပေမယ့် ကော်မတီကို မဆုံးဖြတ်ခိုင်းဘဲ တရားရုံးက စီရင်ဆောင်ရွက်တာတော့ မရှိပါဘူး"ဟု အလုပ်သမားအခွင့်အရေး ဆောင်ရွက်သူ ဦးကျော်မြင့်က ရှင်းပြသည်။

# ကျွန်တော်နဲ့ တနင်္သာရီတိုင်း



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

တစ်နေ့က ကျွန်တော်ထားဝယ်ကို ရောက်ခဲ့တယ်။ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် ဖိတ်ကြားခဲ့တာ။ သမ္မတကြီး ဦးဝင်းမြင့် ဂုဏ်ပြုညစာစားပွဲမှာ တွေ့ရင်း တနင်္သာရီတိုင်းကို ကျွန်တော်က လာဖို့ ကတိပေးခဲ့တယ်။ အခုလို ကတိပေးပြီး ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုးနဲ့ တိုင်ပင်ခဲ့ပြန်တယ်။ အချိန်ကိုလည်း ညှိနှိုင်းခဲ့တယ်။ ကျွန်တော်တို့ ခရီးစဉ်ကို ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းကိုလည်း အကြောင်းကြားခဲ့တယ်။ ကုန်သည်ကြီးများအသင်းက ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနဲ့လည်း ဆွေးနွေးပြီး ခရီးစဉ်က လွန်ခဲ့တဲ့ မတ်လကတည်းက ကျွန်တော် ဆောင်ရွက်နေတဲ့ (B4P) လို့ခေါ်တဲ့ Business for Peace ငြိမ်းချမ်းရေးအတွက် တာဝန်ကျေပွန်တဲ့ စီးပွားရေးအကြောင်း ထားဝယ်မြို့မှာ ရှင်းလင်းဖို့ဖြစ်တယ်။ ကျွန်တော်တို့ လာမယ်ဆိုတာသိတော့ ထားဝယ်မြို့အများပိုင်ကုမ္ပဏီက တာဝန်ရှိသူတွေက သူတို့အတွက်လည်း ဟောပြောပွဲတစ်ခုလုပ်ပေးဖို့ တောင်းခံလာတယ်။ ထားဝယ်မှာ အခုလိုလုပ်မယ်သိတာမို့ မြိတ်က အများပိုင်ကုမ္ပဏီဥက္ကဋ္ဌ ဦးလှသန်းနဲ့ အဖွဲ့ကလည်း ပွဲကို လာမယ်လို့ အကြောင်းကြားခဲ့တယ်။

### ဒေသအတွက် အရေးကြီး

ကျွန်တော့်မိဘနှစ်ပါးက ထားဝယ်သူ ထားဝယ်သားတွေ။ အဖေ့ဘက်က အဘိုးနဲ့ အဘွားက ထားဝယ်ကဖြစ်ပြီး အမေ့ရဲ့အဖေက ထားဝယ်သား၊ အမေက မော်လမြိုင်သူ။ ဒါကြောင့် ထားဝယ်သွေးကများတာ။ တစ်ခုစိတ်မကောင်းတာက ကျွန်တော်တို့မောင်နှမ ထားဝယ်စကားမပြောတတ်ကြဘူး။ ပြောတာတွေအားလုံး နားလည်တယ်။ ဦးလေးတွေ၊ အဒေါ်တွေဆိုရင် ထားဝယ်စကားပဲပြောတယ်။ အသံတွေက သိပ်ဝဲကြတာ။ ကျွန်တော်တို့က ဖခင်တာဝန်အရ တပ်မတော်မှာ နယ်အနှံ့သွားရပြီး ရန်ကုန်မှာအနေများတော့ ထားဝယ်စကားကို မပြောတတ်ကြတော့ဘူး။ နှမြောစရာပါပဲ။ ကျွန်တော့်ကို ဝန်ကြီးချုပ်က တနင်္သာရီတိုင်း တစ်တိုင်းလုံးအတွက် လူမှုစီးပွားရေးဖွံ့ဖြိုးမှုအကြောင်း ဆွေးနွေးဖို့ တောင်းခံပါတယ်။ ကျွန်တော်ကလည်း ဒီခေါင်းစဉ်ဟာ ကိုယ့်ဒေသအတွက် အလွန်အရေးပါတဲ့ ကိစ္စဖြစ်တာကြောင့် လိုက်ခဲ့မိတယ်။

### မဟာဗျူဟာကျတဲ့ဒေသ

တနင်္သာရီတိုင်းဟာ တည်နေရာအရ မဟာဗျူဟာကျတဲ့ ဒေသဖြစ်တယ်။ နိုင်ငံရဲ့ တောင်ဘက်အကျဆုံးဒေသဖြစ်ပြီး တိုင်းပြည်သယံဇာတ ၂၅ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်တဲ့နေရာ ကမ်းရိုးတန်းအရှည်ကြီး၊ အိမ်နီးနားချင်းနိုင်ငံက ထိုင်းနိုင်ငံ။ ထားဝယ်ကနေ အနောက်ဘက်စူးစူးကိုသွားရင် အိန္ဒိယနိုင်ငံက ခပ်နီးနီး။ ထားဝယ်၊ မြိတ်နဲ့ ကော့သောင်းခရိုင် သုံးခရိုင်နဲ့ စုဖွဲ့ထားတဲ့ တိုင်းဒေသကြီး။ ကိုလိုနီစနစ်ကို အရင်ဆုံးတွေ့ကြုံခဲ့ရတဲ့ဒေသ။ ထားဝယ်ဟာ အုပ်ချုပ်ရေးမြို့ဖြစ်ပြီး မြိတ်ကတော့ စီးပွားရေးမြို့တော်ဖြစ်တယ်။ ကော့သောင်းခရိုင်မှာ ထူးခြားလှတဲ့ သဘာဝကျွန်းစုတွေ၊ ရတနာကမ်းလွန်က ဓာတ်ငွေ့တွေ အကြီးအကျယ်ထွက်တာ။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ရော်ဘာ၊ သတ္တုမိုင်းနဲ့ နာမည်ကြီးခဲ့တဲ့ ထားဝယ်။ အခုခေတ်မှာတော့ ထားဝယ်အထူးစီးပွားရေးဇုန်ဟာ အကောင်အထည်ဖော်ပြီးချိန်မှာ အရှေ့တောင်အာရှမှာ အကြီးဆုံးစီးပွားဇုန်။ ထားဝယ်က တစ်ဆင့် ကန်ချနာပူရီ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်အထိ လမ်းခရီးပေါက်တာ။ ဒီအခြေခံကောင်းတွေရှိရက်နဲ့ တိုးတက်သင့်သလောက် မတိုးတက်ခဲ့ဘူး။

အမှန်တော့ တနင်္သာရီတိုင်းရဲ့ အခြေအနေဟာ မြန်မာနိုင်ငံနဲ့ ခပ်ဆင်ဆင်။ လွတ်လပ်ပြီး ၁၀ နှစ်ကျော်ကာလအတွင်း အရှေ့တောင်အာရှမှာ အဘက်ဘက်မှ အောင်မြင်မှုတွေ ရခဲ့တယ်။ စီးပွားရေးအရရော၊ လူမှုရေးအရပါ။ ရန်ကုန်တက္ကသိုလ်ဟာ အရှေ့တောင်အာရှမှာ ထင်ရှားနာမည်ကြီးခဲ့တယ်။ နိုင်ငံရဲ့ တစ်ဦးကျဝင်ငွေဟာ အင်ဒိုနီးရှားထက် လေးဆများတယ်။ ၁၉၆၂ နောက်ပိုင်းမှာတော့ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ရာက ၁၉၈၇ ခုနှစ်မှာ အဆင်းရဲတကာ့ အဆင်းရဲဆုံး နိုင်ငံစာရင်း ဝင်ရောက်ခဲ့တယ်။ အဘက်ဘက်မှာ ပျက်စီးယိုယွင်းခဲ့တယ်။ နိုင်ငံရဲ့မဟာဗျူဟာတည်နေရာကို အပြည့်အဝ အသုံးမချနိုင်ခဲ့ဘူး။ နိုင်ငံတကာနဲ့ အဆက်အသွယ်ဖြတ်ခဲ့ပြီး ကိုယ့်အားကိုယ်ကိုးတဲ့ မူဝါဒကို စွဲကိုင်ခဲ့တယ်။ တစ်ခုတော့ ရှိတယ်။ တိုင်းပြည်ရဲ့ သဘာဝသယံဇာတတွေကိုတော့ ထိန်းသိမ်းခဲ့တယ်။ စစ်အစိုးရဟာ ၁၉၈၈ ခုနှစ်ကစပြီး ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ ဒါပေမယ့် တစ်ဖက်က အစိုးရရဲ့ စီမံအုပ်ချုပ်မှုတွေကို ဆက်လက်ထိန်းခဲ့တယ်။ ဒါကြောင့် စစ်မှန်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို အပြည့်အဝ အကောင်အထည်မဖော်နိုင်ခဲ့ဘူး။ ခရိုနီအရင်းရှင်စီးပွားရေးစနစ်ကို မွေးထုတ်ခဲ့ပြန်တယ်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ လုပ်ခဲ့တယ်။ ဒါပေမယ့် ထိထိရောက်ရောက် မလုပ်နိုင်ခဲ့ဘူး။ အရေးကြီးမှုနဲ့ အရေးပါမှုကို မခွဲခြားနိုင်ခဲ့ဘူး။ မော်တော်ယာဉ်တင်သွင်းခွင့်ကို ဖြေလျှော့ရတယ်။ အကျိုးဆက်တွေက ယနေ့အချိန်အထိ ခံစားနေရတုန်း။

> “အောင်မြင်ဖို့ ကြိုးစားတဲ့သူတွေကို အားပေးရမယ်၊ ကူညီရမယ်၊ မဆွဲချသင့်ဘူး၊ အခုတော့ မနာလိုစိတ်တွေများတယ်၊ လုပ်နေတဲ့သူကို အားမပေးဘဲ ဝေဖန်နေကြတယ်၊ မုဒိတာစိတ်တွေ မမွေးနိုင်ကြဘူး၊ သူများအောင်မြင်ရင် ကိုယ်အောင်မြင်သလိုပဲဆိုတဲ့စိတ် ထားရမှာသာ ဖြစ်တယ်”

ကျွန်တော်က ထားဝယ်မြို့ကို ၁၂ နာရီရောက်တဲ့ လေယာဉ်နဲ့ ရန်ကုန်က ထွက်ခဲ့တယ်။ ကုန်သည်ကြီးများအသင်း အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုးနဲ့ အဖွဲ့ဝင်တွေက မနက်စောစော လေယာဉ်နဲ့ ထွက်ခဲ့တာ။ အခုလို ရှိမှန်းမသိလို့ နေ့လယ်လေယာဉ်နဲ့ သွားခဲ့တာဖြစ်တယ်။ ဟိုရောက်တော့ တည်းမယ့်ဟိုတယ်မှာပဲ နေ့လယ်စာစားကြတယ်။ အချိန်က သိပ်မရတာမို့ စားပြီးပြီးချင်း ပွဲလုပ်မယ့်နေရာကို ထွက်ခဲ့တယ်။ လုပ်မယ့်နေရာက ထားဝယ်အများပိုင်ကုမ္ပဏီရဲ့အစည်းအဝေးခန်းမကြီး၊ ခန်းမရောက်တော့ ဝန်ကြီးချုပ်နဲ့ ဝန်ကြီးတွေက ရောက်နှင့်နေပြီ၊ ခဏတစ်ဖြုတ် စကားပြောကြပြီး ခန်းမထဲဝင်ခဲ့ကြတယ်။ ခန်းမကြီးက သိပ်ခမ်းနားတာ၊ အခမ်းအနားအဖွင့်အမှာစကားကို ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ပြောပြီး အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုးက စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ရှုထောင့်ကနေ တင်ပြဆွေးနွေးခဲ့ပါတယ်။

### စီးပွားရေးတိုးတက်ရုံနဲ့ မလုံလောက်

ကျွန်တော့်အလှည့်ရောက်တော့ ပြင်ဆင်ထားတဲ့ slide တွေ သုံးပြီး တနင်္သာရီတိုင်းရဲ့ လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအကြောင်းကို ဆွေးနွေးခဲ့ပါတယ်။ ပထမပိုင်းမှာတော့ လူမှုစီးပွားရေးဖွံ့ဖြိုးမှုနဲ့ ပတ်သက်ပြီး နောက်ခံအတွေးအခေါ် အယူအဆတွေကို တင်ပြခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ အခွင့်အရေးရတိုင်း စီးပွားရေးပညာနဲ့ ပတ်သက်ပြီး သီအိုရီတွေကို တင်ပြခဲ့တယ်။ ကျွန်တော်ကတော့ လက်တွေ့လုပ်နေတဲ့သူတွေအနေနဲ့ သီအိုရီနောက်ခံကို သိစေချင်တယ်။ ကျွမ်းကျင်စေချင်တယ်။ သီအိုရီမပိုင်ရင် လက်တွေ့မှာ အခက်အခဲတွေ့နိုင်တယ်။ အခုအချိန်မှာ လူမှုစီးပွားရေးနဲ့ ပတ်သက်တဲ့ အမြင်တွေက ပြောင်းလဲနေတာဖြစ်တယ်။ တိုင်းပြည်ပဲဖြစ်ဖြစ်၊ ဒေသတစ်ခုခုပဲဖြစ်ဖြစ် ဖွံ့ဖြိုးမှုလို့ပြောရင် စီးပွားရေးပေတံ၊ လူမှုရေးပေတံနဲ့ ပတ်ဝန်းကျင်ပေတံ ပေတံသုံးခုနဲ့ တိုင်းဆနေတာ တွေ့ရတယ်။ စီးပွားရေးတိုးတက်ရုံနဲ့ မလုံလောက်ဘူး။

ဒုတိယပိုင်းမှာတော့ တနင်္သာရီတိုင်းရဲ့ အလားအလာ အခွင့်အရေးတွေကို ရှင်းလင်းခဲ့တယ်။ ကျွန်တော်က အခုလို တင်ပြရင်း စိတ်မကောင်းဖြစ်ရပြန်တယ်။ ဒီလောက်အခြေအနေကောင်းလှတဲ့ဒေသ ဘာကြောင့် အခုလိုဖြစ်နေတာလဲ။ အမှန်တော့ တနင်္သာရီတိုင်းဟာ NCA လက်မှတ်ထိုးပြီးတဲ့ ဒေသဖြစ်တာမို့ အေးချမ်းတဲ့ဒေသတစ်ခု ဖြစ်တယ်။ တတိယပိုင်းမှာတော့ ဘာကြောင့် အခုလိုဖြစ်နေတာကို သုံးသပ်ခဲ့တယ်။ ကျွန်တော်က တနင်္သာရီတိုင်းရဲ့ အခြေအနေကို ဒေသခံတွေ နားလည်နိုင်တဲ့ ဥပမာတစ်ခုပေးခဲ့ပါတယ်။ ဒါကတော့ ကဏန်းတွေဖမ်းပြီး ခြင်းထဲထည့်ရင် ခြင်းကို အဖုံးဖုံးစရာ မလိုတဲ့ အကြောင်း၊ အခုလိုဖြစ်ရတာက ပွင့်နေတဲ့အဖုံးက လွတ်မြောက်အောင် ထွက်ဖို့ ကြိုးစားတဲ့ ကဏန်းကို အောက်က ကဏန်းက ဝိုင်းဆွဲချတာမို့ မလွတ်နိုင်ဘူး။ ကြိုးစားတဲ့ကဏန်းတိုင်း အခုလို ဆွဲချခံရတော့ တစ်ကောင်မှမလွတ်တော့ဘဲ အားလုံး အဖမ်းခံရပြီး အသတ်ခံရမှာ။ အောင်မြင်ဖို့ ကြိုးစားတဲ့သူတွေကို အားပေးရမယ်၊ ကူညီရမယ်၊ မဆွဲချသင့်ဘူး၊ အခုတော့ မနာလိုစိတ်တွေ များတယ်၊ လုပ်နေတဲ့သူကို အားမပေးဘဲ ဝေဖန်နေကြတယ်၊ မုဒိတာစိတ်တွေ မမွေးနိုင်ကြဘူး၊ သူများအောင်မြင်ရင် ကိုယ်အောင်မြင်သလိုပဲဆိုတဲ့ စိတ်ထားရမှာသာ ဖြစ်တယ်။

### မတူညီတာကို လက်ခံနိုင်အောင် ကြိုးစားဖို့လို

အခြေခံကတော့ စိတ်ထားပါ။ အရာရာကို အကောင်းမမြင်နိုင်ကြဘူး။ ကန့်ကွက်ဖို့၊ ဆန့်ကျင်ဖို့ပဲ စဉ်းစားနေကြတယ်။ ဝေဖန်တာက လွယ်ပါတယ်။ အပြစ်တင်တာလည်း မခက်ပါဘူး။ အဖြေပေးနိုင်ဖို့က မလွယ်ဘူး။ မတူညီတာကို လက်ခံနိုင်အောင် ကြိုးစားကြဖို့ ကျွန်တော်တိုက်တွန်းခဲ့တယ်။ လူ့အဖွဲ့အစည်းတစ်ခုမှာ အစိုးရ၊ ပုဂ္ဂလိကနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်း အပိုင်းသုံးပိုင်းရှိတယ်။ ဒီသုံးပိုင်းဟာ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်တယ်။ အခုတော့ ဘာပဲလုပ်လုပ် ကန့်ကွက်ရမယ်ဆိုတဲ့စိတ်ရှိနေတော့ ခက်ခဲလှတယ်။ အမှန်တော့ ကိုယ်ကျိုးထက် အများအကျိုးကို ရှေးရှုရမယ်။ ထားဝယ်စီမံကိန်းကြီးကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်အောင် ဝိုင်းဝန်းအားထုတ်ကြရမယ်။ စီမံကိန်းကြီးကောင်းအောင် ကြိုးစားကြရမယ်။ ရှုထောင့်တစ်ခုထဲက ကြည့်လို့မဖြစ်ဘဲ လွှမ်းခြုံကြည့်နိုင်စွမ်းရှိရမယ်။ ကျွန်တော်တင်ပြချက်ပြီးချိန်မှာ အမေးအဖြေကဏ္ဍကို လုပ်ခဲ့တယ်။ မေးခွန်းတွေကမျိုးစုံ။ ကဏ္ဍအသီးသီးက ပုဂ္ဂိုလ်တွေ မေးကြတယ်။ အခုလိုမေးတာကိုလည်း ကျေနပ်တယ်။ သိချင်လို့မေးတာ။ တင်ပြစရာရှိလို့ တင်ပြတာ။ ဒါတွေကို ကြိုဆိုရမှာသာ ဖြစ်တယ်။ အခမ်းအနားကို ဦးအောင်စိုးက နိဂုံးချုပ်မိန့်ခွန်း ပြောပြီး ရုပ်သိမ်းပေးခဲ့ကြတယ်။ ပွဲပြီးတဲ့အချိန်မှာ ၄ နာရီလောက် ရှိသွားတာ။

ထားဝယ်က ညီမတွေရဲ့အိမ်ကိုသွားပြီး နှုတ်ဆက်၊ သူတို့ ပြင်ဆင်ထားတဲ့ ထားဝယ်မုန့်ဟင်းခါးကို အားရပါးရ စားခဲ့ရတယ်။ ထားဝယ်မုန့်ဟင်းခါးက ထူးခြားတယ်။ ငှက်ပျောအမြစ်နဲ့ ချက်ထားတာ။ အကြော်မပါဘူး။ ကြက်သွန်နီအကြော်ပဲ သုံးတာ။ ဆီထမင်းကိုလည်း ထည့်စားတယ်။ ငါးပုပ်ခြောက်နဲ့ ချက်ထားတာမို့ လေးလေးပင်ပင်ရှိတယ်။ ကျွန်တော်နဲ့အတူ တူတော်မောင်ရယ် မြိတ်အများပိုင်က ဒုတိယဥက္ကဋ္ဌ နှစ်ဦးလည်း မုန့်ဟင်းခါးကို စားကြတယ်။ အိမ်နဲ့ တည်းတဲ့ဟိုတယ်က နီးတာမို့ ခဏနားဖို့ လမ်းလျှောက်ခဲ့တယ်။ အခန်းမှာ ခဏနားပြီး ညစာကို စားကြတယ်။ အချိုပွဲအနေနဲ့ ဒူးရင်းသီး ကျွေးတယ်။ ညဘက်မှာ လုပ်မယ့်ပွဲက ၈ နာရီမှာစမှာမို့ မနက်က ကျင်းပတဲ့ ခန်းမကို ကျွန်တော်တို့အဖွဲ့ သွားခဲ့ကြတယ်။ ပရိသတ်ကတော့ သိပ်မများလှဘူး။ ထားဝယ်အများပိုင်ကုမ္ပဏီက BOD အဖွဲ့ဝင်တွေရယ်၊ မြိတ်အများပိုင်ကုမ္ပဏီက BOD အဖွဲ့ဝင်တွေ တက်ရောက်ခဲ့တယ်။ လုပ်ငန်းရှင် အနည်းငယ်နဲ့ ထားဝယ်မြို့ ရောဝတီဘဏ် ဘဏ်ခွဲမန်နေဂျာနဲ့ ဝန်ထမ်းတွေလည်း တက်ရောက်ကြတယ်။ ကျွန်တော်ဆွေးနွေးတဲ့ခေါင်းစဉ်က စီးပွားရေးလုပ်ငန်းတွေအတွက် ကောင်းမွန်သော စီမံအုပ်ချုပ်မှု ဖြစ်တယ်။

### စနစ်တကျ ပညာပေးမှု မရှိ

ကျွန်တော်တို့နိုင်ငံမှာ အများပိုင်ကုမ္ပဏီ ၂၀၀ ကျော်ရှိတယ်။ ဒါပေမယ့် ဒီကုမ္ပဏီက စီမံအုပ်ချုပ်နေကြတဲ့ BOD အဖွဲ့ဝင်တွေကို စနစ်တကျ ပညာပေးမှု မရှိဘူး။ ပိုင်ရှင်ဖြစ်ရုံနဲ့ BOD အဖွဲ့အလိုလိုဖြစ်သွားတာ။ သပ်သပ်ရပ်ရပ် ဖွဲ့စည်းမှုမရှိတာမို့ စီမံခန့်ခွဲမှု အားနည်းတာ။ ပွင့်လင်းမြင်သာမှု၊ ကိုယ်ကျိုးစီးပွားရေး ပဋိပက္ခရှောင်ရှားမှု၊ တာဝန်ခံမှု အစရှိတဲ့ အကြောင်းအချက်တွေကို ခပ်ပေါ့ပေါ့ပဲ စဉ်းစားကြတယ်။ BOD နဲ့ပတ်သက်ပြီး ရှိအပ်တဲ့ ကော်မတီသုံးရပ်ကိုလည်း ဖွဲ့စည်းထားမှု မရှိဘူး။ (Risk Management) ဖြစ်တဲ့ စွန့်စားမှုနဲ့ ပတ်သက်ပြီး စနစ်တကျစီမံမှုလည်း အားနည်းတယ်။ ဥက္ကဋ္ဌလုပ်တဲ့သူတွေဟာ ရာသက်ပန်တာဝန်လို့ ထင်နေကြတယ်၊ လူစားထိုးဖို့လည်း မတွေးကြဘူး၊ ကျွန်တော့်ရဲ့ဆွေးနွေးပွဲအပြီး မေးခွန်းတွေ များကြတယ်၊ စိတ်ဝင်တစားနဲ့ မေးကြတာ၊ ပွဲက ည ၉ နာရီခွဲအထိ၊ အပြန်မှာ နာမည်ကြီး လက်ဖက်ရည်ဆိုင် သွားကြတာ၊ ဆိုင်မှာ မနက်ကပွဲကိုတက်တဲ့ ဝန်ကြီးနဲ့ ဇနီးတို့နဲ့ ဆုံခဲ့တယ်။ အိပ်ရာဝင်တော့ ၁၀ နာရီကျော်ပြီ။ မနက်က အခန်းထဲဝင်ဝင်ချင်း ဆေးလိပ်အနံ့ရတော့ ကျွန်တော့်နှာခေါင်းက သိပ်သိတယ်။ ဆေးလိပ်နံ့ကို မခံနိုင်ဘူး။ အခန်းလဲဖို့ စီစဉ်ပေမယ့် နောက်ဆုံးတော့ တစ်ညတည်းမို့ သည်းခံပြီး အိပ်ခဲ့တယ်။ ဆေးလိပ်မသောက်ရအခန်းမှာ ဆေးလိပ်သောက်တာက စိတ်ပျက်စရာပါပဲ။

နောက်တစ်နေ့မနက် နံနက်စာကို ဟိုတယ်မှာစားပြီး ရန်ကုန်ပြန်ဖို့လေယာဉ်ကွင်းမှာ သွားစောင့်ကြတယ်။ လေယာဉ်က အချိန်မီ ဆိုက်လာတာမို့ ကျွန်တော်နဲ့အတူ အဖွဲ့ဝင်တွေ ရန်ကုန်ကို ၉ နာရီကျော် ရောက်ခဲ့တယ်။ ဒီပွဲလုပ်ရတာ အားရကျေနပ်မိတယ်။ အခုလို စိတ်ကူးတွေ ပြောင်းအောင် ကြိုးစားတဲ့ ပွဲတွေ ကျွန်တော်အမြဲလုပ်ချင်တယ်။ စိတ်တွေသာပြောင်းရင် အရာရာဖြစ်နိုင်တယ်။ ဒါကိုတော့ ကျွန်တော် တထစ်ချယုံတယ်။ ဒီပွဲရဲ့အနေအထားကိုကြည့်ပြီး မြိတ်အများပိုင်ကုမ္ပဏီဥက္ကဋ္ဌ ဦးလှသန်းက မြိတ်မှာလည်း တစ်ပွဲလုပ်ပေးဖို့ တောင်းခံလာတယ်။ မြိတ်ကိုသွားဖို့ စီစဉ်ရပြန်ဦးမယ်။ ။

## လူမှုစီးပွားဘဝတိုးတက်ရေး ကုန်ထုတ်လမ်းသစ် မိုင်းဖြတ်မြို့၌ ဖောက်လုပ်မည်

မိုင်းဖြတ် မေ ၂၀

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်၌ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် နမ့်လန်းကျေးရွာ၌ ကုန်ထုတ်လမ်းသစ် ဖောက်လုပ်မည်ဖြစ်ပြီး လမ်းဖောက်လုပ်မည့်နေရာသို့ မေလဒုတိယပတ်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေကျပ် ၁၀ ဒသမ ၇၃ သန်းဖြင့် အရှည် ပေ ၃၉၆၀၊ အကျယ် ၂၅ ပေရှိသော အဆိုပါ ကုန်ထုတ်လမ်းသစ် ဖောက်လုပ်ပြီးစီးပါက အိမ်ခြေ ၁၂၇ လုံး၊ လူဦးရေ ၆၂၄ ဦးနှင့် လယ်ဧက ၁၈၀ တို့ကို အကျိုးပြုပေးမည့်အပြင် နမ့်လန်းကျေးရွာ၊ ပါပူးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအတွက်ပါ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာမည်ဖြစ်၍ ဒေသထွက်ကုန်ပစ္စည်းများကိုလည်း တစ်ရွာနှင့်တစ်ရွာ အလွယ်တကူ သယ်ဆောင်ရောင်းဝယ် ဖောက်ကားလာနိုင်တော့မည်ဖြစ်ကာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း (ပြန်/ဆက်)

# ကျောက်တန်းရေလယ်ဘုရား၌ မိုးရာသီအတွင်း ဘုရားဖူးများ ဘေးကင်းရေး ဆောင်ရွက်ထား

**ကျောက်တန်း မေ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်ရှိ ကျိုက်မှော်ဝန်းစေတီတော်(ကျောက်တန်းရေလယ်ဘုရား)၌ မိုးရာသီကာလအတွင်း ဘုရားဖူးများ အန္တရာယ်ကင်း လုံခြုံစွာ ဘုရားဖူးနိုင်ရေးအတွက် ဂေါပကအဖွဲ့က လုံခြုံရေးအပြည့်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျောက်တန်းရေလယ်ဘုရား ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘုရားဖူးများ လုံခြုံဘေးကင်းစွာ လာရောက်ဘုရားဖူးနိုင်ရန်အတွက် သမ္ဗန်တိုင်းတွင် အသက်ကယ်အင်္ကျီများ ထားရှိပေးပြီး အခါကြီးရက်ကြီးနေ့များတွင် ဘုရားဖူးပြည်သူများ လာရောက်မှုများပြားသည့်အတွက် လှေကြီးများဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း တာဝန်ရှိသူက ဆိုသည်။ "မိုးလေဝသအခြေအနေက မှောင်မည်းနေတာတို့ မိုးလေတွေ အလွန်ကြီးတဲ့အခါတို့ဆို သမ္ဗန်တွေကို ခေတ္တဆိုင်းငံ့ထားပါတယ်၊ ဘုရားဘက်ကမ်းမှာရော၊ မြို့ဘက်ကမ်းမှာရော အရေးပေါ်အခြေအနေကြုံရင် အသက်ကယ်ဗောတွေ ထားပေးထားတယ်၊ အန္တရာယ်ကင်းရှင်းအောင် အဓိကထားပြီး ပို့ဆောင်နေပါတယ်"ဟုလည်း အဆိုပါ တာဝန်ရှိသူက ဆက်ပြောသည်။

ကျောက်တန်းရေလယ်ဘုရားသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်နိုင်ရန် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပေးထားပြီး သမ္ဗန်ခမှာ တစ်ဦးလျှင် နှစ်ရာကျပ်ဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။ ကျောက်တန်းရေလယ်ဘုရားသို့ လာရောက်ဖူးမြော်ကြသော ဘုရားဖူးပြည်သူများအား ယခင်က သမ္ဗန်ဖြင့် ဘုရားကို တစ်ပတ်လှည့်ကာ ပို့ဆောင်ပေးသော်လည်း ထိုသို့လှည့်ခြင်းမှာ အန္တရာယ်ရှိသောကြောင့် ယခုနောက်ပိုင်းတွင် ဘုရားဖူးပြည်သူများက လှည့်ပေးရန်တောင်းဆိုသည့်တိုင် မလှည့်ပေးတော့ကြောင်းလည်း စေတီတော် ဂေါပကအဖွဲ့ထံမှ သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

# ဒလမြို့နယ် သင်္ဘောဆိပ်ကမ်း သန့်ရှင်းသာယာလှပရေး ညှိနှိုင်းဆွေးနွေး



**ရန်ကုန် မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သင်္ဘောဆိပ်ကမ်း သန့်ရှင်းသာယာလှပစေရေးနှင့် ခရီးသွားပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက်လမ်းမကြီးများပေါ်သို့ ရောက်ရှိနေသော လမ်းဘေးကျူးကျော်ဆိုင်များ၊ စက်ဘီး၊ ဆိုင်ကယ်အပ်ဆိုင်များ၊ ဆိုက်ကားများ၊ သုံးဘီးဆိုင်ကယ်များ၊ ဆိုင်ကယ်ကယ်ရီများ၊ မော်တော်ယာဉ်များကို စည်းကမ်းတကျရှိစေရေးနှင့် ပြည်သူများ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေး ဆောင်ရွက်ရန် ဒလမြို့နယ် သင်္ဘောဆိပ်ကမ်း သန့်ရှင်းသာယာလှပရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို မေ ၁၉ ရက်က ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် သင်္ဘောဆိပ်ကမ်း သန့်ရှင်းသာယာလှပရေး ကော်မတီနာယက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက အမှာစကားပြောကြားပြီး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက ဒလသင်္ဘောဆိပ်၌ လက်ရှိအချိန်တွင် လမ်းမပေါ်သို့ ကျူးကျော်ဈေးဆိုင်များ ရောင်းချနေမှု၊ ဆိုင်ကယ်ကယ်ရီများနှင့် သုံးဘီးဆိုင်ကယ်များက သင်္ဘောဆိပ်အဝိုင်း ဧရိယာအတွင်း ခရီးသည်တင်ဆောင်မှုကြောင့် လမ်းပိတ်ဆို့ခြင်းနှင့် ယာဉ်ရပ်နားမှုများ ပြုလုပ်နေခြင်းတို့ကြောင့် နေ့စဉ် ခရီးသွားပြည်သူများစွာတို့မှာ သွားလာရေး အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း၊ ခရီးသည်များ အဆင်ပြေချောမွေ့စေရေး၊ ဘေးကင်း လုံခြုံမှုရှိစေရေး၊ စည်းကမ်းနှင့်အညီ ဖြစ်စေရေးနှင့် မြို့နယ်အင်္ဂါရပ်နှင့်အညီ စနစ်တကျဖြစ်စေရေးအတွက် တက်ရောက်လာသည့် သင်္ဘောဆိပ်ကမ်း သန့်ရှင်းသာယာလှပရေး ကော်မတီအဖွဲ့ဝင်များက ဆွေးနွေးအကြံပြုစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်နှင့် ဦးထွေးတင်၊ မြို့နယ်အင်ဂျင်နီယာဌာန(လမ်းနှင့် တံတား) ဌာနစုမှူး (ဦးစီးအရာရှိ) ဦးမောင်မောင်လွင်၊ ဒလသင်္ဘောဆိပ်ကမ်း မန်နေဂျာ ဒေါ်အေးအေးမာနှင့် မြို့မိမြို့ဖများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ဒလမြို့နယ်နှင့် ဆိပ်ကြီးခနောင်တို မြို့နယ်များမှာ ဆိုင်ကယ်များ တရားဝင်စီးနင်းခွင့်ပေးထားသော မြို့နယ်များဖြစ်ပြီး ဒလမြို့နယ် သင်္ဘောဆိပ်ကမ်း၌ လမ်းဘေးဈေးဆိုင်များ စနစ်တကျ ရောင်းဝယ်နိုင်ရေးကိုလည်းကောင်း၊ ဆိုင်ကယ်ဂိတ်၊ ဆိုက်ကားဂိတ်၊ သုံးဘီးဆိုင်ကယ်များနှင့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းနှင့် ရောဝတီတိုင်းဒေသကြီးသို့ သွားသော ခရီးသည်တင်ယာဉ်နှင့် အငှားယာဉ် ဂိတ်များကိုလည်းကောင်း စနစ်တကျ နေရာများသတ်မှတ်ပြီး ဆောင်ရွက်ထားသော်လည်း ယခုအခါ လမ်းဧရိယာပေါ်တွင် အပြည့်အဝ ကျူးကျော်ဝင်ရောက်ခြင်းတို့ ရှိနေကြောင်း သိရသည်။

"ဒလမြို့နယ်အတွင်းမှာရှိတဲ့ ဆိုက်ကားတွေက လိုင်စင်လည်းရှိတယ်၊ နိုင်ငံတော်ကိုလည်း အခွန်ဆောင်ပေးနေရတယ်၊ ဒီသုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်တွေက အခွန်လည်းမဆောင်ဘူး၊ သင်္ဘောဆိပ်အဝိုင်းမှာပါ ဂိတ်လာထိုးတာတွေ ရှိတယ်၊ လူသွားလမ်းပေါ်မှာ ပိတ်ဆို့ရပ်နားတာတွေကို စနစ်တကျ စည်းကမ်းရှိရှိနဲ့ ဆောင်ရွက်ပေးနိုင်ဖို့၊ နောက်ပြီး လမ်းပေါ်မှာ ကျူးကျော်ဈေးဆိုင်တွေရှိတယ်၊ ဒါတွေကိုလည်း ဖျက်သိမ်းအရေးယူဆောင်ရွက်ဖို့နဲ့ ဒလသင်္ဘောဆိပ် အသွား၊ အပြန်နေရာမှာ နွေ၊ မိုး၊ ဆောင်း သွားလာနိုင်ရေးအတွက် လူသွားလမ်းစင်္ကြံလမ်းကိုပါ ဖောက်လုပ်ပေးဖို့ အစီအစဉ်ရှိတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်က ပြောသည်။ ဒလမြို့နယ်အတွင်းမှ လုပ်ငန်းလိုင်စင်မရှိသော သုံးဘီးဆိုင်ကယ်များနှင့် ယာဉ်များ ပြေးဆွဲနေခြင်းတို့ကိုလည်း စစ်ဆေးပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ စာတင်၍ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း လွှတ်တော်ကိုယ်စားလှယ်က ဆက်ပြောသည်။

ဒလမြို့နယ်အတွင်း၌ လုပ်ငန်းလိုင်စင်ရှိသော သုံးဘီးဆိုင်ကယ် အရေအတွက်မှာ ၂၆ စီးခန့်သာရှိပြီး လုပ်ငန်းလိုင်စင်မရှိသေးသော သုံးဘီးဆိုင်ကယ်များမှာ အရေအတွက်များစွာရှိကြောင်း၊ ၎င်းတို့မှာ နိုင်ငံတော်သို့ အခွန်ပေးဆောင်ခြင်း မရှိသေးဘဲ ဆိုက်ကားများကသာ နိုင်ငံတော်သို့ အခွန်ပေးဆောင်နေကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ပြည်ပပို့ကုန်တိုးတက်ရန် စိုက်ပျိုးရေးအခြေခံ စံချိန်စံညွှန်း မူကြမ်းများ ရေးဆွဲနေ

**နေပြည်တော် မေ ၂၀**

ပြည်ပပို့ကုန် တိုးတက်လာရန်အတွက် စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းတွင် သီးနှံပေါင်း ၁၈ မျိုးကို ထည့်သွင်းရေးဆွဲထားပြီး ယင်းတို့အနက် မြေပဲ၊ နှမ်း၊ ဖရဲ၊ ထောပတ်နှင့် ကော်ဖီတို့အတွက် စံချိန်စံညွှန်း မူကြမ်းကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် ပြည်ပပို့ကုန်ပစ္စည်းများ၊ ပြည်ပမှ တင်သွင်းလာသော သွင်းကုန်ပစ္စည်းများကို စမ်းသပ်စစ်ဆေးနိုင်ရန်အတွက် ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေးစီမံချက်ကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ရေးဆွဲလျက်ရှိနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောသည်။

"စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီက စားသုံးသူရေးရာဦးစီးဌာနက တာဝန်ရှိပြီးတော့ ဆန်၊ ပဲ မျိုးစုံ ရေးဆွဲအတည်ပြုထုတ်ပြန်ထားတယ်၊ ကုန်ပစ္စည်းအရည်အသွေး စစ်ဆေးတာ၊ စံချိန်မပြည့်တာတွေကို စစ်ဆေးနိုင်မယ့် ပစ္စည်းကိရိယာနဲ့ ကျွမ်းကျင်ပညာရှင် နည်းပါးတာကြောင့် ကုန်ပစ္စည်းအရည်အသွေးစစ်ဆေးမှုစွမ်းရည် လျော့နည်းလာသလို ပို့ကုန်ဈေးကွက် ကျယ်ပြန့်လာအောင်ကလည်း လက်ရှိအခြေအနေအရ အိမ်နီးချင်းနိုင်ငံတွေရဲ့ ဈေးကွက်တစ်ခု၊ နှစ်ခုအပေါ်ကို ကျဉ်းမြောင်းစွာ မှီခိုနေရပြီးတော့ အဲ့ဒီဈေးကွက်တွေရဲ့လိုအပ်ချက်အရ တင်ပို့နေရတဲ့ အခက်အခဲတွေ ဖြစ်ပေါ်နေတယ်၊ ဒါကို စီးပွား၊ ကူးသန်းက တိုးတက်လာဖို့ ဆောင်ရွက်နေတယ်"ဟု ၎င်းက ဆက်ပြောသည်။

ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် အရည်အသွေး စံချိန်စံညွှန်းမမီခြင်းကြောင့် ဝယ်ယူမှုရပ်ဆိုင်းခြင်းများ ကြုံတွေ့ရသလို စိုက်ပျိုးထုတ်လုပ်တင်ပို့ရာတွင် ရာသီဥတု၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း၊ သွင်းအားစုကုန်ကျစရိတ် မြင့်မားခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့်ရရှိရန် လိုအပ်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များ မြင့်မားခြင်း၊ အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မှု နည်းပါးခြင်း၊ နိုင်ငံတကာဈေးကွက်နှင့် ဝယ်လိုအားအပေါ် မှီခိုနေရခြင်း၊ ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များ၊ ရိတ်သိမ်းမှု စနစ်များ၊ ထုတ်လုပ်မှု စနစ်များ လိုအပ်နေခြင်း စသည့် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရကြောင်းလည်း သိရသည်။

"သီးနှံတွေရဲ့ စံချိန်စံညွှန်းရေးဆွဲဖို့၊ လိုအပ်သလို ထုတ်ပြန်နိုင်ဖို့ အဖွဲ့တွေ ဖွဲ့စည်းထားကြတယ်၊ ဒီမှာ စံချိန်စံညွှန်းက သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက်တော့ သတ်မှတ်ချက်ရှိနေပေမယ့် တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်မယ့် စိုက်ပျိုးရေး plan တွေ လိုအပ်တယ်၊ အခု သက်ဆိုင်ရာဝန်ကြီးဌာနက ရေးဆွဲနေတဲ့ စိုက်ပျိုးရေးမဟာဗျူဟာ မူကြမ်းမှာလည်း ဒေသတစ်ခုနဲ့တစ်ခု ထွက်ရှိတဲ့ထုတ်ကုန်တွေ မတူနိုင်တာမို့လို့ နိုင်ငံတကာရဲ့ ကုန်ပစ္စည်းစံညွှန်းနဲ့ ညီအောင် ရေးဆွဲပြဋ္ဌာန်းဖို့ လိုတယ်၊ WTO လို အဖွဲ့အစည်းတွေက နည်းပညာ စည်းမျဉ်းတွေ လိုအပ်တယ်"ဟု ပို့ကုန်လုပ်ငန်းရှင် ဒေါက်တာ မြတ်မင်းက ပြောသည်။

လယ်ယာစီးပွားကဏ္ဍမှာ နိုင်ငံ့ဂျီဒီပီ၏ ၂၅ ရာခိုင်နှုန်း ပါဝင်လျက်ရှိပြီး ယင်းအထဲတွင် လယ်ယာကဏ္ဍမှ ၁၈ ဒသမ ၂ ရာခိုင်နှုန်း ပါဝင်နေကြောင်း သိရသည်။ ပို့ကုန်တိုးမြှင့်ရေးအတွက်(ကုန်ကြမ်း၊ တစ်ဝက်ကုန်ချောနှင့် ပစ္စည်းမျိုးစုံ) ပိုလျှံမှုရှိပြီး ဈေးကွက် ကျယ်ကျယ်ပြန့်ပြန့်ရှိသော်လည်း အဆိုပါ ပို့ကုန်ပစ္စည်းများမှာ အခြားပြိုင်ဘက်နိုင်ငံများနှင့် အရည်အသွေးယှဉ်ပြိုင်နိုင်စွမ်း နည်းပါးနေသဖြင့် ကုန်ပစ္စည်း၏ အရည်အသွေး ထိန်းသိမ်းခြင်း၊ ပြုပြင်ပေးခြင်း၊ စစ်ဆေးခြင်းနှင့် လိုအပ်သည့် စည်းမျဉ်းများ၊ မူကြမ်း(မူဝါဒ)များ ချမှတ်ဆောင်ရွက်ခြင်းတို့ လိုအပ်နေကြောင်း သိရသည်။

**ဇာလင်းသူ(AMIA) ဓာတ်ပုံ- ကေဇူး(AMIA)**



# ၁၀၅ မိုင်ကျေးရွာတွင် တရားမဝင်ဖွင့်ထားသော လောင်းကစားဂိမ်းဆိုင်များရှိမရှိ စစ်ဆေး

**မူဆယ် မေ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်ကျေးရွာတွင် တရားမဝင်ဖွင့်လှစ်ထားသော လောင်းကစားဂိမ်းဆိုင်များ ရှိမရှိကို မူဆယ်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများအဖွဲ့က မေ ၁၉ ရက် ညနေပိုင်းက ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

လောင်းကစားဂိမ်းဆိုင်များဖွင့်လှစ်ပြီး လောင်းကစားမှုများပြုလုပ်နေခြင်း ရှိမရှိကို စိစစ်တင်ပြရန်အတွက် မူဆယ်မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ်ရဲမှူး ဒုရဲမှူးနိုင်တင်အေး ဦးစီးသည့်အဖွဲ့နှင့် မူဆယ်မြို့မရဲစခန်း၊ မူဆယ်မူခင်းအကူတပ်ဖွဲ့၊ ခရိုင်လုံခြုံရေးတပ်ခွဲ၊ ၁၀၅ မိုင်ရဲကင်းနှင့် မူဆယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများအဖွဲ့က နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ ၁၀၅ မိုင် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်သည်။

သွားရောက်စစ်ဆေးခဲ့ရာတွင် မိုင်းယု ၁၀၅ မိုင် နယ်မြေ ၃ ၌ လုံထန်ပြည်သူ့စစ်မှ ဦးအိုက်ရီ ဖွင့်လှစ်ထားသော Happy World ဂိမ်းဆိုင်၊ နမ့်ခမ်းမြို့မ ပြည်သူ့စစ်(ဌာနေ)မှ ဦးလောဂ ဖွင့်လှစ်ထားသော 666 ဂိမ်းဆိုင်၊ ဝပြည်သူ့စစ်မှ ဦးမောင်စန်း ဖွင့်ထားသော အမည်မရှိဂိမ်းဆိုင်၊ မုံးကိုးပြည်သူ့စစ်မှ ဦးခေါင်ဇယ် ဖွင့်လှစ်ထားသော 555 ဂိမ်းဆိုင်၊ နမ့်ခမ်းမြို့မပြည်သူ့စစ်(ဌာနေ)မှ ဦးအောင်မျိုးနိုင် ဖွင့်လှစ်ထားသော 889 ဂိမ်းဆိုင်နှင့် ဆင်ကျော့ပြည်သူ့စစ်မှ ဦးတေဇာ ဖွင့်လှစ်ထားသော AAA ဂိမ်းဆိုင်များကို သွားရောက်စစ်ဆေးခဲ့ကြပြီး အဆိုပါဂိမ်းရုံများတွင် လောင်းကစားနှင့်ပတ်သက်သည့် ပစ္စည်းကိရိယာ တစ်စုံတစ်ရာနှင့် လောင်းကစားပြုလုပ်မှု တစ်စုံတစ်ရာ မတွေ့ရကြောင်း ရဲတပ်ဖွဲ့မှ သိရသည်။

**သန့်ဇင်(မူဆယ်)**

# မန္တလေးမြို့ ပုရစ်ဈေးကွက်မှ ပုရစ်များကို မြန်မာနိုင်ငံအနှံ့သို့ တင်ပို့ရောင်းချနေ

**မန္တလေး မေ ၂၀**

မိုးရာသီအကြိုကာလတွင် မန္တလေးအမှတ်တံဆိပ်အဖြစ် ထွက်ရှိလာသည့် ရာသီပေါ် မိုးပုရစ်များ ဈေးကွက်သို့ စတင်ဝင်ရောက်လျက်ရှိကာ ဝယ်ယူစားသုံးမှုများပြားသဖြင့် အရောင်းသွက်လျက်ရှိကြောင်း မန္တလေးပုရစ်ဈေးကွက်မှ သိရသည်။

အဆိုပါ မိုးပုရစ်များမှာ ဇန်းမော်၊ ကသာ၊ ထီးချိုင့်၊ တကောင်းနှင့် ရွှေကူမြို့နယ်တို့မှ စတင်ထွက်ရှိလာပြီး မန္တလေး အောင်မြေသာစံမြို့နယ်ရှိ ဈေးကွက်သို့ တင်ပို့၍ ဒေသခံများသာမက မြန်မာပြည်အနှံ့အပြားသို့ လက်လီလက်ကား တစ်ဆင့်ရောင်းချပေးနေရကြောင်း ပုရစ်ရောင်းချသူ ဒေါ်လှမြင့်ကပြောသည်။

"ပုရစ်ကို မန္တလေးနဲ့ ရန်ကုန်က အများဆုံးကြိုက်ကြတယ်၊ သီတင်းကျွတ်လမှာ ထွက်ရှိတဲ့ ဆောင်းပုရစ်က ဥပါတဲ့အတွက် ဈေးကောင်းရပြီး ဒီရာသီမှာထွက်တဲ့ မိုးပုရစ်ကတော့ ဥမပါတော့ ဈေးတော့လျော့တာပေ့ါ၊ ပုရစ်က ခြောက်လတစ်ကြိမ်နဲ့ တစ်နှစ်မှာ နှစ်ကြိမ် ထွက်ပေါ်ပြီး တစ်ကြိမ်ကို တစ်လခွဲလောက်တော့ ရောင်းရတာပေ့ါ၊ ပုရစ်ဈေးက အထွက်နည်းလာလေ ဈေးကောင်းရလေပါပဲ၊ မတ္တရာနယ်ဘက်က ပုရစ်ကတော့ အထွက်နောက်ကျတယ်"ဟု ၎င်းကပြောသည်။

လက်ရှိတွင် မန္တလေးမြို့ရှိ ပုရစ်ဈေးကွက်၌ ပုရစ်အထီး၊ အမ ရောထားသည့် အကောင် တစ်ရာလျှင် အရွယ် အကြီးအသေးအပေါ် မူတည်၍ ၂၀၀၀ ကျပ်မှ ၄၀၀၀ ကျပ်ဈေးဖြင့်လည်းကောင်း၊ အသင့်စားသုံးနိုင်ရန် ကြော်လှော်ထားသည့် ပုရစ် အကောင်တစ်ရာလျှင် ငွေကျပ် ၆၀၀၀ နှုန်းခန့်ဖြင့်လည်းကောင်း ရောင်းချလျက်ရှိကြောင်းသိရသည်။



ပုရစ်ဖမ်းသူများအနေဖြင့် မိုးကိုမျှော်လင့်နေရပြီး မိုးဆက်တိုက်ရွာသွန်းပါက ပုရစ်တွင်းများသို့ ရေဝင်ရောက်မှုကြောင့် အပြင်ပျံသန်းထွက်လာသည့်အချိန်ကို စောင့်ဆိုင်းကာ ညပိုင်းအချိန်တွင် မာကျူရီမီးများထွန်းညှိ၍ မီးထောင်ချောက်ဆင် ဖမ်းယူရကြောင်း တကောင်းနယ်မှ ပုရစ်ဖမ်းသူ ကိုမျိုးဝင်းထံမှ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပုလဲမြေ စာပေကလပ်အသင်း၏ ပထမအကြိမ် စာပေဆွေးနွေး

**ပုလဲ မေ ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ရှိ ပုလဲမြေစာပေဝါသနာတူကလပ်အသင်း(Book Club)၏ ပထမအကြိမ်မြောက် သုတရသ စာပေဆွေးနွေးပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်မြူနတီစင်တာခန်းမ၌ မေ ၁၉ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပုလဲမြေ စာပေဝါသနာတူကလပ်အသင်း နာယက မောင်တင်လှ(ပုလဲ)က အမှာစကားပြောကြားခဲ့ပြီး အသင်းဥက္ကဋ္ဌ ဦးညွန့်ဆောင်(မြတ်မင်းမွန်-ပုလဲ)က သုတရသ စာပေဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကဗျာဆရာ ဝင်းမြင့်လှိုင်က မြန်မာ့ကဗျာရေစီးကြောင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသော စာပေဝါသနာရှင်များနှင့် ကဗျာချစ်သူများက မြန်မာ့ကဗျာများနှင့် ပတ်သက်၍ အမြင်များကိုဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ကဗျာဆရာဝင်းမြင့်လှိုင်က စာပေဝါသနာတူကလပ်အသင်းများအတွက် ဂုဏ်ပြုရေးဖွဲ့ခဲ့သော မောင်နေညို( ပုလဲ)၏ စာပေအလင်း အမှောင်ခွင်း ကဗျာကို ရွတ်ဆိုပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။ ပုလဲမြေ စာပေဝါသနာတူကလပ်အသင်း၏ ဒုတိယအကြိမ်မြောက် သုတရသ စာပေဆွေးနွေးပွဲကို ဇွန် ၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး ဆရာမ ကြေးမုံအေးက အက်ဆေးဆန်သော အက်ဆေး ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**



## ငါးရှဉ့်မွေးမြူခြင်းဖြင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိနိုင်

**ရန်ကုန် မေ ၂၀**
မြန်မာနိုင်ငံအတွင်း လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့် တောင်သူများအနေဖြင့် မိမိပိုင်ခြံမြေပေါ်တွင် မိသားစုအလိုက် တစ်ပိုင်တစ်နိုင် ငါးရှဉ့်သားဖောက်လုပ်ငန်း လုပ်ကိုင်ပါက အရင်းအနှီးအနည်းအကျဉ်းဖြင့် နိုင်ငံခြားဝင်ငွေရ၍ ကြီးပွားတိုးတက်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ရေထွက်ပစ္စည်းသယံဇာတ သုတေသနပညာရှင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဒေါက်တာ ဒေါ်တိုးနန္ဒာတင်က "ကျွန်မ ငါးရှဉ့်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌတာဝန် စတင်ယူခဲ့တဲ့အချိန်က ငါးရှဉ့်သားဖောက်လုပ်ငန်းကို လေ့လာဖို့ ဗီယက်နမ်နိုင်ငံကို ၂၀၁၇ ခုနှစ် ဇူလိုင်မှာ ကျွန်မအပါအဝင် လေးယောက်သွားတယ်၊ ဗီယက်နမ်နိုင်ငံ Can Cho တက္ကသိုလ်မှ ပါမောက္ခ Dr.Long က မျိုးရွေးပုံ၊ ဆေးထိုးပုံ၊ အကောင်ဖောက်ပုံ၊ အကောင်ပေါက်ထိန်းသိမ်းပုံ၊ မွေးမြူနည်းတွေကို စနစ်တကျ အသေးစိတ် သင်ကြားပေးလိုက်ပါတယ်၊ ကျွန်မတို့ မြန်မာနိုင်ငံကိုပြန်ရောက်တော့ ရှစ်လပိုင်း ရောက်နေပြီ၊ သင်ပေးလိုက်တဲ့အတိုင်း မျိုးရှာရပါတယ်၊ ငါးရှဉ့်သားပေါက်ချိန်က ငါးလပိုင်းမှာတစ်ခါ၊ ခုနစ်လပိုင်း ရှစ်လပိုင်းမှာတစ်ခါ ပေါက်တယ်၊ တစ်နှစ် နှစ်ကြိမ် ပေါက်ပါတယ်၊ စလုပ်တော့ ၁၀ လပိုင်းထဲ ဝင်နေပြီ၊ ဒါပေမယ့် စိတ်မပျက်ပါဘူး၊ စမ်းသပ်ဇရိယာအနေနဲ့ အဖွဲ့ချုပ်ရုံးအနောက် မြေကွက်လပ်မှာ အလျား ၂၉ပေ၊ အနံ ၁၃ ပေ၊ အနက်သုံးပေ တူးတယ်၊ ပလတ်စတစ်ခင်း ဝါးရန်ပြီး လယ်မြေရွှံ့ကိုထည့်တယ်၊ ရောင်းတန်းဝင် ၁၅၀ ဂရမ်ကနေ ၂၀၀ ဂရမ်ရှိ အကောင်ရေ ၆၀ ထည့်ပါတယ်၊ ကျွန်မတို့က ကိုးလ၊ ဆယ်လပိုင်းမှာမှ စလုပ်တော့ မိုးသက်လေပြင်းကျတယ်၊ ရေမထိန်းနိုင်ဘူး၊ ဒါကြောင့် မနှစ်က ငါးရှဉ့်မပေါက်လိုက်ဘူး ဖြစ်ပါတယ်၊ ဒီလိုနဲ့ပဲ စိတ်ရှည်ရှည်ထား ထိန်းသိမ်းပြုစုလာခဲ့တာ ခုငါးလပိုင်း ၁၄-၁၅ ရက်မှာ ဥကျတယ်၊ သားပေါက်တယ်၊ ဒီကနေ့ဆို အကောင်ရေ ၄၀၀-၅၀၀ လောက်ရသွားပါပြီ"ဟု ပြောသည်။



အောင်မြင်စွာ သားဖောက်မွေးမြူထားနိုင်သော ငါးရှဉ့်များ

"ဒါက ဒေသက သဘာဝအလျောက်ထွက်ရှိတဲ့ သားစား သယံဇာတ ရေထွက်ပစ္စည်းပါ၊ ငါးရှဉ့်ဟာ ကျွန်မတို့မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ သဘာဝအလျောက် ထွက်ပါတယ်၊ မြန်မာနိုင်ငံသားတွေက စားတာနည်းပါတယ်၊ ငါးရှဉ့်က ဟော်မုန်းအားကောင်းတဲ့ သားစားခာတ်စာတစ်မျိုးဖြစ်လို့ တရုတ်နိုင်ငံသားတွေ အလွန်ကြိုက်ပါတယ်၊ ဒါကြောင့် တရုတ်နိုင်ငံကို ပို့ကုန်အဖြစ်ထွက်နေတော့ သဘာဝထွက်ရှိမှု ရှားလာတယ်၊ ငါးရှဉ့်ရောင်းရငွေက တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာတယ်၊ တဖြည်းဖြည်း လျော့ကျလာတယ်၊ ဒါကြောင့် မွေးမြူခြင်းဖြင့် ဝင်ငွေရမယ့် နည်းပညာတစ်ခု အောင်မြင်ဖို့ ဒေသကထွက်ရှိတဲ့ ငါးရှဉ့်နဲ့ ပထမဦးဆုံး စပြီး သားဖောက်ခဲ့တာ၊ အောင်မြင်တဲ့အတွက် ကြိုးစားရကျိုးနပ်ပါတယ်၊ နည်းစနစ်တွေကို စာတမ်းပြုစု သင်ကြားပေးသွားပါ့မယ်"ဟုလည်း ပီတိစကားပြောကြားသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ပို့ကုန်တစ်ခုအဖြစ် တင်ပို့ရောင်းချနေသည့် သဘာဝ ရေထွက်ပစ္စည်းတစ်မျိုးဖြစ်သည့် ငါးရှဉ့်ကို နိုင်ငံအတွင်းမှ တောင်သူများအနေဖြင့် မိမိတို့၏ လယ်မြေခြံဝင်းများအတွင်း တစ်ပိုင်တစ်နိုင် မွေးမြူထားခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

## တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်

**(မေ ၁၄ ရက်မှ ၁၈ ရက်အထိ)**

**မတ်ပဲ (FAQ/RC) ဈေး ပြန်လည်ကျဆင်း**

ပြီးခဲ့တဲ့အပတ်က အိန္ဒိယနိုင်ငံက မတ်ပဲကို တန်ချိန် ၁၅၀၀၀၀ ဝယ်ယူမယ်ဆိုတဲ့ သတင်းတွေကြောင့် မတ်ပဲဈေးနှုန်းတွေ မြင့်တက်လာခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးက တအိအိနဲ့ ပြန်ပြီးကျဆင်းသွားပါတယ်။ ဈေးကွက်အတွင်း အချို့ပဲတွေက လက်ကျန်ရှိပြီး အချို့ပဲတွေက လက်ကျန်မရှိတော့တဲ့ အနေအထားမှာ ဈေးကွက်ထဲ နေ့စဉ် ဝင်ရောက်နေတဲ့ မတ်ပဲကတော့ ဈေးတက်ချိန် အလုအယက်ရောင်းနေတဲ့ အနေအထားမှာလည်း ရှိနေပါတယ်။

ရန်ကုန်ဈေးကွက်မှာလည်း တစ်ပတ်ကို တန်ချိန် ၃၀၀၀ နီးပါး အရောင်းအဝယ်ဖြစ်နေပြီး နယ်ကုန်စည်ဒိုင်တွေမှာလည်း တစ်နေ့ကို အိတ် ၂၀၀ ကနေ ၃၀၀ ကြား အရောင်းအဝယ်ဖြစ်နေပါတယ်။ ဈေးတက်နေချိန် ပဲတွေအရောင်းအဝယ်ဖြစ်နေပေမယ့် လက်ရှိအနေအထားက တောင်သူလက်ထဲ ပဲရှိတဲ့အနေအထားမဟုတ်ဘဲ လှောင်သမားလက်ထဲမှာသာ ပဲရှိတာဖြစ်တဲ့အတွက် အကျိုးအမြတ်ကတော့ တောင်သူတွေ မရရှိလိုက်ပါဘူး။

လက်ရှိ အိန္ဒိယနိုင်ငံက မတ်ပဲဝယ်ယူမယ်ဆိုတဲ့ သတင်းကြောင့် မတ်ပဲဈေးတွေက တက်နေပေမယ့် ပြီးခဲ့တဲ့ ၂၀၁၇ ကာလတူတုန်းက ဈေးကို ရရှိဖို့ ခဲယဉ်းနိုင်မယ်လို့လည်း ကုန်သည်အချို့က ယူဆထားပါတယ်။

မတ်ပဲက ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် မေလမှာ တစ်တန်ကို ကျပ် ၉၇၀၀၀၀ ကျော် ဈေးရရှိခဲ့ပါတယ်။ ၂၀၁၇ ဩဂုတ်လကစပြီး အိန္ဒိယနိုင်ငံရဲ့ ပြောင်းလဲလိုက်တဲ့ မူဝါဒကြောင့် မြန်မာနိုင်ငံရဲ့ ပဲဈေးတွေ တစ်ရှိန်ထိုး ထိုးကျသွားပြီး တောင်သူတွေ အထိနာခဲ့ရပေမယ့် လက်ရှိအနေအထားက တောင်သူတွေကို အနေအထားတစ်ခုကို ထပ်ပြီး ရောက်စေနိုင်လိမ့်မယ်လို့လည်း တောင်သူတွေက မျှော်လင့်ထားကြပါတယ်။

ဒါပေမယ့် အိန္ဒိယနိုင်ငံရဲ့ပဲမျိုးစုံထုတ်လုပ်မှုက တန်ချိန် ၂၄ သန်းကျော်နိုင်လိမ့်မယ်လို့ ခန့်မှန်းထားပြီး အိန္ဒိယနိုင်ငံကို ပဲတင်ပို့တဲ့ နိုင်ငံတွေထဲမှာ မြန်မာက တင်ပို့မှုနှုန်းထားလျော့ကျလာတဲ့အတွက် ပြည်ပဝယ်ယူမှုမြင့်ရင် ဈေးတက်မှာဖြစ်ပြီး ပြည်ပတင်ပို့မှုနည်းရင် ဈေးကျဆင်းမှာပဲ ဖြစ်ပါတယ်။

ဒီတစ်ပတ် ရန်ကုန်ဈေးကွက်မှာ မတ်ပဲ တစ်တန်ကို ကျပ် ၄၉၀၀၀၀ ကျော်အထိ ဈေးတက်လာခဲ့ပါတယ်။ နယ်ကုန်စည်ဒိုင်ဖြစ်တဲ့ နေပြည်တော်ကုန်စည်ဒိုင်မှာတော့ သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၄၇၀၀၀ အထိ တစ်အိတ်မှာ ၇၀၀၀ ဈေးမြင့်လာပါတယ်။ မုံရွာကုန်စည်ဒိုင်မှာလည်း တစ်အိတ်ကို ငွေကျပ် ၄၃၅၀၀ ပေါက်ဈေးရှိပြီး ၃၀၀၀ လောက် ဈေးမြင့်လာခဲ့ပါတယ်။

**ပဲစင်းငုံနီ အိန္ဒိယက တိုး၍ဝယ်ယူမည်**

ပဲစင်းငုံနီကတော့ လက်ရှိမှာ အိန္ဒိယနိုင်ငံက တိုးပြီးဝယ်ယူမယ်ဆိုတဲ့ သတင်းတွေကြောင့် ဈေးက မတ်ပဲနီးနီး မြင့်တက်လာခဲ့ပါတယ်။ ဒါပေမယ့် ပဲလုပ်ငန်းရှင်တွေနဲ့ အစိုးရက ထုတ်ခဲ့တဲ့ ထုတ်ပြန်ချက်မှာ ပဲစင်းငုံနီကို ယခုထက်မစိုက်ပျိုးဘဲ အခြားဝင်ငွေရသီးနှံတွေကို စိုက်ပျိုးပါလို့ ဆိုထားတာကြောင့် တောင်သူတွေအကြား ဝေခွဲမရတဲ့အခြေအနေ ဖြစ်နေပါတယ်။

အိန္ဒိယက ဝယ်ယူမယ်ဆိုတဲ့သတင်းကြောင့် လာမယ့် မိုးပဲကို စိုက်ပျိုးသင့်လား၊ အမှန်တကယ် အခြားအစားထိုးသီးနှံတွေကိုပဲ စိုက်ပျိုးသင့်လားဆိုတဲ့ မေးခွန်းတွေလည်း အမြောက်အမြားရှိပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့အပတ်က ဈေးဖွင့်ရက်မရှိခဲ့တဲ့ ပဲစင်းငုံနီက ဒီတစ်ပတ်မှာလည်း တစ်တန်ကို ကျပ်ငါးသိန်းနီးနီးအထိ ဈေးတက်ခဲ့ပြီး နယ်ကုန်စည်ဒိုင်တွေမှာလည်း ဈေးက အမြင့်ဈေး ရရှိနေပါတယ်။ ဈေးမြင့်ရနေပေမယ့်လည်း ပဲအဟောင်းလက်ကျန်က မရှိတော့ ဈေးကွက်ထဲမှာ နေ့စဉ်တော့ အရောင်းအဝယ် မဖြစ်ပါဘူး။

မြန်မာနိုင်ငံက ပဲစင်းငုံနီက တခြားပြည်ပပဲဈေးနှုန်းတွေနဲ့ယှဉ်ရင် ဈေးသက်သာနေတာဖြစ်ပြီး အိန္ဒိယစိုက်ပျိုးမှုမှာလည်း လိုအပ်ချက်ရှိနေသေးတဲ့အတွက် ပဲစင်းငုံက ဆက်ပြီး အရောင်းအဝယ်ရှိနေဦးမယ်လို့လည်း ကုန်သည်အချို့က သုံးသပ်ပါတယ်။ ဒါပေမယ့် အိန္ဒိယအစိုးရက ပဲစင်းငုံနီကို ပဲအလုံးအပြင် ပဲအခြမ်းပါ တင်ပို့ရမယ်ဆိုတဲ့ ကန့်သတ်ချက်ကြောင့် ပဲကုန်သည်အချို့ကတော့ နောက်ဆက်တွဲ ခွဲခြမ်းတဲ့စက်လိုအပ်ချက်တွေကို စိုးရိမ်မှုတွေ ရှိနေပါတယ်။

ပဲစင်းငုံနီက ပြီးခဲ့တဲ့အပတ်က ရန်ကုန်မှာ ဈေးတက်လာပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးက အနည်းငယ် ပြန်ကျဆင်းသွားပါတယ်။ နယ်ကုန်စည်ဒိုင်တွေဖြစ်တဲ့ မြင်းခြံကုန်စည်ဒိုင်မှာ တစ်အိတ်ကို ၄၂၀၀၀ ကျပ်၊ ပြည်ကုန်စည်ဒိုင်မှာ တစ်အိတ်ကို ၄၁၅၀၀ ကျပ်၊ မုံရွာကုန်စည်ဒိုင်မှာ တစ်အိတ်ကို ၃၇၅၀၀ ကျပ်နဲ့ တစ်အိတ်မှာ ကျပ် ၁၀၀၀၀ ကျော် အသီးသီး ဈေးတက်လာပါတယ်။

**ဈေးကွက်အဝင်နည်း ထောပတ်ပဲ ဈေးအနည်းငယ်တက်လာ**

ထောပတ်ပဲကတော့ လက်ရှိမှာ ဈေးကွက်ထဲကို ပဲအဝင်နည်းလာသလို အရောင်းကလည်း လက်လီအနေအထားသာ ရှိတော့တဲ့အတွက် ဈေးအနည်းငယ် တက်လာပါတယ်။ အချိန်တော်တော်ကြာ အကျဈေးနဲ့ ဈေးငြိမ်နေခဲ့ရာက လက်ရှိမှာ တစ်ပိဿာ ကျပ် ၂၀၀ နီးပါး တက်လာပါတယ်။

မြင်းခြံကုန်စည်ဒိုင်မှာ တစ်ပိဿာကို ကျပ် ၂၀၀၀ ဈေးရှိပြီး ပခုက္ကူကုန်စည်ဒိုင်မှာ တစ်ပိဿာကို ကျပ် ၂၁၇၀၊ ပြည်ကုန်စည်ဒိုင်မှာ တစ်ပိဿာကို ကျပ် ၁၇၅၀၊ မုံရွာကုန်စည်ဒိုင်မှာ တစ်ပိဿာကို ၁၆၇၅ ကျပ်နဲ့ ဒိုင်အသီးသီးမှာ ဈေးအနည်းငယ်စီ တက်လာတာကို တွေ့ရပါတယ်။



**ကုလားပဲ တက်မြဲတက်ဆဲ**

ပြီးခဲ့တဲ့အပတ်က ဈေးတက်ခဲ့တဲ့ ကုလားပဲက ဒီတစ်ပတ်မှာလည်း ဈေးတက်လာတာကို တွေ့ရပါတယ်။ နယ်ကုန်စည်ဒိုင်တွေမှာလည်း နေ့စဉ် အိတ် ၃၀၀ နီးပါး အဝင်ရှိပြီးတော့ ပဲခွဲစက်သမားတွေ အဝယ်များတဲ့အတွက် ဈေးကတော့ တက်နေပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ပဲဝယ်ယူမှုထုတ်ပြန်ချက်က တခြားပဲတွေ အပေါ်မှာပါ သက်ရောက်မှုရှိပြီး ဈေးကတက်လာနေတာဖြစ်ပါတယ်။

မြင်းခြံကုန်စည်ဒိုင်မှာ ကုလားပဲ ဖြူ ဝါက တစ်တင်းကို ကျပ် ၂၀၀၀၀ နီးပါးရှိပြီး တစ်တင်းမှာ ကျပ် ၂၀၀၀ ကျော် ဈေးတက်လာပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၉၅၀၀ ကနေ ၂၀၀၀၀ ကျော် ပေါက်ဈေးရှိပြီး ကျပ် ၂၀၀၀ ကျော် တက်လာပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၂၂၀၀၀ ရှိပြီး ၁၀၀၀ ကျပ်ခန့် ဈေးတက်သလို မုံရွာကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ကျပ် ၁၈၀၀၀ ကနေ ၂၁၀၀၀ ရှိပြီး ကျပ် ၁၀၀၀ ခန့် ဈေးတက်လာပါတယ်။

**ကြက်သွန်ဖြူ ဖြည်းဖြည်းကျ**

ကြက်သွန်ဖြူ(ရှမ်း)(ကြူကုတ်)ကတော့ ဒီတစ်ပတ်မှာ ထပ်ပြီး ဈေးကျဆင်းသွားပါတယ်။ ကြူကုတ်က ပြီးခဲ့တဲ့အပတ်မှာ အရောင်းအဝယ်သွက်ပြီး ဈေးအနည်းငယ် တက်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ပုံမှန်အဝင်ရှိပြီး ဈေးကျဆင်းသွားတာပါ။ ရှမ်းကြက်သွန်အသစ်တွေ သကြံန်ပြီးကတည်းက ဝင်ရောက်လာပေမယ့် တောင်ကြီးကြက်သွန်တွေက အဝင်နည်းပြီး အရည်အသွေးကလည်း သိပ်မကောင်းတဲ့အတွက် ဈေးကျဆင်းသွားပါတယ်။

လက်ကျန်ကြက်သွန်တွေများပြီး အသစ်တွေလည်း ထွက်နေတာဖြစ်တဲ့အတွက် ဈေးကွက်အတွင်းမှာ ကြက်သွန်ဖြူတွေများပြီး ဈေးက တဖြည်းဖြည်း ကျဆင်းသွားခဲ့တာဖြစ်ပါတယ်။

ရန်ကုန်ကုန်စည်ဒိုင်မှာ ကြက်သွန်ဖြူ(ကြူကုတ်)က တစ်ပိဿာကို ကျပ် ၁၁၀၀ ကနေ ၁၂၅၀ အထိ ပေါက်ဈေးရှိပြီး အောင်ပန်း၊ တောင်ကြီးတို့ကတော့ ကျပ် ၈၅၀ ကနေ ၁၂၅၀ အထိ ရှိပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာတော့ ကြူကုတ် တစ်ပိဿာကို ကျပ် ၁၁၅၀ ရှိပြီး ရှမ်းစ ကတော့ တစ်ပိဿာကို ကျပ် ၁၀၅၀ နဲ့ တစ်ပိဿာမှာ ကျပ် ၄၀၀ နီးပါး ဈေးကျဆင်းသွားပါတယ်။

**ကြက်သွန်နီ အရောင်းအေး**

လက်ရှိမှာ ကြက်သွန်နီက အရောင်းအဝယ်လည်းအေးပြီး ဈေးလည်းအေးနေတဲ့ အခြေအနေပါပဲ။ ရန်ကုန်ဈေးကွက်ကို နယ်ကြက်သွန်တွေ အဝင်နည်းသွားသလို ဈေးကလည်း အနည်းငယ်သာ အပြောင်းအလဲရှိပါတယ်။

နှစ်စပိုင်းမှာ ကြက်သွန်နီဈေး စံချိန်တင်မြင့်တက်သွားခဲ့တဲ့အတွက် ကြက်သွန်စိုက်တောင်သူတွေအနေနဲ့ အဆင်ပြေခဲ့ပေမယ့် မတ်လကစပြီး ဈေးက တဖြည်းဖြည်း ကျဆင်းသွားခဲ့ပါတယ်။ ဧပြီလမှာလည်း ဈေးမတက်ဘဲ လှောင်လက်အချို့က အတက်ဈေးကိုမျှော်လင့်ပြီး လှောင်ခဲ့ပေမယ့် ဈေးက ဆက်လက်ကျဆင်းခဲ့ပါတယ်။ လက်ရှိကာလကတော့ လှောင်ကြက်သွန်တွေ ဒီထက်ဈေးမကျခင် ထုတ်ရောင်းနေတာဖြစ်ပါတယ်။ နယ်ကုန်စည်ဒိုင်တွေမှာ ကြက်သွန်နီက အနိမ့်ဆုံးဈေး ကျပ် ၂၀၀ ကနေ အမြင့်ဆုံးဈေး ကျပ် ၉၀၀ သာ ပေါက်ဈေးရှိပါတော့တယ်။

**ဝတ်ရည်မွန်(AMIA)၊ ဓာတ်ပုံ- ကေဇူး(AMIA)**

## တနိုင်းမြို့မှ ကျောင်းသားကျောင်းသူများအား ရန်ကုန်ပရဟိတအဖွဲ့က ပညာရေးစရိတ်ထောက်ပံ့

**မြစ်ကြီးနား မေ ၂၀**
တိုက်ပွဲများကြောင့် မြစ်ကြီးနားမြို့နယ် တနိုင်းမြို့ပေါ်ရှိ ခရစ်ယာန်ဘာသာရေး ကျောင်းများတွင် ခိုလှုံနေကြသော ကျောင်းသား ကျောင်းသူများအား ကိုထက်အောင်လင်း(ရန်ကုန်) ပရဟိတအဖွဲ့က ပညာရေး အသုံးစရိတ်များ မေ ၁၈ ရက်က လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်တွင် တိုက်ပွဲများကြောင့် အိုးအိမ်စွန့်ခွာ တိမ်းရှောင်လာသူ ပြည်သူများမှာ တနိုင်းမြို့ပေါ်သို့ ရောက်ရှိလာပြီး KBC,COC,AG, RC အသင်းတော်များတွင် ခိုလှုံနေကြရာ အဆိုပါ ကျောင်းသား၊ ကျောင်းသူများအား ပညာရေးအသုံးစရိတ်အဖြစ် ကိုထက်အောင်လင်း(ရန်ကုန်) ပရဟိတအဖွဲ့က ကျပ် ၁၀ သိန်း လာရောက် လှူဒါန်းထောက်ပံ့ပေးခဲ့ကြောင်း COC အသင်းတော်မှ တာဝန်ရှိတစ်ဦးဖြစ်သည့် ဦးဇာနီလေးက ပြောသည်။

"လက်ရှိ ကျွန်တော်တို့ အသင်းတော်တွေက စစ်ရှောင်တွေထဲမှာ ကျောင်းသား ကျောင်းသူ ၄၀၀ ကျော်လောက် ရှိတယ်၊ သူတို့အတွက် ပညာရေးအသုံးစရိတ်တွေ လာရောက်ထောက်ပံ့ပေးလို့ အများကြီး ကျေးဇူးတင်ပါတယ်၊ အဓိကကတော့ သူတို့လေးတွေကောင်းကောင်း ကျောင်းတက်နိုင်ဖို့ပါပဲ"ဟု ဦးဇာနီလေးကပြောသည်။ လက်ရှိအချိန်အထိ တနိုင်းမြို့ပေါ်ရှိ KBC,COC,AG နှင့် RC အသင်းတော်များတွင် လာရောက်တိမ်းရှောင်နေသော ပြည်သူများမှာ အိမ်ထောင်စု ၃၀၀ ကျော်မှ လူဦးရေ ၁၀၀၀ ကျော် ရှိနေပြီဖြစ်ကြောင်း သိရသည်။ **မင်းမင်းဦး**

# မော်တော်ယာဉ်များ တပ်ဆင်၊ ထုတ်လုပ်ခြင်းလုပ်ငန်းကို ကရင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြု

**ဘားအံ မေ ၂၀**

Precision Auto Engineering ကုမ္ပဏီ၏ နိုင်ငံတကာအဆင့်မီ နှစ်ဘီး၊ သုံးဘီး၊ လေးဘီး အမျိုးအစား မော်တော်ယာဉ်များ တပ်ဆင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအတွက် ကရင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံရန် တင်ပြလာမှုအပေါ် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီက စိစစ်ဆွေးနွေးပြီး ခွင့်ပြုရန် မေ ၁၇ ရက်က ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အတည်ပြုလွှာတင်ပြလာသည့် အတည်ပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၁၈) အတည်ပြုလွှာတင်ပြခြင်း အစည်းအဝေးကို မေ ၁၇ ရက်က ကရင်ပြည်နယ်အစိုးရ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ရာ အစည်းအဝေးတွင် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်ဝန်ကြီးများ၊ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ တာဝန်ရှိသူများနှင့် ကရင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှစ်ခုဖြစ်သည့် မင်းမြတ်ဂုဏ်ကုမ္ပဏီက ဘားအံမြို့ရဲသာကျေးရွာအုပ်စု ကမော့ကစင်ကျေးရွာအနီး၌ ဇွဲကပင်သဘာဝဟိုတယ် အမည်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံရန်လည်းကောင်း၊ Precision Auto Engineering ကုမ္ပဏီက နိုင်ငံတကာအဆင့်မီ မော်တော်ယာဉ်များ တပ်ဆင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းအတွက် ရင်းနှီးမြှုပ်နှံရန်လည်းကောင်း တင်ပြလာမှုများအပေါ် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များက စိစစ်ခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်ကြပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုကို ခွင့်ပြုပေးရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခု၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၅ သန်းနှင့် မြန်မာငွေ ကျပ်သန်းပေါင်း ၄၅၀၀ ရှိမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။




ပြည်နယ်အတွင်း ၁၉၉၄ ဘဏ္ဍာနှစ်မှ ၂၀၁၈ မတ် ၃၁ ရက်အထိ ခွင့်ပြုခဲ့ပြီးသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု သုံးခုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ၁၀ ခု ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ထိုင်းနိုင်ငံတောင်ပိုင်း ရော်ဘာသစ်ခွဲစက်ရုံမှ မြန်မာအလုပ်သမားများ၏ အခက်အခဲကို ဖြေရှင်းနိုင်ခဲ့

**စူရတ်ဌာနီ မေ ၂၀**

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင် ထာ့ချမ်းမြို့ရှိ Girut ရော်ဘာသစ်ခွဲစက်ရုံသည် ယခုနှစ် ဧပြီလ ၃၀ ရက်မှစ၍ လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းသွားသည့်နောက် စက်ရုံရှိ မြန်မာအလုပ်သမား ၃၅ ဦးကို ယခင်လုပ်ငန်းအစား စက်ရုံသန့်ရှင်းရေးလုပ်ငန်းများ ခိုင်းစေခဲ့ရာ အလုပ်သမားများက မလုပ်နိုင်သဖြင့် အလုပ်သမားသံအရာရှိထံ ဆက်သွယ်အကူအညီတောင်းခံခဲ့ပြီးနောက် မြန်မာအလုပ်သမားသံအရာရှိရုံးနှင့် MPC တို့ ပူးပေါင်း၍ မေလတတိယပတ်က ဖြေရှင်းနိုင်ခဲ့ကြောင်းသိရသည်။

အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦးနှင့် မြန်မာသံရုံး ဥပဒေအကြံပေးအရာရှိ ရှေ့နေဦးအောင်မျိုးသန့်၏ လမ်းညွှန်ချက်ဖြင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများအဖွဲ့ချုပ်(MOEAF)အဖွဲ့သည် ထိုင်းတောင်ပိုင်း မြန်မာအလုပ်သမားစောင့်ရှောက်ရေးကော်မတီ (MPC)နှင့် Girut ရော်ဘာသစ်ခွဲစက်ရုံရှိအလုပ်သမားများနှင့် သွားရောက်တွေ့ဆုံပြီးနောက် ထိုင်းအလုပ်သမားဥပဒေအတိုင်း နစ်နာကြေးများရရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"အခုလိုအလုပ်နားလိုက်ရတဲ့အတွက် MoU စည်းကမ်းချက်အတိုင်း အလုပ်သမားတစ်ယောက်ကို နစ်နာကြေး တစ်လစာ ၉၆၀၀ ဘတ်နဲ့ အလုပ်သမားတွေ စတင် အလုပ်နားရတဲ့အချိန်ကနေ ယနေ့အချိန်ထိ လုပ်အားခ ၁၂ ရက်စာ ၃၈၄၀ ဘတ်တို့ကိုပါ တစ်ခါတည်းပေးခဲ့သလို အဲဒီ အလုပ်သမားတွေ အလုပ်အသစ်ကို ပြောင်းရွှေ့ဖို့ပါ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦးက ပြောသည်။



ထိုင်းနိုင်ငံတောင်ပိုင်းတွင် ရော်ဘာလုပ်ငန်း၊ ဆီအုန်းလုပ်ငန်းနှင့် ပင်လယ်စာထုတ်လုပ်ခြင်း လုပ်ငန်းများကို အများဆုံးလုပ်ကိုင်လျက်ရှိပြီး ထိုလုပ်ငန်းများတွင် မြန်မာအလုပ်သမား အများအပြား အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဖြစ်ပေါ်နေသည့် အခြေအနေများကြောင့် မြန်မာအလုပ်သမားများအနေဖြင့် မိမိတို့ အလုပ်လုပ်ကိုင်လျက်ရှိသည့် စက်ရုံသည် အခြေအနေအရပ်ရပ်အရ ရပ်ဆိုင်းခဲ့သည့်နောက် ဥပဒေအတိုင်း အကျိုးခံစားခွင့်များကို လုပ်ငန်းရှင်ဘက်မှ မဆောင်ရွက်ပေးပါက အလုပ်သမားများကိုယ်တိုင် အလုပ်သမား သံအရာရှိရုံး ဖုန်းနံပါတ်များသို့လည်းကောင်း၊ Viber , Line နှင့် Facebook တို့မှလည်းကောင်းဆက်သွယ်အကြောင်းကြားနိုင်ပြီး အလုပ်သမားသံအရာရှိရုံးအနေဖြင့် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေများနှင့်အညီ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ အကူအညီရယူလိုသော မြန်မာအလုပ်သမားများအနေဖြင့် မြန်မာအလုပ်သမားများစောင့်ရှောက်ရေး ကော်မတီ(ထိုင်းတောင်ပိုင်း)(MPC) ဖုန်း ၀၆၂-၇၄၅၇၄၃၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**နန္ဒကျော်စွာ၊ လှိုင်ထွန်းအောင်**

# ပုလဲမြို့နယ်တွင် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်း ၆၃၀၀ ခန့် ထုတ်ချေးမည်

**ပုလဲ မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ဒေသခံတောင်သူများ လယ်ယာထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ပြီး တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်လာစေရန် ရည်ရွယ်လျက် ၂၀၁၈ ခုနှစ်အတွက် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၇ရက်မှ စတင်၍ ထုတ်ချေးပေးနေပြီဖြစ်ကာ စုစုပေါင်း စိုက်ပျိုးစရိတ် ချေးငွေ ကျပ်သန်းပေါင်း ၆၃၀၀ ခန့် ထုတ်ချေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပုလဲမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးတင်ထွဋ်က စိုက်ပျိုးရာသီအမီ ငွေထုတ်ချေးပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်က တောင်သူသုံးဦး အစုအဖွဲ့အာမခံဖြင့် ထုတ်ချေးခဲ့ရာမှ ယခုနှစ်တွင် တောင်သူတစ်ဦးချင်း ကိုယ်တိုင်အာမခံသည့်ပုံစံဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ - ၇ ကို ဘဏ်သို့ပေးထားစေပြီး ချေးငွေများ ထုတ်ပေးကြောင်း၊ ယခင်နှစ်က သုံးဦးအစုအဖွဲ့ ချေးငွေများတွင် ကိုယ်တိုင်ချေးငွေပြေကျေသူများသည် ယခု ၂၀၁၈ ခုနှစ် မိုးချေးငွေကို ချေးယူခွင့်ရှိကြောင်း၊ ယခင်နှစ်ကချေးငွေမှာ အစုအဖွဲ့အာမခံစနစ်ဖြင့် ချေးယူထားခဲ့ခြင်းဖြစ်၍ မိမိကိုယ်တိုင်အတွက် ချေးငွေပြေကျေသော တောင်သူသည် ချေးငွေသစ်ထပ်ယူခွင့် ရှိသော်လည်း မိမိအာမခံထားသော အခြားအစုအဖွဲ့ဝင်၏ ကြွေးကျန်အတွက် ဆက်လက်တာဝန်ရှိနေမည်ဖြစ်ကြောင်း၊ ဘဏ်က အဆိုပါကြွေးကျန်သူကို ဥပဒေအရ တရားစွဲဆို ဆောင်ရွက်ပါက အစုအဖွဲ့အနေဖြင့် အာမခံထားသူများသည်လည်း ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းကို ခံယူမည်ဖြစ်ကြောင်း ဝန်ခံချက်ပြုနိုင်မှသာ ချေးငွေသစ်ကို ချေးယူခွင့်ရှိမည်ဖြစ်ကြောင်းသိရသည်။



ဂျပ်ကျေးရွာအုပ်စုရှိ တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ပုလဲမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဝန်ထမ်းများက ထုတ်ပေးနေစဉ်။

ပြီးခဲ့သော ဘဏ္ဍာနှစ်တွင် စိုက်ပျိုးစရိတ် ချေးငွေ ကျပ် ၆၁၈၁ ဒသမ ၇ သန်း ထုတ်ချေးခဲ့ရာ တောင်သူများအနေဖြင့် ပြန်လည်ပေးဆပ်ရန် ငွေကျပ် ၂၂၁၃ ဒသမ ၄၇ သန်းအထိ ကျန်ရှိနေသောကြောင့် ထုတ်ချေးငွေများထဲမှ ၆၄ ဒသမ ၁၉ ရာခိုင်နှုန်းသာ ပြန်လည်ရရှိခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယခင်နှစ်များက အခြားသီးနှံ တစ်ဧကလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် ထုတ်ချေးခဲ့ရာမှ ပြီးခဲ့သည့်နှစ်မှစကာ တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် တိုးမြှင့်ထုတ်ချေးပေးခဲ့သလို စပါးသီးနှံအတွက်လည်း တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်း၊ ချေးငွေပေးဆပ်ရန်ကျန်ရှိနေသော တောင်သူများအနေဖြင့် နိုင်ငံတော်၏ စေတနာထားဆောင်ရွက်ပေးမှုကို အသိအမှတ်ပြုပြီး စိုက်ပျိုးစရိတ် ချေးငွေများကို အမြန်ဆုံး ပြေကျေအောင် ပေးဆပ်ဖို့လိုကြောင်း ဘဏ်ခွဲမန်နေဂျာက ဆိုသည်။

ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၆ အုပ်စုမှ တောင်သူပေါင်း ၁၂၀၀၀ ၏ စပါးစိုက်ဧက ၃၁၀၀၀၊ နှမ်းဧက ၁၇၀၀၀၊ ပဲတီစိမ်း ဧက ၈၀၀၀၊ ပဲစင်းငုံ ဧက ၈၀၀၀ နှင့် အခြားသီးနှံမျိုးစုံ ၃၀၀ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်း ၆၃၀၀ ကို ဇွန်လမကုန်မီ အပြီးထုတ်ချေးပေးရန် လျာထားကြောင်း ပုလဲမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# ဝဥ များကို စီးပွားဖြစ်စိုက်လာ၍ ဝဥမျိုးစေ့ ဈေးကွက်ကောင်းလာ

**နေပြည်တော် မေ ၂၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့တွင် မိုးရာသီအတွင်း အလေ့ကျပေါက်လေ့ရှိသည့် ဝဥများကို စီးပွားဖြစ်စိုက်ပျိုးလာကြခြင်းကြောင့် အရည်အသွေးကောင်းမွန်သည့် ဝဥမျိုးစေ့များမှာ ဈေးနှုန်းမြင့်တက်လာပြီး ဈေးကွက်တစ်ရပ်အသွင် ဖြစ်လာကြောင်း ဝဥစိုက်သည့် တောင်သူများထံမှ သိရသည်။

"မိုးရာသီအစဖြစ်တဲ့ ဧပြီလလောက်က စပြီးတော့ တောင်ကြားတွေထဲ အလေ့ကျပေါက်လေ့ရှိတယ်၊ အခု ဝဥဈေးကွက်က လွန်ခဲ့တဲ့ နှစ်နှစ်အတွင်းရှိလာတော့ အရင်က တောင်ရိုးကြားထဲမှာပေါက်နေတဲ့ ဝဥပင်တွေကို စီးပွားဖြစ်စိုက်ခင်းအနေနဲ့ ပျိုးပြင်ပေးတာတွေ လုပ်လာကြသလို မြေလွတ်တွေမှာလည်း တိုးချဲ့စိုက်ဖို့ ပြင်ဆင်နေကြတော့ မျိုးဥအပိုင်းက အရေးကြီးလာတယ်၊ ဒါကြောင့် ဈေးကွက်ဝင် အနီရောင်ရှိတဲ့ မျိုးဥက ဈေးမြောက်လာတယ်၊ မျိုးချန်ထားတဲ့ တောင်သူတွေအတွက်တော့ ဈေးကောင်းရောင်းနေရတဲ့အချိန်လည်း ဖြစ်တယ်"ဟု ချင်းပြည်နယ် မင်းတပ်မြို့နယ်ရှိ ဝဥစိုက်တောင်သူ ဦးချန်ဆန်မန်းက ပြောသည်။

ဝဥစိုက်မည့် မြေနေရာကို တူးဆွထွန်ယက်ရန်လည်းမလိုဘဲ မျိုးပင်စိုက်မည့်နေရာတွင် စိုက်ကျင်းများဖော်ပြီး မြေထဲနှစ်မြှုပ်၍ စိုက်ပျိုးလိုက်ရုံသာဖြစ်ကာ ရေဝပ်သည့် နေရာဖြစ်ပါက ရေထုတ်မြောင်းသာ လုပ်ပေးရခြင်းကြောင့် စိုက်ပျိုးစရိတ်သက်သာကြောင်းလည်း တောင်သူများက ဆိုသည်။

"တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ဈေးကွက်ဖန်တီးလို့ရတဲ့ အမယ်လည်းဖြစ်တယ်၊ စီးပွားကူးသန်းကလည်း တန်ဖိုးမြှင့်ပစ္စည်းအဖြစ် တင်ပို့ခွင့်ပေးထားတယ်၊ ရှမ်းမြောက်နဲ့ ချင်းက ထွက်တဲ့ ဝဥက ပိုအရည်အသွေးရှိလို့ ပိုကြိုက်ကြတယ်၊ နောက် အနီရောင်ရှိတဲ့မျိုးဥက တစ်ပိဿာကို ကျပ်နှစ်သောင်းကနေ သုံးသောင်းကြား ရှိနေတယ်"ဟု ရှမ်းမြောက်ပိုင်း နောင်ချိုရှိ ဝဥစိုက်တောင်သူ ဦးဦးစိုင်းက ပြောသည်။

မြန်မာနိုင်ငံတွင် ဝဥသည် တော၊ တောင်များတွင် သဘာဝအလျောက် ပေါက်သလို စိုက်ပျိုးမှုအဖြစ် ရန်ကုန်၊ မန္တလေး၊ ကချင်၊ ရှမ်း(တောင်၊ မြောက်)၊ စစ်ကိုင်း၊ ဧရာဝတီတိုင်း၊ ပျဉ်းမနား၊ ဘားအံနှင့် စစ်တွေမြို့များတွင်လည်း စိုက်ပျိုးကြောင်း သိရသည်။ ဝဥများကို အပင်သက်တမ်းကုန်ဆုံးသည့် နိုဝင်ဘာလတွင် တူးဖော်ကာ ထိုအချိန်တွင် ဝဥတစ်လုံး၏အရွယ်သည် ငါးဆယ်သားမှ ငါးပိဿာအထိလည်း ရှိတတ်ကြောင်း၊ ဝဥများကို ခေါက်ဆွဲ၊ ကြာဆံ၊ အသားတု၊ ဂျယ်လီ၊ ပူတင်း၊ တော်ဖီ၊ သကြားလုံးများ ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုကြပြီး အာဟာရတန်ဖိုးအဖြစ် ကင်ဆာရောဂါ၊ အစာအိမ်ရောဂါ၊ သွေးတွင်းရောဂါများ၊ ဆီးချိုရောဂါများကို ဝဥစားသုံးခြင်းဖြင့် ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

ဝဥကို ပြည်ပတင်ပို့မှုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တန်ချိန် ၆၃၀၀ ကျော် (အမေရိကန်ဒေါ်လာ ၁၂ သန်းခန့်)၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၅၅၀၀ ကျော်(အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်)၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၂၀၀ ကျော်(အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော်)၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၃၀၀ ကျော်(အမေရိကန်ဒေါ်လာ သုံးသန်းခန့်)၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၀၀၀ ခန့်(အမေရိကန်ဒေါ်လာ သုံးသန်းခန့်)တင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**မြတ်သူ(AMIA)**

# ငဝန်မြစ်ကမ်းထိန်းသိမ်းရေး မြေထိန်းနံရံ တည်ဆောက်လျက်ရှိ

**သာပေါင်း မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်ကို ဖြတ်သန်းစီးဆင်းသွားသည့် ငဝန်မြစ်သည် မိုးရာသီကာလရောက်တိုင်း ရေတက်မှုကြောင့် မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံများမှာ ကမ်းပြိုမှုအပါအဝင် အခက်အခဲများစွာ ကြုံတွေ့နေကြသည့်အတွက် ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၃၅၀ ဖြင့် စက်ဒေါင့်ကြီးကျေးရွာအနီး၌ ကမ်းထိန်းလုပ်ငန်းအဖြစ် ဘိုးပိုင်ကျောက်စီမြေထိန်းနံရံများ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းခွင်သို့ တိုင်းဒေသကြီး လျှပ်စစ် စက်မှုလက်မှုနှင့် စွမ်းအင်ဝန်ကြီး ဦးဝင်းမြွေနှင့်အတူ တိုင်းဒေသကြီး ရေအရင်းမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးလှမိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မိုးဝါ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် တာဝန်ရှိသူများက မေ ၁၉ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဒေသခံ ရွာသူ ရွာသားများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

လက်ရှိ ဘိုးပိုင်ကျောက်စီမြေထိန်းနံရံများ တည်ဆောက်လျက်ရှိသည့် မြစ်ကြောင်းထိန်းလုပ်ငန်းမှာ အရှည် ၃၇၅ ပေဖြစ်ပြီး နှစ်စဉ် ဘတ်ဂျက်ရန်ပုံငွေရရှိကာ အခြားသော ဆက်စပ်နေရာများကိုပါ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုလျှင် ဒေသတွင်းရှိ ကျေးရွာများကို နှစ်စဉ် ရေကြီးရေလျှံမှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)တွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးဝါးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များနှင့် ဆေးရုံသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာ ပုံစံရောင်းချမည့်ရက်** - ၂၁-၅-၂၀၁၈ ရက်(တနင်္လာနေ့) နံနက် ၉း၀၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၆-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)**
**ရန်ကုန်-ပြည်လမ်း၊ ကျိုက္ကလို့ဘုရားအနီး၊ မင်္ဂလာဒုံမြို့နယ်၊**
**ဖုန်း-၀၁-၆၃၅၂၉၉၊ ၆၃၇၅၄၁**

## မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (၂၀၁၆-၂၀၁၇)ခုနှစ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးအခမ်းအနား ဖိတ်ကြားလွှာ

မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးအား ၂၀၁၈ ခုနှစ် ဇွန် ၅ ရက် နံနက် ၉း၀၀နာရီတွင် Dolphin စားသောက်ဆိုင်(ကန်တော်ကြီး)တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အဆိုပါ အစည်းအဝေးသို့ အသင်းဝင်များအားလုံးစုံညီစွာ တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးမန်းသိန်းအောင် ၃/ဘသဆ(နိုင်)၀၁၆၇၅၆ ၏ Passport No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မော်လမြိုင်ခရိုင်တရားရုံးတော်
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၇၆

| | | |
|---|---|---|
| ဒေါ်အမီနာ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမောင်ဝင်း) | နှင့် | ၁။ မာမာနီ |
| | | ၂။ ဦးအာလမ် |
| | | ၃။ ဒေါ်နော်ဂျမ်းဘီ |
| | | ၄။ ဦးဟာစံ |
| | | ၅။ ဦးဟာစင်း |
| | | ၆။ ဦးရှမ်မင်း |
| | | ၇။ ဦးဟူစိန် |
| | | ၈။ ဒေါ်အရှာဘီ |
| | | ၉။ ဦးဂိုပြား(ခ)ဦးရဖီ |
| | | ၁၀။ ဦးဆူလတန် |
| | | ၁၁။ ဦးဟာရွန်(ဘ)ဦးမာဆင်မြား |
| | | ၁၂။ ဦးဟာရွန်(ဘ)ဦးဘာဘူ |
| | | ၁၃။ ဦးကမာ |
| | | ၁၄။ ဦးအဗဒူဂျဘာ |
| | | ၁၅။ ဦးဆာဖာအာမက် |
| | | ၁၆။ ဦးဂျလာလ် |
| | | ၁၇။ ဦးဇာဖူးအာမက် |
| | | ၁၈။ ဒေါ်ဟလီမာဘီ |
| | | ၁၉။ ဒေါ်ဖာတမာဘီ |
| | | ၂၀။ ဒေါ်ပတန်နီ |
| | | ၂၁။ ဒေါ်ချိုချိုမာ |
| | | ၂၂။ ဦးအရွတ် |
| | | ၂၃။ ဦးရှကန်မွတ် |
| | | ၂၄။ ဦးအာချစ်ခန် |
| | | ၂၅။ ဒေါ်ရာစမင်း |
| | | ၂၆။ ဒေါ်ချက်ပု |
| **တရားလို** | | **တရားပြိုင်များ** |

ကျိုက်မရောမြို့နယ်၊ ရေတွင်းကုန်းကျေးရွာ၊ အမှတ် (၁၇၂)နေ ဦးဟာစံ၊ ဦးဟာစင်း၊ ဦးရှမ်မင်း၊ ဦးဟူစိန်၊ ဒေါ်အရှာဘီ(ယခုနေရပ်လိပ်စာမသိ)နှင့် ကျိုက်မရောမြို့နယ်၊ ရေတွင်းကုန်း ကျေးရွာနေ ဦးကမာ၊ ဦးဇာဖူးအာမက်၊ ဒေါ်ချိုချိုမာ၊ ဦးအရွတ်၊ ဦးရှကန်မွတ်၊ ဦးအာချစ်ခန်၊ ဒေါ်ရာစမင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ ဒေါ်အမီနာ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမောင်ဝင်း)က အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုကို လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဇွန် ၁၈ ရက် (၁၃၈၀ပြည့်နှစ် ပထမဝါဆိုလဆန်း ၆ရက်) မွန်းတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် မေ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်စိုးညွန့်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ကုသရေးဦးစီးဌာန
## မွန်ပြည်နယ်မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးရုံတက်ရောက်ကုသသော လူနာများအတွက် FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၁။ **လျှောက်လွှာများရောင်းချမည့်ရက်** - ၂၁-၅-၂၀၁၈ရက် (တနင်္လာနေ့)

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၆-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄း၃၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်း အသေးစိတ် သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**အထွေထွေရောဂါကုဆေးရုံကြီး မော်လမြိုင်မြို့**
**ဖုန်း-၀၅၇-၂၄၈၃၉၊ ၀၅၇-၂၇၀၄၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
### တောင်ကြီးခရိုင်တရားရုံး
### ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၂၁

| | | |
|---|---|---|
| ဒေါ်တိုး (၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူ ဦးတင်မောင်ဝင်း) | နှင့် | ဒေါ်စန်းစန်းဝေ |
| **တရားလို** | | **တရားပြိုင်** |

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အိမ်အမှတ် ၁၃၄၊ အမှတ်(၄)ရပ်ကွက်နေ ဒေါ်စန်းစန်းဝေ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မှတ်ပုံတင်အိမ်မြေအရောင်းအဝယ်စာချုပ် ပြုလုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် မေ ၂၉ရက် (၁၃၈၀ပြည့်နှစ် နယုန်လပြည့်နေ့) နံနက် ၁၀နာရီတွင် တရားလို၏စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် မေ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်တင်မော်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**တောင်ကြီးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ကျောက်ဖြူခရိုင်တရားရုံး
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂

| | | |
|---|---|---|
| ၁။ ဒေါ်နု(ခ)ဒေါ်နုနု | နှင့် | ၁။ မခင်အုန်းကြည် |
| ၂။ ဒေါ်ငွေခင်ဦး | | ၂။ ဦးမောင်အုန်းခင် |
| ၃။ ဦးသိန်းထွန်း(ကိုယ်တိုင်နှင့်(၁)(၂) တရားလိုတို့၏ အခွင့်ရကိုယ်စားလှယ်) | | ၃။ ဦးလှမောင်ကြီး |
| | | ၄။ ဦးလှမောင်ချေ |
| ၄။ ဒေါ်ခင်သိန်း | | ၅။ ဦးညီထွေး |
| ၅။ မအောင်သိန်း(ခ)သိန်းသိန်းစိုး | | ၆။ မအေးအေးသန်း |
| | | ၇။ ဦးမောင်မြင့် |
